BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၇၂) ခရစ်နှစ် ၂၀၀၆ ခုနှစ်၊ ဧပြီလ | မြန်မာသက္ကရာဇ် (၁၃၆၇-၆၈) | ( ၁၅-၁-၉၉ ) ရက်နေ့တွင်စတင်တည်ထောင်သည်။

## ခေါင်းအေးအေးဖြင့် သတိကြီးကြီးထားပြီးရင်ဆိုင်မည် ဥပဒေမဲ့စက်ဝန်းထဲကို မလိုက်ဟု မင်းကိုနိုင်ကရှင်းပြ



မကြာသေးမီလများကစ၍ (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များကို အမည်မသိလူရမ်းကားများ၏ ရန်စမှုများနှင့် အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေမျိုးဖြစ်အောင်ဖန်တီးမှုများအပေါ် ခေါင်းငုံ့ခံမည်မဟုတ်ဟု ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်က ပြောကြားလိုက်သည်။

မတ်လ (၁၉) ရက်နေ့က ကလေးမြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းဝင်း၏ ဈာပနသို့ မိသားစုနှင့်အတူသွားရောက်ခဲ့သော ကျောင်းသားခေါင်းဆောင်မင်းကိုနိုင်ကို လူစိမ်းတဦးက အန္တရာယ်ပေးရန်ကြိုးစားခဲ့ပြီး ထိုနေ့ ညနေတွင်ပင် မန္တလေးမြို့က ကျောင်းသားခေါင်းဆောင် ကိုမြအေး၏ကားနောက်မှ နံပါတ်ပြားတပ်မထားသောကားတစီးက အနှောင့်အယှက်ပေးပိတ်ဆို့ကြောင်း သတင်းများကဆိုသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ကိုမင်းကိုနိုင်က "အရေးကြီးတာက ကျနော်တို့ အင်မတန်သတိရှိရှိထားရမယ့် အနေအထားရောက်နေပြီလို့အရင်ဆုံးပြောချင်တယ်။ ဘယ်သူဘယ်လိုပဲရန်စပါစေ။ သွေးပူအောင်၊ သွေးဆူအောင်ဖန်တီးပါစေ၊ ကျနော်တို့ လိုက်ပြီးတော့ ဆူလို့မရဘူး။ ကျနော်တို့ ခေါင်းအေးအေးနဲ့ အမြော်အမြင်သတိကြီးကြီးထားပြီးတော့ အရာရာရင်ဆိုင်ရလိမ့်မယ်။ ကျနော်တို့ လမ်းကြောင်းပြောင်းသွားလို့လည်းမရဘူး။ ကျနော်တို့က အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုပြီးတော့ ဦးတည်ပြီးတော့ ကျနော်တို့အလုပ်လုပ်နေကြရတယ်။ အဲ့ဒီတော့ ဒီလိုနဲ့ပဲ ကျနော်တို့ဟာ အခြေအနေအရပ်ရပ်တိုင်းမှာ မတရားမှုတွေ၊ အနိုင်ကျင့်မှုတွေကို ခေါင်းငုံ့ခံတော့မှာလားဆိုတဲ့မေးခွန်းကို ဖြေစရာရှိတယ်။ မဟုတ်ပါဘူး။ မတရားမှုမှန်ရင်တော့ ကျနော်တို့က တရားမှုဖြစ်အောင် ကျနော်တို့ဖော်ထုတ်ရမှာပဲ။ ဥပဒေမဲ့၊ တရားမဲ့ဖြစ်နေတာတွေ အဲ့ဒီလိုအဖြစ်အပျက်မျိုးတွေ၊ ရန်ဆောင်တဲ့အပြုအမူတွေကို ကျနော်တို့ လက်တုံ့မပြန်မိဖို့တော့ အင်မတန်အရေးကြီးတယ်။ ဘယ်လိုပဲရန်စပါစေ။ ဘယ်လိုပဲ တိုက်တွန်းပါစေ၊ ကျနော်တို့က သတိကြီးကြီးထားတဲ့ဖြေရှင်းမှုမျိုး ခေါင်းအေးအေးနဲ့ရင်ဆိုင်ဖို့ အရေးကြီးနေပါပြီ။ ဥပဒေမဲ့ စက်ဝိုင်းထဲကို ကျနော်တို့ ကျုံးလိုက်မသွားဖို့ အင်မတန်အရေးကြီးပါတယ်။ ကျနော်တို့ ဥပဒေကိုပဲ အကာအကွယ်ယူရမယ်။ ဥပဒေကိုပဲ တည့်တည့်ရင်ဆိုင်ဖြေရှင်းဖို့ အရေးကြီးနေပါပြီ။ တရားမျှတမှုကို ကျနော်တို့က ဖော်ထုတ်ဖို့ အရေးတကြီးလိုအပ်နေပါပြီ" ဟု ကျောင်းသားထုကို ပန်ကြားလိုက်သည်။

❖

## သတင်းသမားနှစ်ဦးကို ပျဉ်းမနားတရားရုံးက ထောင်ဒဏ် (၃) နှစ်ချမှတ်

လွန်ခဲ့သော ဒီဇင်ဘာလက ပျဉ်းမနား - ကြတ်ပြေး ဘတ်စ်ကားပေါ်တွင် ဗွီဒီယိုနှင့်ဓာတ်ပုံရိုက်မိသော ရန်ကုန်မှ သတင်းသမားနှစ်ဦးကို ပျဉ်းမနားတရားရုံးက မတ်လ (၂၄) ရက်နေ့တွင် ထောင်ဒဏ် (၃) နှစ်စီ အပြစ်ပေးလိုက်သည်။

ထောင်ဒဏ်အပြစ်ပေးခံရသော သတင်းသမားနှစ်ဦးမှာ ဓမ္မရိပ်မဂ္ဂဇင်းမှ ပင်တိုင်ဆောင်းပါးရှင် စာရေးဆရာမိုးထွန်း (ဦးကျော်တင့်) နှင့် အလွတ်တမ်းဓာတ်ပုံသတင်းထောက် သာချို (ဟသ်ာတ) (အမည်ရင်း ဦးသောင်းစိန်) တို့ဖြစ်ကြသည်။

၎င်းတို့နှစ်ဦးကို ဗီဒီယိုလိုင်စင်မရှိဘဲ စီးပွားဖြစ်လုပ်ကိုင်သူများကို အရေးယူအပြစ်ပေးသော ပုဒ်မ (၃၂-က) ဖြင့် အပြစ်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါသတင်းသမားနှစ်ဦးက ပျဉ်းမနား - ကြပ်ပြေးကားလမ်းတွင် တော်ဝင်ဘတ်စ်ကားပေါ်မှ လမ်းဘေးဝဲယာတလျှောက်ရှိ ရှုခင်းများကို ဓာတ်ပုံရိုက်ခဲ့သည်မှာ မှန်ကန်ကြောင်း၊ ယင်းဓာတ်ပုံများကို မိသားစုများအား ပြသရန်အတွက်သာ ရည်ရွယ်ခဲ့ခြင်းဖြစ်ကြောင်း တရားခွင်တွင် ထွက်ဆိုခဲ့သည်။

ပျဉ်းမနား-ကြပ်ပြေးဒေသတွင် ဓါတ်ပုံမရိုက်ရဟု တားမြစ်ထားခြင်းမရှိသော်လည်း ယခုကဲ့သို့ ဓာတ်ပုံရိုက်ကူးသူနှစ်ဦးကို အပြစ်ပေးအရေးယူခြင်းသည် အပြင်းထန်ဆုံးနှင့် စံပြအနေဖြင့် ပထမဆုံးဖြစ်ကြောင်း၊ ယခုအမှုကို ရမည်းသင်းခရိုင်တရားရုံးသို့ ဆက်လက် အယူခံတင်သွင်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုကိစ္စနှင့်ပတ်သက်၍ မြန်မာ့သတင်းသမဂ္ဂနှင့် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့တို့၏ မတ်လ (၃၀) ရက်နေ့ ပူးတွဲကြေညာချက်တွင် 'လမ်းပေါ်တွင် ဓာတ်ပုံရိုက်ရုံမျှနှင့် ဖမ်းဆီးထောင်ချသည့် နအဖ၏လုပ်ရပ်သည် အရှက်သိက္ခာမဲ့သော လုပ်ရပ်'အဖြစ် ရှုတ်ချလိုက်သည်။

❖

## အာဆီယံကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မရ

ဒီမိုကရေစီတိုးတက်မှုအခြေအနေများကို စုံစမ်းစစ်ဆေးရန် မြန်မာနိုင်ငံသို့လာရောက်သော အာဆီယံကိုယ်စားလှယ် မစ္စတာဆစ်ဟာမဒ်အယ်လ်ဘာသည် နအဖဝန်ကြီးချုပ်နှင့်တွေ့ဆုံအပြီးတွင် သူ၏ခရီးစဉ်ကို ရုတ်တရက်ရပ်သိမ်းသွားသည်။



မစ္စတာ ဆစ်ဟာမဒ်အယ်လ်ဘာ

မြန်မာနိုင်ငံ၌ မတ်လ (၂၅)ရက်နေ့အထိနေထိုင်ရန်ယခင်က စီစဉ်ထားခဲ့သော်လည်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာအယ်လ်ဘာသည် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်စိုးဝင်းနှင့် မိနစ် (၂၀) ကြာ တွေ့ဆုံအပြီး မတ်လ (၂၄) ရက်နေ့ ညနေက လေဆိပ်သို့ ရုတ်တရက်ထွက်ခွာသွားသဖြင့် ရန်ကုန်သံတမန်များနှင့် နိုင်ငံရေးအသိုင်းအဝိုင်းက တအံ့တဩဖြစ်နေကြသည်။

မစ္စတာအယ်လ်ဘာကသူ၏ ခရီးစဉ်အတွင်း နေအိမ်အကျယ်ချုပ်ကျခံ နေရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်တောင်းခဲ့သော်လည်း နအဖဘက်က ထိုကိစ္စကို ခွင့်မပြုခဲ့ပေ။

"သူတို့အဓိကအကြောင်းပြတာက ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်နဲ့ထိန်းသိမ်းထားတဲ့အတွက် ဘယ်သူနဲ့မှ တွေ့ခွင့်မပေးဘူးဆိုတာပဲ"ဟု မစ္စတာအယ်လ်ဘာက ကျိုတိုသတင်းဌာနသို့ မတ်လ (၂၅)နေ့က ပြောကြားခဲ့သည်။

ယမန်နှစ် ဒီဇင်ဘာလက ပြုလုပ်သော အာဆီယံထိပ်သီးဆွေးနွေးပွဲတွင် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော အာဆီယံကိုယ်စားလှယ်အဖွဲ့ကို ယခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံသို့စေလွှတ်ရန် သဘောတူခဲ့သော်လည်း နအဖသည် မြို့တော်အပြောင်းအရွှေ့ကိစ္စကိုအကြောင်းပြ၍ ခရီးစဉ်ကို မတ်လ (၂၃) ရက်နေ့အထိ ရွှေ့ဆိုင်းခဲ့သည်။

ရန်ကုန်မှ အမည်မဖော်လိုသူ သံတမန်တဦးက "သူပြန်သွားပါပြီ၊ ကျနော်တို့သိသလောက် ဝန်ကြီးချုပ်စိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီး ဉာဏ်ဝင်းတို့နဲ့ တွေ့သွားတယ်။ ဒေါ်အောင်ဆန်းကြည်နဲ့တော့ တွေ့မသွားဘူး။ သူလည်း နအဖကို စိတ်ပျက်သွားပုံရပါတယ်" ဟု အေအက်ဖ်ပီသို့ပြောသည်။

နအဖက (၂) နှစ်ကျော်ကြာအောင် ပြည်ဝင်ခွင့်ပိတ်ပင်ထားသဖြင့် မြန်မာနိုင်ငံ၏ အခြေအနေမှန်ကို စုံစမ်းခွင့်မရသော

စာမျက်နှာ (၁၉) ကော်လံ (၁) သို့ ...

မင်းဆိုးကို မိုးကြိုး ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# ဓမ္မဝါဒီတို့၏ အောင်ပွဲ

ဧပြီလ (၂) ရက်နေ့က အဓိက အတိုက်အခံနိုင်ငံရေးပါတီကြီးများမပါဝင်သော ထိုင်းနိုင်ငံအထွေထွေရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်ထရာ၏ပါတီသည် မဲဆန္ဒနယ် (၄၀၀) အနက် မဲဆန္ဒနယ် (၃၉) နယ်တွင် (၂၀) ရာခိုင်နှုန်းကျော် ထောက်ခံမှုမရရှိသဖြင့် ထိုင်းနိုင်ငံအခြေခံဥပဒေအရ ပါလီမန်ခေါ်ယူရန်အခက်အခဲကို ကြုံတွေ့နေရသည်။ ယင်းမဲဆန္ဒနယ်များ၌ ရက်ပေါင်း (၃၀) အတွင်း ရွေးကောက်ပွဲပြန်လုပ်ရန်ရှိသော်လည်း လွှတ်တော်အမတ်ပေါ်ပေါက်လာရေးမှာမသေချာပေ။ ပါလီမန်မခေါ်နိုင်သဖြင့် အစိုးရအဖွဲ့မဖွဲ့စည်းနိုင်သောကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲဂယက်များမှာ ဆိုးဆိုးရွားရွား အကျိုးသက်ရောက်မှုရှိလာမည်ဖြစ်သည်။ တပြိုင်တည်းမှာပင် ထိုင်းဘုရင်မင်းမြတ်၏နန်းသက် (၆၀) ပြည့် အခါသမယနှင့်လည်း တိုက်ဆိုင်လျက်ရှိသည်။

မစ္စတာသက်ဆင်နှုတ်ထွက်ပေးရန် တောင်းဆိုမှုဖြင့် ကြာရှည်လေးမြင့်စွာပြုလုပ်နေသော လူထုဆန္ဒပြပွဲများ၏ဂယက်ကြောင့် ထိုင်းနိုင်ငံရေးမတည်မငြိမ်ဖြစ်ကာ စီးပွားရေးကျဆင်းလာသည်။ အထူးသဖြင့် ခရီးသွားလုပ်ငန်းကိုဆိုးဆိုးရွားရွားထိခိုက်လာသည်။ ရွေးကောက်ပွဲကျင်းပခြင်းဖြင့် ယခုဖြစ်ပွားနေဆဲပဋိပက္ခတို့ကို ပြေလည်အောင်ဖြေရှင်းရန် ကြိုးပမ်းမှုမှာလည်း (တပြည်လုံးအတိုင်းအတာဖြင့် သက်ဆင်မှာ (၅၀) ရာခိုင်နှုန်းကျော် အနိုင်ရသော်လည်း) အောင်မြင်မှုမရနိုင်ပေ။ အမျိုးသားစည်းလုံးညီညွတ်ရေးမှာလည်း အတိုက်အခံ နိုင်ငံရေးပါတီကြီးများ၏ သပိတ်မှောက်ဆန့်ကျင်မှုကြောင့်ပြိုကွဲနေသည်။ အတိုက်အခံတို့ကလည်း သက်ဆင်နှုတ်ထွက်ပေးပါက ရွေးကောက်ပွဲပြန်ဝင်မည်ဟုဆိုသည်။ သို့ပါ၍ ထိုင်းနိုင်ငံ၏ကံကြမ္မာသည် သက်ဆင်နှုတ်ထွက်၊ မထွက်အပေါ်တွင် မူတည်နေသည်။

ဤသို့သော တိုင်းပြည်၏ကံကြမ္မာကို ဖန်တီးနိုင်သည့် အကျပ်အတည်းအခြေအနေတွင် မစ္စတာသက်ဆင်က မည်သည့်လမ်းကြောင်းကိုရွေးချယ်လိုက်ပါသနည်း။ အမှန်ကိုဆိုလျှင် သည်တကြိမ်ဝန်ကြီးချုပ်ပြန်ဖြစ်နိုင်သော အလားအလာမှာ သူ့တွင်အပြည့်အဝရှိပါသည်။ သို့သော် ကြာမည်။ ဖွဲ့စည်းပုံနည်းလမ်းအရ ရွေးရှုချဉ်းကပ်ပါက ဖြစ်ပွားနေသောပဋိပက္ခသည် ပို၍ဆိုးရွားလာကာ တိုင်းပြည်နစ်နာမည်ကို ထိုင်းနိုင်ငံရေးခေါင်းဆောင်များက သတိမူမိသည်။ သို့ပါ၍ ထိုင်းဘုရင်မင်းမြတ်နှင့် တွေ့ဆုံအပြီးတွင် ဧပြီလ (၄) ရက်နေ့၌ ထိုင်းဝန်ကြီးချုပ်မစ္စတာသက်ဆင်က ဝန်ကြီးချုပ်ရာထူးကို လက်မခံတော့ဟု ကြေညာခဲ့သည်။ မျက်ရည်ယိုစီး၍ စိတ်နှလုံးထိခိုက်နေသောသက်ဆင်သည် ရာထူးအာဏာထက် တိုင်းပြည်နှင့်လူမျိုးအကျိုးစီးပွားကိုလိုလားသူ ခေါင်းဆောင်ဖြစ်ကြောင်းအလုပ်ဖြင့် သက်သေပြခဲ့သည်။ ရွေးကောက်ပွဲ နောက်ပိုင်းထွက်ပေါ်လာသောသတင်းများအရ ရွေးကောက်ပွဲရလဒ်အပေါ် ပြဿနာအများအပြားရှိနေကြောင်းသိရှိရသည်။ ထိုင်းနိုင်ငံအရေး စိတ်ဝင်စားသူတချို့၏အဆိုအရ ရွေးကောက်ပွဲရလဒ် ပျက်ပြယ်မည့်အခြေအနေသို့ပင်ရောက်ရှိကောင်းရောက်ရှိဖွယ်ရှိသည်ဟုဆိုသည်။ မဲပြားလိမ်မှုအများအပြားရှိနေသည့်အပြင် မသမာမှုများကို တိုင်တန်းခဲ့မှုအမြောက်အမြားရှိသည်ဟုဆိုသည်။ အဆိုးဆုံးမှာ ဒီမိုကရေစီရွေးကောက်ပွဲတရပ်၏ မရှိမဖြစ်လိုအပ်ချက်ဖြစ်သော လျှို့ဝှက်မဲပေးပိုင်ခွင့်ကို ထိခိုက်စေသည့်လုပ်ဆောင်မှုများဖြစ်ပေါ်ခဲ့ရခြင်းပင်ဖြစ်သည်။ မည်သို့ဖြစ်စေ ဒီမိုကရေစီဖြစ်ထွန်းရေးအတွက်ကြိုးပမ်းမှုကား ချီးကျူးဖွယ်ဖြစ်သည်။ ထိုင်းဘုရင်မင်းမြတ်၏ ပြည်သူတို့ကို ကျောသားရင်သားမခြားဂရုတစိုက်စောင့်ရှောက်မှုများကလည်း ထိုင်းလူ့အဖွဲ့အစည်းအား လမ်းမှားသို့မရောက်အောင်တည့်မတ်ပေးနေသည်။ အထူးသဖြင့် ထိုင်းဘုရင့် တပ်မတော်သည် ဒီမိုကရေစီနှင့်ပြည်သူလူထုအခွင့်အရေးကို စောင့်ရှောက်သောဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်သောပြည်သူ့တပ်မတော်ဖြစ်လာသည်။ ထိုင်းပြည်သူတို့၏ ဒီမိုကရေစီရေးကြိုးပမ်းမှုသည် နှေးကွေးကောင်းနှေးကွေးမည်ဖြစ်သော်လည်း မှန်ကန်သောလမ်းကြောင်းပေါ်တွင် ဦးတည်ချက်ဆီသို့ အရှိန်အဟုန်ဖြင့်ရွေ့လျားလျက်ရှိသည်။ ထိုင်းပြည်သူတို့ကံကောင်းလေစွ။ မင်းကောင်းမင်းမြတ်နှင့်ကြုံရသည်။ ပြည်သူကိုငဲ့သော မင်းကောင်းမင်းမြတ်နှင့်ကြုံရသည်။ လူဖြစ်ရကျိုးတော်ပါပေသည်ဟု မုဒိတာပွားရပေသည်။

❖

# အင်္ဂလန်နိုင်ငံက ဒေါ်အောင်ဆန်းစုကြည်အား လွတ်မြောက်ရေးဆုချီးမြှင့်

အင်္ဂလန်နိုင်ငံ ရှက်ဖီးလ်မြို့တော်ကောင်စီက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မြို့တော်၏ အမြင့်ဆုံးဂုဏ်ထူးဆောင် လွတ်မြောက်ရေးဆုကို ချီးမြှင့်လိုက်ကြောင်း သိရှိရသည်။

ဆုပေးပွဲအခမ်းအနားကို နိုင်ငံတကာအမျိုးသမီးများနေ့ဖြစ်သော မတ်လ (၈) ရက်နေ့တွင် ကျင်းပခဲ့ပြီး၊ အခမ်းအနားသို့ မြန်မာနိုင်ငံသား (၁၀၀) အပါအဝင်၊ စုစုပေါင်း ပရိသတ် (၃၀၀) ကျော် တက်ရောက်ခဲ့သည်။

ရှက်ဖီးလ်မြို့တော်ကောင်စီ အရာရှိချုပ် ဆာဘော့ပ်ကားစလိတ်နှင့် ရှက်ဖီးလ်မြို့တော်ဝန် ရော်ဂျာဒေဗစ်ဆင်တို့က ပူးတွဲချီးမြှင့်ခဲ့ပြီး အကျယ်ချုပ်ကျခံနေရသော ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား သူမ၏ ကွယ်လွန်သူခင်ပွန်း မိုက်ကယ်လ်အဲရစ်၏အစ်ကိုတော်သူ အန်ထော်နီအဲရစ်စ်က လက်ခံရယူခဲ့သည်။



မြန်မာ့ဒီမိုကရေစီခေါင်းဆောင်
ဒေါ်အောင်ဆန်းစုကြည်

ရှက်ဖီးလ်မြို့တော်ဝန်က ချီးမြှင့်သောဆုကို ယခင်ကလည်း ကမ္ဘာတဝှမ်းက လွတ်လပ်ရေးနှင့်တရားမျှတရေးအတွက် ကြိုးပမ်းဆောင်ရွက်သူ (၇၄) ယောက်ကို ချီးမြှင့်ခဲ့ပြီး ဆုလက်ခံရရှိဖူးသူများတွင် ဗြိတိန်ဝန်ကြီးချုပ် ဝင်စတန်ချာချီနှင့် တောင်အာဖရိကသမတဟောင်း နယ်လ်ဆင်မင်ဒယ်လားတို့လည်း ပါဝင်ခဲ့သည်။

အလားတူ အမေရိကန်နိုင်ငံ ရစဗွဲအင်စတီကျူကလည်း အကြောက်တရားမှ လွတ်လပ်ခြင်းဆုကိုချီးမြှင့်ရန် ဒေါ်အောင်ဆန်းစုကြည်ကို ရွေးချယ်လိုက်ပြီး ဆုပေးပွဲအခမ်းအနားကို မေလ (၁၃) ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

ဆုချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ထုတ်ပြန်သော ရစဗွဲအင်စတီကျူ၏ ကြေညာချက်တွင် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာပြည်သူများအတွက် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ဒီမိုကရေစီအခွင့်အရေးတွေအတွက် မျှော်လင့်ချက်ကို ရှင်သန်နေအောင် ထိန်းသိမ်းထားနိုင်ပြီး စစ်အာဏာရှင်စနစ်ကို မဆုတ်မနစ်ဆန့်ကျင်နေသော ရဲစွမ်းသတ္တိရှိမှုကြောင့် အကြောက်တရားမှလွတ်လပ်ခြင်းဆုကို ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

❖

# အဲန်အယ်လ်ဒီကမ်းလှမ်းချက်ကို နအဖသတင်းစာကတုံ့ပြန်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်ထောင်စုနေ့ကမ်းလှမ်းချက်သည် စစ်တပ်ကို စစ်တန်းလျားသို့မြန်မြန်ပြန်ပို့ရန် ကြိုးပမ်းချက်သာဖြစ်သဖြင့် လက်မခံနိုင်ကြောင်း နအဖအာဘော်သတင်းစာက မတ်လ (၂၉) ရက်နေ့က တုံ့ပြန်လိုက်သည်။

မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြသော ကျော်မြင့်နိုင်၏ "ပျော့ပျောင်းမှုလား၊ လှည့်စားမှုလား" ဆောင်းပါးတွင် ဆောင်းပါးရှင်က ကြေညာချက်သည် အဲန်အယ်လ်ဒီ၏ ယခင်တောင်းဆိုချက်ဖြစ်သော ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို အသွင်တမျိုးဖြင့်တောင်းဆိုခြင်းသာဖြစ်ပြီး၊ အနာဂတ်တွင် စစ်တပ်ကို နိုင်ငံရေးတွင် ဦးဆောင်မှုမပြုနိုင်ရန် လှည့်စားခြင်းဖြစ်သဖြင့် ဆန်းစစ်သင့်သည်ဟုဆိုသည်။

ထို့အပြင် (၁၉၉၀) ရွေးကောက်ပွဲရလဒ်ကို ဖွဲ့စည်းအုပ်ချုပ်ပုံမရှိဘဲ အာဏာလွှဲပေးရေးတောင်းဆိုချက် ဖြစ်သဖြင့်လက်ခံနိုင်ဖွယ်မရှိဟု ဆောင်းပါးရှင်ကဆိုသည်။

ဝေဖန်သူများက ယခုဆောင်းပါးသည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို အချိန်ယူတည်ဆောက်ရန်ဆိုသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မတ်လ (၂၇) ရက်နေ့ အာဘော်နှင့် တိုက်ဆိုင်နေသည်ဟု သုံးသပ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဆောင်းပါးသည် ဆောင်းပါးရှင်တဦး၏ အာဘော်အဖြစ် ယူဆသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြီးခဲ့သည့် ပြည်ထောင်စုနေ့က ပြည်သူ့လွှတ်တော်ခေါ်ယူပေးရန် တောင်းဆိုခဲ့ပြီး ယင်းသို့ဆောင်ရွက်လျှင် တရားမဝင်သော နအဖကို တရားဝင်ကြားဖြတ်အစိုးရအဖြစ် အသိအမှတ်ပြုပေးမည်ဟု ကမ်းလှမ်းခဲ့သည်။

၎င်းကမ်းလှမ်းချက်ကို လာမည့် မြန်မာနှစ်သစ်ကူး (ဧပြီလ ၁၇) ရက်နေ့ အမီ တုံ့ပြန်ရန်လည်း နအဖကို တောင်းဆိုထားသည်။

❖



# တော်လှန်ရေးနေ့ အခမ်းအနားတွင် 'အောင်ဆန်းစစ်ကြောင်း' ဖြုတ်ပစ်

## ဗိုလ်ချုပ်အောင်ဆန်း၏ အခန်းကဏ္ဍပယ်ရှား




ပျဉ်းမနား ကြပ်ပြေးတွင် ကျင်းပသော (၆၁) နှစ်မြောက် တော်လှန်ရေးနေ့အခမ်းနား စစ်ရေးပြမြင်ကွင်း

ပျဉ်းမနား ကြပ်ပြေးတွင် မတ်လ (၂၇) ရက်နေ့က ကျင်းပသော '(၆၁) နှစ်မြောက် တပ်မတော်နေ့အခမ်းအနား' စစ်ရေးပြ စစ်ကြောင်းများတွင် အောင်ဆန်းစစ်ကြောင်းကို ဖြုတ်ပစ်လိုက်ကြောင်းသိရှိရသည်။

ယမန်နှစ်က တော်လှန်ရေးနေ့အခမ်းအနား စစ်ရေးပြစစ်ကြောင်းများတွင် မီးသတ်၊ ကြက်ခြေနီများကို အောင်ဆန်းစစ်ကြောင်းအဖြစ် မဖြစ်မနေ ချီတက်ခိုင်းခဲ့သော်လည်း ယခုနှစ်တွင် အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အောင်ဇေယျ၊ ဆင်ဖြူဆင်၊ ဗန္ဓုလ၊ မြဝတီစစ်ကြောင်း အမည်များသာပါဝင်ပြီး အောင်ဆန်းစစ်ကြောင်းကို လုံးဝဖြုတ်ပစ်လိုက်သည်။

ပြည်ပအခြေစိုက် နိုင်ငံရေးသုံးသပ်သူ တဦးက ယင်းလုပ်ရပ်သည် 'ဗိုလ်သန်းရွှေအုပ်စုက ဗိုလ်ချုပ်အောင်ဆန်းအစဉ်အလာ၊ ရဲဘော်သုံးကျိပ်အစဉ်အလာ၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးအစဉ်အလာများမှ လမ်းခွဲလိုက်ပြီဆိုတာ' အထင်အရှားပြသလိုက်ခြင်း ဖြစ်ကြောင်းပြောသည်။

ဖက်ဆစ်ဂျပန်ကို တမျိုးသားလုံး စတင်တွန်းလှန်နိုင်ခြင်း (၆၁) နှစ်ပြည့်အခမ်းအနားကို ကြပ်ပြေးမြို့တော်သစ်တွင် ပထမဆုံး ကျင်းပခဲ့ပြီး၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာဘုရင် (၃) ဦး၏ ရွှေရောင်ရုပ်တုများကို မျက်နှာမူ၍ 'ငါ့တို့တပ်မတော်ဟာ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား ဦးအောင်ဇေယျမှ ဆင်းသက်လာသောတပ်မတော်ဖြစ်တယ်'ဟု မိန့်ခွန်းပြောကြားခဲ့သည်။

နိုင်ငံရေးလေ့လာသူ တူမောင်ညိုက ယင်းလုပ်ရပ်သည် 'ကိုယ့်ကိုကိုယ် ဘာအစဉ်အလာမှ ဖြစ်ဖြစ်မြောက်မြောက် ထူထောင်ထားနိုင်ခြင်းမရှိသော သန်းရွှေအုပ်စုသည်' ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်၏ ကောင်းမွေကို မဆက်ခံလိုသဖြင့် တပ်မတော်၏သမိုင်းကြောင်းကိုပင် ပြောင်းလဲပစ်ရန် လှည့်စားခြင်းဖြစ်သည်ဟု သုံးသပ်သည်။

'၂၁ ရာစုမှာ ပဒေသရာဇ်အတွေးအကြံနဲ့ ခေတ်မှီတပ်မတော် တည်ဆောက်လို့မရဘူးဆိုတာ ဦးနှောက်ပုံမှန်ရှိသူတိုင်း စဉ်းစားနိုင်ပါတယ်'ဟု သူက ဆက်ပြောသည်။

အစဉ်အလာရှိသော နိုင်ငံရေးသမားတဦးကလည်း နအဖသည် ရှေးဘုရင်များကိုအသုံးချ၍ တပ်မတော်ကို မဟာလူမျိုးကြီးဝါဒကျင့်သုံးသော တပ်မတော်တခုဖြစ်လာရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုသည်။

'စစ်အုပ်စုဟာ အများကလေးစားခံထားရတဲ့ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားစတဲ့ဘုရင်တွေကို အသုံးချနေတယ်။ စစ်တပ်ကိုလည်း မဟာလူမျိုးကြီးဝါဒကျင့်သုံးတဲ့တပ်မတော်တခုဖြစ်လာအောင် လုပ်နေတယ်'ဟု သူကပြောသည်။

လက်ရှိတပ်မတော်သည် ရဲဘော်သုံးကျိပ်တွင် သန္ဓေတည်မွေးဖွားလာခဲ့ခြင်းဖြစ်သော်လည်း 'သန်းရွှေအုပ်စု'သည် တပ်မတော်နေ့ဟု အမည်ပြောင်းထားသော တော်လှန်ရေးနေ့အခမ်းအနားသို့ ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် ကိုယ်တိုင်ပါဝင်ခဲ့ကြသော မော်ကွန်းဝင် ရဲဘော်ဟောင်းကြီးများကို ဖိတ်ကြားခဲ့ခြင်းမရှိပေ။

ထို့အပြင် ဗိုလ်သန်းရွှေစစ်အုပ်စုသည် စစ်တပ်ကို အတင်းလုယူထားသဖြင့် ဗိုလ်ချုပ်

စာမျက်နှာ (၁၃) ကော်လံ (၄) သို့ ...

# ဗိုလ်ချုပ်မောင်အေး စစ်ရေးမဟာမိတ်နိုင်ငံ ရုရှသို့ခရီးထွက်

စစ်အုပ်စု၏ နံပါတ် (၂) ခေါင်းဆောင် ဗိုလ်ချုပ်မောင်အေးသည် ၎င်းတို့ကို အဓိကလက်နက်အထောက်အပံ့ပေးနေသော ရုရှနိုင်ငံသို့ ဧပြီလ (၂) ရက်နေ့တွင် ရောက်ရှိသည်။




ရုရှားမှ မြန်မာနိုင်ငံသို့ ရောင်းချပေးခဲ့သော တိုက်လေယာဉ်နှင့် မြေပြင်သုံးယာဉ်များ

အနောက်နိုင်ငံအသိုင်းအဝိုင်းနှင့် အိမ်နီးချင်းနိုင်ငံများနှင့်ဆက်ဆံရာတွင် တဖြည်းဖြည်းဘေးရောက်လာသော စစ်အုပ်စု၏ အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်း (၄၀) ၊ (၁၉၆၅)ခုနှစ် ဗိုလ်ချုပ်နေဝင်းခရီးစဉ် နောက်ပိုင်းတွင် ရုရှနိုင်ငံသို့သွားရောက်သော အဆင့်အမြင့်ဆုံး စစ်တပ်ခေါင်းဆောင်ဖြစ်ပြီး၊ (၆) ရက်ကြာမြင့်မည်ဖြစ်သည်။

(၁၉၈၈) ခုနှစ်ကတည်းက အာဏာသိမ်း အုပ်ချုပ်ထားသော စစ်အုပ်စု၏ ရည်မှန်းချက်ဖြစ်သော ခေတ်မီလက်နက်တပ်ဆင်ရာတွင် ရုရှနိုင်ငံသည် အဓိကမဟာမိတ်တနိုင်ငံဖြစ်ခဲ့သည်။

လွန်ခဲ့သော (၃) နှစ်ကျော်က မော်စကိုသည် တရုတ်၊ အိန္ဒိယနှင့် ယူကရိန်းနိုင်ငံများနည်းတူ မြန်မာနိုင်ငံသို့ (Mi G-29) အမျိုးအစား တိုက်လေယာဉ်များနှင့် စစ်မြေပြင်သုံး ယာဉ်အမြောက်အမြားကို ရောင်းချပေးခဲ့ပြီး မြန်မာစစ်တပ်မှ အရာရှိ (၁,၅၀၀) ကျော်ကိုလည်း ရုရှတွင်စစ်ပညာသင်ကြားရန် ဖိတ်ခေါ်ခဲ့သည်။

နိုင်ငံရေးလေ့လာသူများက ဗိုလ်ချုပ်မောင်အေး၏ခရီးစဉ်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဗီဒိုအာဏာပိုင်ဆိုင်ထားသော တရုတ်၊ ရုရှနှစ်နိုင်ငံတို့နှင့် ဆက်ဆံရေးကောင်းမွန်ရန်ဆန္ဒရှိနေသော နအဖ၏ကြိုးပမ်းချက်များအနက် တခုဖြစ်သည်ဟုဆိုသည်။

တရုတ်နှင့် သံတမန်ရေးကြိုးပမ်းချက်အဖြစ် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်စိုးဝင်းသည် ဖေဖော်ဝါရီလအတွင်းက တရုတ်နိုင်ငံသို့ချစ်ကြည်ရေး ခရီးထွက်ခဲ့သည်။

နအဖသည် အိမ်နီးချင်းအိန္ဒိယနှင့်လည်း ကုန်သွယ်ရေးနည်းဖြင့် သံတမန်ဆက်ဆံရေးပြေလည်အောင်ကြိုးပမ်းလျက်ရှိသည်။

ရန်ကုန်မှ အမည်မဖော်လိုသူ ပါမောက္ခတဦးက နအဖသည် အင်အားကြီးသုံးနိုင်ငံနှင့်မဟာမိတ်ပြုလုပ်ခြင်းအားဖြင့် အနောက်အုပ်စုနှင့် အာဆီယံက၏ဖိအားကို တောင့်ခံထားနိုင်ရန် ရည်ရွယ်ထားပုံရသည်ဟု သုံးသပ်သည်။❖

# ဘာသာရေးအဓိကရုဏ်းအတွင်း

## အဖမ်းခံထားရသူများထောင်ဒဏ်ချမှတ်ခံရ

ဖေဖော်ဝါရီလအတွင်းက မကွေးတိုင်း ပွင့်ဖြူမြို့တွင်ဖြစ်ပွားခဲ့သော မွတ်ဆလင်-ဗုဒ္ဓဘာသာအရေးအခင်းနှင့် ပတ်သက်ပြီး ဖမ်းဆီးခံထားရသူများအနက်မှ (၆၃) ဦးကို ထောင် (၂) နှစ်စီချမှတ်လိုက်ပြီး (၄၀) ဦးကိုပြန်လွှတ်ပေးလိုက်ပေးလိုက်ကြောင်း သတင်းများအရ သိရသည်။

တရားစစ်ဆေးစီရင်မှုကို မကွေးမြို့ အမှတ် (၁) ရဲစခန်းအတွင်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ထောင်ဒဏ်ချမှတ်ခံရသူများမှာ ဆင်ဖြူကျွန်းအဖွဲ့ချုပ် စည်းအဖွဲ့ဝင်ဦးအောင်သိန်းနှင့် လူငယ်အဖွဲ့ဝင် ကိုမိုးတို့ဖြစ်သည်။

တရားခံအားလုံးကို သရက်ထောင်သို့ ပို့လိုက်ပြီး စလင်းဒေသခံများကို ကိုးကား၍ ဒီဗွီဘီသတင်းက မတ်လ (၁၅) ရက်နေ့တွင် ကြေညာသည်။

စလင်းမြို့ ဗလီဝန်းကျင်နှင့် အခင်းဖြစ်ပွားရာနေရာများတွင် လုံခြုံရေးများ ရုပ်သိမ်းသွားပြီ ဖြစ်သော်လည်း စကု၊ မကွေး၊ တောင်တွင်းကြီး၊ ရေနံချောင်း၊ ဆင်ဖြူကျွန်း၊ ချောက်၊ ပွင့်ဖြူမြို့များတွင် စစ်တပ်၊ ရဲစသော အဖွဲ့များနှင့်တွဲပြီး တရပ်ကွက်လျှင် (၅) ယောက်နှုန်း ဗလီလုံခြုံရေး စောင့်ပေးနေရပြီး မစောင့်နိုင်သောသူများကို ဒဏ်ငွေ (၅၀၀) ရိုက်နေသည့်အတွက် ဒေသခံများ ဒုက္ခရောက်နေကြသည်ဟု သတင်းကဆိုသည်။

ဖေဖော်ဝါရီလ (၁၆) ရက်နေ့က ဆင်ဖြူကျွန်းမြို့နယ် ဥသျှစ်ကုန်းရွာသူတဦးကို မူဆလင်လူငယ်တချို့က အဓမ္မပြုကျင့်သည်ဆိုသည့်သတင်းမှစတင်ကာ ပွင့်ဖြူ၊ စလင်း ချောက်စသောမြို့များသို့ အဓိကရုဏ်းပြန့်နှံ့သွားကာ မူဆလင်-ဗုဒ္ဓဘာသာအကြမ်းဖက်မှုများဖြစ်ပွားခဲ့သည်။

အခြေအနေ အေးဆေးသွားပြီဖြစ်သော်လည်း မူဆလင်ဘာသာဝင်များ၏ခရီးသွားလာမှုကို တားမြစ်ထားကြောင်းသိရသည်။ ❖

# နအဖထံ လက်နက်ချအဖမ်းခံခဲ့သော စဝ်ခွန်ကျော်အဖွဲ့အား သေဒဏ်စီရင်ချက်ချမှတ်

နအဖထံ လက်နက်ချအဖမ်းခံခဲ့သော အက်စ်အက်စ်အေ-တောင်ပိုင်း၊ (၂၄၁) တပ်မဟာမှူး စဝ်ခွန်ကျော်အပါအဝင် တပ်ဖွဲ့ဝင် (၂၉) ဦးကို လားရှိုးစစ်ခုံရုံးက ယခုလ (၄) ရက်နေ့တွင် သေဒဏ်စီရင်ချက်ချမှတ်လိုက်ကြောင်းသိရှိရသည်။

ခုံရုံးတင်စစ်ဆေးသူ စုစုပေါင်း (၃၂) ဦးဖြစ်ပြီး (၃) ဦးမှာအသက်ငယ်သူဖြစ်သောကြောင့် ထောင်ဒဏ် (၇) နှစ်စီ အသီးသီးချမှတ်လိုက်ကြောင်းနှင့် ခေါင်းဆောင် စဝ်ခွန်ကျော်ကို သေဒဏ်ပြစ်မှု (၅) မှု ချမှတ်ခဲ့ကြောင်း ရှမ်းသံတော်ဆင့်သတင်းဌာနမှ အတည်ပြုပြောဆိုသည်။

စဝ်ခွန်ကျော် (ခေါ်) သံချောင်းသည် လွန်ခဲ့သော ဇန်နဝါရီလစစ်ဆင်ရေးအတွင်း အင်အား (၅၀၀၀) နီးပါးရှိ နအဖစစ်တပ်များ၏ ဝိုင်းဝန်းပိတ်ဆို့မှုကြောင့် ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့အနီးတွင် တပ်ဖွဲ့ဝင် (၃၈) ဦးနှင့်အတူ လက်နက်ချအဖမ်းခံခဲ့ခြင်းဖြစ်သည်။

စစ်ခုံရုံးတွင် စဝ်ခွန်ကျော်က ဒေသခံလူထုနှင့် ရဲဘော်များကိုငဲ့ညာ၍ လက်နက်ချခြင်းဖြစ်ကြောင်းကို ထွက်ဆိုခဲ့သည်။

ဇန်နဝါရီလ (၁၇) ရက်နေ့နှင့် ဖေဖော်ဝါရီလ (၂၁) ရက်နေ့က လားရှိုး၌ ကျင်းပသော နအဖသတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အရှေ့မြောက်ပိုင်းတိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်တို့က လက်နက်ချ အက်စ်အက်စ်အေ တပ်ဖွဲ့ဝင်များကို အတင်းအဓမ္မထွက်ဆိုခိုင်းခဲ့ပြီး စဝ်ခွန်ကျော်ကို ဖန်လုံအိမ်အတွင်းထည့်ထားပြီး သတင်းထောက်များကို ပြသခဲ့သည်။

နအဖမှ စဝ်ခွန်ကျော်အား မတရားစွဲဆိုသောစွပ်စွဲချက်များမှာ နိုင်ငံတော်ပုန်ကန်မှု၊ လူသတ်မှု၊ လက်နက်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် ကလေးစစ်သား အသုံးပြုမှုတို့ဖြင့် သေဒဏ်စီရင်ချက်ချခဲ့ခြင်း ဖြစ်သည်။

စဝ်ခွန်ကျော် (ခေါ်) သံချောင်းမှာ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (မြန်မာပြည်မြောက်ပိုင်း) တွင် စစ်ရေးတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

(၂၄၊ ၂၊ ၁၉၉၂) ရက်နေ့ ကေအိုင်အို အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်းတွင် ကချင်ပြည်နယ်မှထွက်ခွာခဲ့ပြီး စစ်အစိုးရအား လက်နက်ကိုင်တိုက်ခိုက်နေသော ရှမ်းပြည်တောင်ပိုင်းရှိ အက်စ်အက်စ်အေ (တောင်ပိုင်း) အဖွဲ့နှင့် လာရောက်ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

❖

**မင်းဆိုးကို မိုးကြိုးပစ်မည်**


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# ပန်း ဆို တာ ဖူး ပြီး ရင် ပွင့်တယ်

“ပန်းဆိုတာ ဖူးပြီးရင် ပွင့်တတ်စမြဲပါ”

“အနာဂတ္တိဆရာတွေက ဟောသည်ဖြစ်စေ၊

မဟောသည်ဖြစ်စေ ရောဝတီကတော့

သူ့နရီနှင့်သူ စီးဆင်းနေဆဲပါ …”

(၁)

ဧပြီ (၁၇)မှာ ဘာတွေဖြစ်မလဲ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အထူးကြေညာချက်မှာက ….

“တိုင်းပြည်၏ အခြေအနေအရပ်ရပ်သည် နိုင်ငံနှင့်လူထုအကျိုးစီးပွားများအတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလကို အလျင်အမြန်ဖြတ်သန်းရန် လိုအပ်နေပြီဖြစ်ပါသည်။ သို့ပါ၍ ဤအကြံပြုချက်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သုံးသပ်ပြီး ၂၀၀၆ ခုနှစ်၊ ဧပြီလ (၁၇) ရက်၊ ၁၃၆၈ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်အထူးမင်္ဂလာရှိသော နှစ်သစ်အခါ သမယနေ့အတွင်း ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူပြည်သားများအားလုံး ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဂုဏ်ယူဝင့်ကြွားလျက် သာခုခေါ်နိုင်ကြစေရန် နိုင်ငံရေးအခြေအနေကောင်းများကို (ဝါ) အမျိုးသားစည်းလုံးညီညွတ်ရေး ပထမခြေလှမ်းကို ဖန်တီးပေးစေလိုပါသည်”

အခုလို အကြံပြုထားပါတယ်။

(၂)

နအဖက ဘယ်လိုတုန့်ပြန်မှာပါလဲ။

ပထမဆုံး တုန့်ပြန်ချက်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးကို အကျယ်ချုပ်သက်တမ်း တိုးပြလိုက်တယ်။

ဒုတိယ …. လားရှိုးမြို့မှာ သတင်းစာရှင်းလင်းပွဲလုပ်ပြတယ်။

သတင်းစာရှင်းလင်းပွဲရဲ့ အဓိကပြောလိုရင်း (Main Theme) က ဒီဖက်အဖွဲ့အစည်းတွေ (NLD-LA, ABSDF, NCUB, FTUB) စတာတွေဟာ နိုင်ငံတကာက အထောက်အပံ့ငွေတွေယူပြီး အဖျက်အမှောင့်လုပ်ငန်းတွေ၊ အကြမ်းဖက်လုပ်ငန်းတွေ၊ မိုင်းထောင်ဗုံးခွဲလုပ်ငန်းတွေ လုပ်ကိုင်နေတဲ့ တကယ့်အကြမ်းဖက်ဂိုဏ်းတွေဖြစ်တယ်လို့ တံဆိပ်ကြီးကြီးကပ်တယ်။ တပြိုင်နက်တည်းမှာ အဲဒီလိုအဖွဲ့အစည်းတွေနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့တာဝန်ရှိသူတွေ အဆက်အသွယ်ရှိနေတာကို သူတို့သိတယ်လို့ စွပ်စွဲတယ်။ လိုအပ်လာတဲ့တချိန်မှာ …. အပြင်းအထန်အရေးယူဆောင်ရွက်သွားရမှာပဲလို့ ခြိမ်းခြောက်ပြတယ်။

တတိယ …. မြောက်ပိုင်းတိုင်း တိုင်းမှူးရဲ့ (၄) လပတ် အစည်းအဝေးမိန့်ခွန်း ထွက်လာတယ်။

အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေအပေါ် သဘောထား၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ်သဘောထား၊ (၈၈) မျိုးဆက်သစ်ကျောင်းသားတွေအပေါ်သဘောထား စတာတွေကို ကျနော်တို့မြင်ကြရတယ်။

လက်တွေ့မှာလည်း (KIO) ကို လက်နက်ချခိုင်းတယ်ဆိုတဲ့ စကားထွက်လာတယ်။ ကချင်လူထုက ဘယ်လိုမှသည်းမခံနိုင်အောင်ဖြစ်လာတဲ့အနေအထားမှာ ဒေါက်တာတူးဂျာကိုယ်တိုင် ‘ကချင့်လက်နက် ကချင့်လက်ထဲမှာပဲရှိစေရမယ်’ ဆိုတဲ့ ရှင်းလင်းပွဲတွေ ကချင်မြေအနှံ့ တပွဲပြီးတပွဲ လိုက်လုပ်နေရတယ်။

ကေအဲန်ယူ စိုးမိုးဒေသဖြစ်တဲ့ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်တွေကို စစ်ရေးအရ နအဖတပ်က အကြိမ်ကြိမ်ထိုးဖောက်တိုက်ခိုက်လာတယ်။ (Gentleman Agreement) ကို အကြိမ်ကြိမ်စိမ်ခေါ်တဲ့ ထိုးစစ်တွေ ဆင်လာတယ်။ တိုက်ပွဲငယ်တွေ ကရင်ပြည်နယ်အနှံ့မှာ ရာနဲ့ချီပြီးဖြစ်ခဲ့သလို ဒီရက်ပိုင်းထိုးစစ်တွေက ပိုကြီးလာတယ်။ ထောင်နှင့်ချီတဲ့ ကရင်အမျိုးသားတွေ အိုးအိမ်တွေကိုပစ်ပြီး ရှောင်ကြ၊ ပုန်းကြ၊ ထွက်ပြေးကြရတယ်။

မွန်ပြည်သစ်ပါတီ စိုးမိုးရေယာတွေအပါအဝင် အပစ်အခတ်ရပ်စဲထားသော အင်အားစုများရဲ့ စိုးမိုးရေယာတွေထဲအထိ နအဖတပ်တွေ တိုးချလာတယ်။

ဒါတွေက ဘာသဘောလဲ။

အပစ်အခပ်ရပ်စဲရေးကို အပြုတ်တိုက်ရေးနဲ့ အစားထိုးတော့မလို့လား။

အပစ်အခပ်ရပ်စဲရေးကို လက်နက်ဖြုတ်ရေးနဲ့ အစားထိုးတော့မလို့လား။

ပြင်ဆင်မှုကတော့ တော်တော်ရမ်းလာပြီ။ မြောက်ပိုင်းတိုင်း တိုင်းမှူးဆိုသူရဲ့ အပြောဟာ လက်တွေ့နှင့်တထပ်တည်းလို တွေ့မြင်နေရတယ်။ အခန့်မသင့်ရင် ပြည်တွင်းစစ်မီး ပြန်တောက်နိုင်တဲ့အနေအထား၊ တနေ့တခြား တွေ့လာနေရတယ်။

စတုတ္ထ …. ဗိုလ်သန်းရွှေရဲ့ တော်လှန်ရေးနေ့မိန့်ခွန်းမှာ ဒီလိုတွေ့ရတယ်။

“ စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားရမယ့် မူဝါဒလမ်းစဉ် (၇) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်တယ်။ ဒါ့အပြင် နိုင်ငံတော်ရဲ့အနာဂတ်ကာလ တလျှောက်လုံးမှာ ပြည်သူတွေဟာ တိုင်းပြည်ပျက်လုခမန်း ဖြစ်ရပ်ဆိုးမျိုးတွေနဲ့ မကြုံကြရအောင် တတ်နိုင်သမျှ ကြိုတင်မြော် တွေးစီမံဆောင်ရွက်လျက်ရှိတယ်။ ”

ပြီးတော့ မိန့်ခွန်းရဲ့နိဂုံးကို ဒီလိုချုပ်ထားတယ်။

“နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇) ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြပါ။ နိုင်ငံတော်ရဲ့အန္တရာယ်မှန်သမျှကို ပြည် သူလူထုနဲ့အတူ လက်တွဲချေမှုန်းကြပါ”

ဒါ ဘာကိုပြနေတာလဲဆိုရင် ….

လမ်းပြမြေပုံ (၇) ချက်က တပြားသားမှ မလျှော့ဘူး။ အဲန်အယ်လ်ဒီရဲ့ကမ်းလှမ်းချက်ကို လုံးဝထည့်မစဉ်းစားဘူးဆိုတဲ့သဘော။

ပြီးတော့ (၈၈) ဒီမိုကရေစီ အရေးတော်ပုံမျိုးဖြစ်မှာ သူကြောက်နေတယ်။ မဖြစ်ရအောင် နည်းမျိုးစုံနှင့် သူတားမယ်လို့ ကြွေးကြော်လိုက်တာပါ။ တပြိုင်နက်တည်းမှာ အဲဒီလိုဖြစ်အောင်ဖန်တီးမယ့်၊ ဖန်တီးနိုင်မယ့်အင်အားစုတွေကို ( NLD, CRPP, UNA,) ဝါရင့်နိုင်ငံရေးသမားကြီးများနှင့် (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင်တွေကို သူ့အခေါ် ‘နိုင်ငံတော်ရဲ့ အန္တရာယ်’ လို့သတ်မှတ်ပြီး ချေမှုန်းပစ်မယ်လို့ ညာသံပေးလိုက်တာပါ။

ပဉ္စမ …. အာဆီယံနိုင်ငံများရဲ့ ကိုယ်စားလှယ် မလေးရှားနိုင်ငံခြားရေးဝန်ကြီးရဲ့ခရီးစဉ်ကို အဓိပ္ပာယ်မဲ့သွားအောင်၊ သေးသိမ်သွားအောင် ပုံဖျက်ပစ်လိုက်တယ်။ မြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအခြေအနေမှန်ကို လေ့လာဖို့လာတယ်ဆိုတဲ့အဆင့်ကနေ (၂) နိုင်ငံချစ်ကြည်ရေးခရီးစဉ်အဖြစ် သူ့အာဘော်သတင်းစာမှာ ပြောင်းလဲဖော်ပြပြီး နိုင်ငံရေးတန်ဖိုးကို လျှော့ချပစ်လိုက်တယ်။ ဘယ်သူနဲ့မှ တွေ့ခွင့်မပေးခဲ့ဘူး။ နောက်ဆုံး သည်းမခံနိုင်တော့ဘဲ တပ်ခေါက် ပြန်ထွက်သွားရတဲ့အဆင့်ထိ ဖြစ်ခဲ့ရတယ်။

သံတမန်ဆက်ဆံရေး၊ သံခင်းတမန်ခင်းမှာ ဒီကိစ္စက ရှက်ဖွယ်လိလိပါ။

ဒါပေမယ့် စစ်အုပ်စုကတော့ ခပ်တည်တည်ပဲ။

ဆဋ္ဌမက …. ပြည်တွင်းမှာ ဖိနှိပ်မှုတွေ ပိုပြင်းထန်လာတယ်။

နိုင်ငံရေးအကျဉ်းသားဟောင်း ကိုသက်နိုင်ဦးကို ရန်ကုန်မြို့လယ်ခေါင်မှာ မသေမချင်း ရိုက်သတ်တယ်ဆိုတဲ့အဆင့်ထိ လက်ရဲဇက်ရဲ ဖြစ်လာကြတာကို တွေ့ရတယ်။ တကယ့်ကို အံ့မခန်းပါပဲ။

(၃)

ကိုသက်နိုင်ဦးကိစ္စတခုတည်းကိုပဲ ကျနော်တို့ နည်းနည်းအသေးစိတ်ကြည့်ကြည့်ရအောင်။

မလှမ်းမကမ်းက မျက်မြင်သက်သေ တယောက်ရဲ့စကားကို နားထောင်ကြည့်ပါဦး။

“ကျနော်မြင်လိုက်ရတဲ့အချိန်မှာ သူ့ခေါင်းမှာသွေးတွေက ရဲနေတယ်။ ခေါင်းမှာရော၊ မျက်နှာရော၊ အကျႌတွေရော၊ ပုဆိုးတွေရော သွေးတွေတရွဲရွဲ ဖြစ်နေတယ်ခင်ဗျာ့။ သူလဲကျသွားတဲ့ နောက်ဆုံးအချိန်အထိပေါ့နော်။ ကျနော်အဲဒီအထိ မြင်လိုက်ရပါတယ်။ အဲဒီအချိန်မှာ သူ့ကို ဟိုကရိုက်လိုက်၊ ဒီကရိုက်လိုက်နဲ့ ကျနော့်မျက်စိတောင် ပြာတယ်ဗျာ၊ ကြည့်ရတာ။ နောက်ဆုံး ခေါင်းကို ပြင်းပြင်းထန်ထန် တချက်ထိတယ်။ နောက်ဆုံး သူအားကုန်နေတဲ့ ပုံစံမျိုးအချိန်မှာ ခေါင်းကိုတချက်ထိတယ်။ ထိတော့ သူအဲဒီမှာ ခေါင်းစိုက်သွားတယ်။ မတ်တပ်ရပ်လေးနဲ့ ခေါင်းနည်းနည်းတုန်ပြီးတော့ စိုက်သွားတယ်။ အဲဒီအချိန်မှာ ကျောကို နောက်တယောက်က ရိုက်တယ်။ ကျောနဲ့ပခုံးကြားပေါ့နော်။ နောက်ကနေ စလွယ်အုပ်ရိုက်တယ်။ အဲဒီတော့ သူ ဒူးထောက်သွားတယ်ခင်ဗျာ့။ ဒူးထောက်သွားတဲ့အချိန်မှာ သူ နောက်တချက် ခေါင်းကိုအရိုက်ခံလိုက်ရတယ်။ ဒူးထောက်သွားတဲ့အချိန်မှာ ခေါင်းရယ်၊ ကျောရယ်ကိုဆင့်ပြီးတော့ နှစ်ချက်နှစ်ယောက်ပေါ့နော်။ ဆင့်ရိုက်သွားလိုက်တယ်။ အဲဒီမှာ ဝုန်းဆိုပြီး မြေကြီးပေါ် မျက်နှာနဲ့အပ်ပြီးတော့ ကျတယ်။ ကျကျခြင်းပဲ နောက်ကနှစ်ယောက်က ထမ်းပိုးနဲ့ရိုက်တယ်။ ဒုတ်နဲ့တယောက်က ဝင်ရိုက်တယ်ခင်ဗျာ့။ အဲဒီအချိန်မှာ ရဲတယောက်ကထွက်လာတယ်ခင်ဗျာ့။ အားလုံးဖယ်ဖယ်ဆိုပြီးတော့ သူ ဒူးထောက်ထားပြီးတော့ လက်ပြန်ကျနေတဲ့ လက်ကို နောက်ကျောပေါ်ကို အသာလေးလက်တင်ပြီးတော့ လက်ထိပ်ခတ်သွားတယ်”

ဒီကိစ္စက တော်တော့်ကို စိတ်မသက်သာစရာပါ။

အဲဒီ ကိုသက်နိုင်ဦးဆိုတာ ဗကသများအဖွဲ့ချုပ်မှာ အဖွဲ့ဝင်ဖြစ်သလို၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဝင်လည်းဖြစ်တယ်။ ပြီးတော့ (ABSDF) နှင့် လာရောက်ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခဲ့သူလည်း ဖြစ်ပါတယ်။ အင်းစိန်ထောင်ထဲမှာ သာယာဝတီထောင်ထဲမှာ သူ့ဘဝရဲ့အစိတ်အပိုင်းအချို့ သူ့ယုံကြည်မှုအတွက် စွန့်လွှတ်ပေးဆပ်ခဲ့သူပါ။

အခုတော့ သူ့ဘဝ တဘဝလုံးကို ပေးဆပ်သွားရပါပြီ။

သူ့ အသုဘချတဲ့နေ့မှာ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်က ….

“ကြားတဲ့အတိုင်းပါပဲ။ အဲဒါ အမေဖြစ်သူကနေပြီးတော့ ဆုတောင်းပေးနေတာပါ။ အခု ကျနော်တို့ အလောင်းကိုထုတ်ပြီး၊ ပရိသတ်ကြီးကတော့ အတော်ကိုများတယ်။ တဝန်းလုံးအပြည့် ကားတွေ။ အခု ပရိတ်သတ်ထဲမှာ ငိုနေကြတယ် မိန်းကလေးတွေက၊ လုပ်ဖော်ကိုင်ဖက်အားလုံးလည်း စိတ်မကောင်းကြဘူး။ အင်မတန် ကြေကွဲစရာကောင်းတဲ့ မြင်ကွင်းပါ။ အဲဒီတော့ နောက်နောင် ဒီလိုအဖြစ်မျိုး မဖြစ်ရအောင်လို့ တရားဥပဒေ အမှန်တကယ်စိုးမိုးဖို့လိုပါတယ်။ အရာရာကို တရားဥပဒေအတိုင်းပဲ ဖြေရှင်းဖို့လိုပါတယ်။ အဲ့လို လက်လွှတ်စပယ် လက်နက်ရှိတိုင်း အနိုင်ကျင့်တာမျိုးတော့

စာမျက်နှာ (၁၁) ကော်လံ (၁) သို့ …



ဇွန်မှိုင်း

# အမေရိကန်၊ ဂျပန်နှင့် ဩစတြေးလျခေါင်းဆောင်များ မြန်မာ့ ဒီမိုကရေစီအရေး ဆွေးနွေး



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်၊ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဒေါင်နာနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုအာဆို

မြန်မာနိုင်ငံတွင် စစ်မှန်သောဒီမိုကရေစီတည်ဆောက်မှုလုပ်ငန်းစဉ်တွင် အရေးတကြီးကိစ္စတခုဖြစ်သော နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးရေးအပါအဝင် မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်တိုးတက်ရေးကိစ္စများကို အလေးထားစောင့်ကြည့်သွားမည်ဟု အမေရိကန်၊ ဂျပန်နှင့် ဩစတြေးလျနိုင်ငံများက မတ်လ (၁၈) ရက်နေ့က ထုတ်ဖော်ပြောဆိုလိုက်သည်။

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် မတ်လ (၁၈) ရက်နေ့က ပြုလုပ်သော (၃) နိုင်ငံဝန်ကြီးအဆင့် မဟာဗျူဟာ ဆွေးနွေးပွဲတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုအာဆိုနှင့် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အလက်ဇန္ဒားဒေါင်နာတို့က မြန်မာ့ဒီမိုကရေစီရေးအတွက် ကြိုးပမ်းရန် ယခုကဲ့သို့ သဘောတူခဲ့ကြခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် အစဉ်တစိုက်ဖိအားပေးနေသောနိုင်ငံဖြစ်ပြီး၊ မတ်လအစောပိုင်းကသွားရောက်ခဲ့သော အိန္ဒိယခရီးစဉ်အတွင်း အမေရိကန် သမတ ဂျော့ဒဗလျူဘုရှ်က ကမ္ဘာ့နိုင်ငံများအနေဖြင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် လွတ်မြောက်ရေးအတွက် ဝိုင်းဝန်းဖိအားပေးကြရန် မေတ္တာရပ်ခံခဲ့သည်။

ဩစတြေးလျနိုင်ငံသည် လောလောဆယ်တွင် ဥရောပသမဂ္ဂ (အီးယူ)၏အလှည့်ကျဥက္ကဋ္ဌ နိုင်ငံဖြစ်သည်။ အီးယူနိုင်ငံများသည် အမေရိကန်နည်းတူ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့သည့်နည်းဖြင့် အရေးယူထားသည်။

မတ်လနှောင်းပိုင်းက မြန်မာနိုင်ငံသို့ သွားရောက်ခဲ့သော အာဆီယံကိုယ်စားလှယ်၏ခရီးစဉ်သည် မြန်မာနိုင်ငံတွင် 'ဒီမိုကရေစီစနစ်ဆီသို့ရွေ့ရှသော တိုးတက်မှုမရှိ'ဟူသော အမေရိကန်နှင့်အီးယူနိုင်ငံများ၏ ထောက်ပြပြောဆိုမှုများမှ ထွက်ပေါ်လာသောရလဒ်ဖြစ်သည်။

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံသို့ ဆင်းရဲမှုတိုက်ဖျက်ရေးလုပ်ငန်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် လူသားချင်းစာနာသည့် အကူအညီများအဖြစ် အစဉ်တစိုက် ငွေကြေးထောက်ပံ့မှုအများဆုံးပေးနေသော အာရှအင်အားကြီးနိုင်ငံဖြစ်သည်။

ဆွေးနွေးပွဲတွင် ဒီမိုကရေစီစနစ် ရင့်ကျက်ပြီး စီးပွားရေးဖွံ့ဖြိုးနေသော အင်အားကြီး (၃) နိုင်ငံမှ ခေါင်းဆောင်များက ကမ္ဘာ့ လုံခြုံရေးနှင့် တည်ငြိမ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အာရှ-ပစိဖိတ်ဒေသကို အရေးကြီးသောဒေသတခုအဖြစ် ရှုမြင်ခဲ့ကြပြီး၊ အာရှ-ပစိဖိတ်ဒေသတခုလုံးတွင် ဒီမိုကရေစီစနစ် ပေါ်ပေါက်တည်တံ့လာရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြသည်။

❖

# ကိုယ်ကျိုးအတွက် နအဖကို တရုတ် ထောက်ခံနေသည်ဟု အမေရိကန်ဝေဖန်

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ သဘာဝအရင်းအမြစ်များကိုမက်မော၍ လူ့အခွင့်အရေးချိုးဖောက်နေသောနအဖကို ထောက်ခံပေါင်းသင်းနေသည်ဟု အမေရိကန်သမတ ဂျော့ချ်ဒဗလျူဘုရှ်က မတ်လ (၁၆) ရက်နေ့တွင် ပြင်းပြင်းထန်ထန်ဝေဖန်လိုက်သည်။

အမေရိကန်ပြည်ထောင်စု၏ အမျိုးသားလုံခြုံရေးမဟာဗျူဟာ အစီရင်ခံစာတွင် အမေရိကန်သမတဂျော့ချ်ဒဗလျူဘုရှ်က ''မြန်မာ၊ ဇင်ဘာဘွေနှင့် ဆူဒန်လို နိုင်ငံအစိုးရများသည် တိုင်းပြည်အတွင်းမှာ ဖြစ်ဖြစ်၊ နိုင်ငံတကာမှာပဲဖြစ်ဖြစ် ဘယ်လိုပဲ လူ့အခွင့်အရေးချိုးဖောက်နေနေ၊ သဘာဝ အရင်းအမြစ် ပေါကြွယ်ဝသည့်အတွက် တရုတ်က ထောက်ခံပေါင်းသင်းနေသည်''ဟု ဝေဖန်လိုက်သည်။

ထို့အပြင် တရုတ်နိုင်ငံ၏ စစ်အင်အားတိုးချဲ့တည်ဆောက်မှုများသည် ရိုးသားပွင့်လင်းမှုမရှိကြောင်း သမတက ထည့်သွင်းပြောဆိုလိုက်ပြီး ရှေးဟောင်းဆန်သော တရုတ်၏ တွေးခေါ်လုပ်ကိုင်ပုံကို ပြောင်းလဲရန် မစ္စတာဘုရှ်က တောင်းဆိုသည်။

အမေရိကန်အစိုးရ၏ ယခုအစီရင်ခံစာနှင့်ပတ်သက်သော သတင်းစာရှင်းလင်းပွဲတွင် သမတက တရုတ်နိုင်ငံက တိုက်ချင်းပစ်ဒုံးကျည် (၇၀၀) ဖြန့်ချထားသော ထိုင်ဝမ်ကျွန်းကို အမေရိကန်က စစ်ရေးအရဆက်ပြီး ထောက်ပံ့သွားမည်ဟုဆိုသည်။

ထို့အပြင် တရုတ်ခေါင်းဆောင်များအနေဖြင့် တရုတ်ပြည်သူများ၏ လွတ်လပ်မှု၊ တည်ငြိမ်ရေးနှင့် ချမ်းသာကြွယ်ဝမှုအတွက် နိုင်ငံရေးအရ တံခါးဖွင့်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ရန် သမတဘုရှ်က တိုက်တွန်းသည်။



အမေရိကန်သမတ ဂျော့ဒဗလျူဘုရှ်

တရုတ်သမတ ဟူဂျင်တောင်သည် ယခုလအတွင်း အမေရိကန်ပြည်ထောင်စုသို့ အလည်အပတ်သွားရောက်ရန် စီစဉ်ထားသည်။

# စစ်အုပ်စု၏ အန္တရာယ်ကို မပေါ့ကြရန် အာဆီယံခေါင်းဆောင်များကို ကွန်ဒိုလီဇာရိုက်စ်သတိပေး



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်

အာဆီယံနိုင်ငံ ခေါင်းဆောင်များအနေဖြင့် မြန်မာ့နိုင်ငံမှ စစ်တပ်အာဏာရှင်၏ အန္တရာယ်ကို ပေါ့ပေါ့တန်တန် သဘောမထားကြရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်ကမတ်လ (၁၅) ရက်နေ့တွင် သတိပေးပြောဆိုလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံသို့ အလည်အပတ်ရောက်စဉ်တွင် မစ္စရိုက်စ်က အာဆီယံ၏ မြန်မာ့နိုင်ငံရေးအတွက် ကြိုးပမ်းမှုများအပေါ် ချီးကျူးပြောဆိုရင်း ထည့်သွင်းသတိပေးလိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသို့ အာဆီယံကိုယ်စားလှယ်စေလွှတ်ရေး အာဆီယံ၏ဆောင်ရွက်မှုများကိုရည်ညွှန်း၍ မစ္စရိုက်စ်က ''အမေရိကန်နိုင်ငံအနေနဲ့ မြန်မာလူထုရဲ့ဆန္ဒတွေကို အထောက်အပံ့ဖြစ်စေတဲ့ အာဆီယံရဲ့ မြန်မာ့အရေးကြိုးပမ်းချက်တွေကိုချီးကျူးပါတယ်'' ဟု ဆိုသည်။

အရှေ့တောင်အာရှဒေသတွင် တိုးတက်မှုများနှင့်အတူ ဒီမိုကရေစီကို အတိုက်အခံပြုနေသော၊ လွတ်လပ်မှုကိုတိုက်ခိုက်နေသော အန္တရာယ်များ ရှိနေသေးသည်ဟုပြောပြီး ၎င်းအရံအတားများကို မဖြစ်မနေကာကွယ်ရမည်ဟု မစ္စရိုက်စ်ကပြောသည်။

အင်ဒိုနီးရှား၏ နိုင်ငံတကာရေးရာကောင်စီ၌ ပြောကြားသောမိန့်ခွန်းတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အဖမ်းခံထားရသည့်ကိစ္စကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

''မြန်မာနိုင်ငံဟာ တချိန်က အရှေ့တောင်အာရှရဲ့ ရတနာတပါးဖြစ်ခဲ့တယ်။ အခုကာလမှာတော့ ဒေသတွင်းမှာ ခေတ်နောက်ကျကျန်ခဲ့ပြီး စစ်အုပ်စုဟာ တိုင်းပြည်ကို နောက်ကြောင်းပြန်ဆွဲနေသလို ပြည်သူလူထုရဲ့အနာဂတ်တွေကိုပါ လုယက်နေတယ်''ဟု ကွန်ဒိုလီဇာရိုက်စ်ကဆိုသည်။

''ကုလသမဂ္ဂလုံခြုံရေးကောင်စီဟာ မြန်မာအရေးကို အရေးယူဆောင်ရွက်ခဲ့ပေမယ့် ဒီနိုင်ငံကပြည်သူတွေဟာ စစ်အုပ်စုရဲ့ အဖိအနှိပ်ကိုခံနေရဆဲပဲ။ မြန်မာကိစ္စဟာ အရှေ့တောင်အာရှမှာ ပေါ့ပေါ့တန်တန် သဘောထားစရာ ကိစ္စတခုမဟုတ်တော့ဘူး'' ဟု သူက ဖြည့်စွက်ပြောကြားခဲ့သည်။

❖

# ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်သစ်တွင် မြန်မာပါဝင်ရန် မသေချာ

နအဖ၏ လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းများကြောင့် ဇွန်လအတွင်း ပြန်လည်ဖွဲ့စည်းမည့် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်တွင် မြန်မာနိုင်ငံကို ပါဝင်ခွင့်မပေးရန် အမေရိကန်က ကြိုးပမ်းလျက်ရှိကြောင်း သိရှိရသည်။

လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းရေးအတွက်ကျင်းပသော ကုလသမဂ္ဂ အထွေထွေညီလာခံကြီး၏ မတ်လ (၁၆) နေ့ ဆုံးဖြတ်ချက်တွင် မြန်မာ၊ ဇင်ဘာဘွေနှင့် ဆူဒန်နိုင်ငံများကို လက်မခံရန် အာမခံချက် မပေးသည့်အပေါ် အမေရိကန်အစိုးရက ကန့်ကွက်ခဲ့သည်။

လူ့အခွင့်အရေးကော်မရှင်အသစ်ဖွဲ့စည်းရေးကို အဖွဲ့ဝင်နိုင်ငံ (၁၉၁) နိုင်ငံအနက် နိုင်ငံပေါင်း (၁၇၀) ကထောက်ခံခဲ့ကြသော်လည်း ၎င်းကော်မရှင်သစ်တွင် လူ့အခွင့်အရေးချိုးဖောက်ရာတွင် နာမည်ကြီးသော ကျူးဘား၊ လစ်ဗျားအစိုးရများကိုလည်း ပါဝင်ခွင့်ပေးထားသည်။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ ကုလသမဂ္ဂရေးရာတာဝန်ခံ ဒေါက်တာသောင်းထွန်းက လူ့အခွင့်အရေးကော်မရှင်သစ်သည် မြန်မာ့အရေးတွင် ယခင်ထက် သွက်သွက်လက်လက် ဆောင်ရွက်နိုင်မည်ဟု သုံးသပ်သည်။

''ဗမာနိုင်ငံလို စနစ်တကျလူ့အခွင့်အရေးချိုးဖောက်မှုတွေ ရေရှည်ဖြစ်နေတဲ့ နိုင်ငံတနိုင်ငံအနေနဲ့ကတော့ ကောင်စီဖြစ်လာတဲ့အခါမှာလည်း ဆက်ပြီးတော့ ဒီအတိုင်းကောင်စီရဲ့ အဓိကဦးစားပေးဆွေးနွေးဖို့ အစီအစဉ်တွေဆက်ပြီးတော့ ပါနေမယ်။ လူ့အခွင့်အရေးအခြေအနေတွေကို စုံစမ်းလေ့လာဖို့ အထူးကိုယ်စားလှယ်ခန့်အပ်ပြီးတော့ စုံစမ်းလေ့လာမှုတွေကလည်း ဆက်ဖြစ်နေမယ်လို့ ကျနော်တို့ယုံကြည်ပါတယ်''ဟု ဒေါက်တာသောင်းထွန်းက ဒီဗွီဘီသို့ပြောသည်။

❖

# ရေရှည်စစ်ပွဲ၊ နှလုံးသားထဲ ဗဟိုပြု

**စစ်ပွဲအောင်နိုင်ဖို့ရာ အချက် (၃) ချက်လိုတယ်။**
**စစ်မြေပြင်ကို သိရမယ်။**
**ကိုယ့်ကိုကိုယ် သိရမယ်။**
**ရန်သူကို သိရမယ်လို့ဆိုတယ်။**



ညိုသွင်

"စစ်နည်းဗျူဟာ ဘယ်လိုသာလဲ
စွဲကိုင်လက်နက် ဘယ်လိုထက်လဲ
ပြည်သူ့နှလုံး မသိမ်းကျုံးလျှင်
ပြည်သူခွန်အား မကိုးစားလျှင်
ခေးသွားလည်းကြွေ လုံလည်းခွေအံ့ "
'အန္တန္တ သူရိယပျို့'

မြင်ကွင်း (၁)

ထိန်ထိန်သာနေတဲ့လမင်းကြီးအောက် ....

အနက်ရောင် ပစ်ကပ်ကားလေးတစီး .... ကားပေါ်မှာ ပေါင် (၅၀၀) ဗုံးတလုံး တင်ဆောင်ထားပြီး တောင်ပေါ်လမ်းကြမ်းလေး တခုကနေ လိမ့်ဆင်းလာနေတယ်။ သူ့ရှေ့မြင်ကွင်းမှာ တဖြည်းဖြည်းချင်းပေါ်လာတာက အဖြူရောင် နံရံတွေနဲ့ကာရံထားတဲ့ အမေရိကန်စစ်အခြေစိုက်စခန်းတခု။ စခန်းနားရောက်တဲ့အထိ အော်ဟစ်အမိန့်ပေး ပစ်ခတ်သံများ ထွက်မလာခဲ့။ ကားလေးဟာ အနှောင့်အယှက် အတားအဆီးမဲ့စွာစခန်းနားထိ ရောက်လာခဲ့တယ်။ ကားပေါ်ပါလာသူက ဗုံးစနက်တံကို သွေးအေးအေးနဲ့ အသာအယာဆွဲဖြုတ်ပစ်လိုက်တယ် ....။

ရုတ်တရက်ပေါက်ကွဲမှုနဲ့အတူ အဝါရောင်မီးပွင့်ကြီးကြောင့် ကင်းမျှော်စင်တခုလုံး လင်းထိန်သွားပြီး အမေရိကန်စစ်သားလေးတွေရဲ့ စိုးရိမ်ထိန့်လန့်နေတဲ့ မျက်နှာလေးတွေကို အထင်းသားမြင်လိုက်ရတယ်။ ဗုံးခွဲသမားတွေဟာ လုံခြုံရာနေရာတခုမှာ ကမန်းကတန်းပြေးပုန်းကြပြီး မရှေးမနှောင်း ပိုပြင်းထန်တဲ့ ဒုတိယပေါက်ကွဲမှုနဲ့အတူ လိမ္မော်ရောင်မီးတောက်ကြီးဟာ ကောင်းကင်ပေါ်ကို ပေ (၂၀၀) လောက်ထိုးတက်သွားပြီး ပတ်ပတ်လည်က ထင်းရှူးပင်တွေကိုတောင် မီးဟပ်သွားခဲ့တယ်။ မီးတောက်ကျသွားတော့ အသေခံဗုံးခွဲသမားက အစောင့်ကို လှမ်းအော်ပြောတယ်။ "မင့်သူငယ်ချင်းတွေကို ပြောလိုက် မင်းတို့အားလုံးသေကုန်ပြီလို့" ဒါဟာ စစ်လေ့ကျင့်ခန်းမြင်ကွင်းတခုပါ .... ဒါဟာ တကယ့်ဗုံးမဟုတ်သလို တကယ့်ဖြစ်ရပ်လည်း မဟုတ်ပါဘူး ....။

အနီးအနားကို လွယ်လွယ်နဲ့ရန်သူ မချဉ်းကပ်နိုင်အောင် ဒီလိုလေ့ကျင့်မှုမျိုး လုပ်ပေးသင့်တယ်။ ဒီလိုခပ်ဆင်ဆင်ဖြစ်ရပ်မျိုးတွေကြောင့် အီရတ်စစ်ပွဲ အစောပိုင်းကာလတွေမှာ အမေရိကန်အသက်ပေါင်းများစွာ ပေးခဲ့ရတဲ့ဖြစ်ရပ်တွေရှိခဲ့တယ်။

မြင်ကွင်း(၂)

ပေါက်ကွဲမှုပြင်းအား လျှော့ချထားပြီး အထူးပြုလုပ်ဖန်တီးထားတဲ့ ဗုံးတုတွေ၊ သစ်သားနဲ့ဆောက်ထားတဲ့ အဆောက်အဦးနံရံဖြူဖြူတွေ၊ အာဖဂန်ဒေသတခုနဲ့တူအောင် ဖန်တီးထားမှုတွေဒါတွေဟာ လူဝီစီယားပြည်နယ်တောင်ပိုင်း၊ ဖို့တ်ပေ့ါလ်ခ် စစ်စခန်းတခုထဲမှာ ဖြစ်ပါတယ်။ ဧက (၂) သိန်းလောက်ကျယ်တဲ့ ထင်းရှူးတောကြီးဖြစ်ပြီး စစ်တပ်ရဲ့ လေ့ကျင့်ကွင်းလည်းဖြစ်ပါတယ်။ အာဖဂန်နစ်စတန်မှာ တာဝန်ထမ်းဖို့ ပို့လွှတ်မဲ့တပ်ဖွဲ့ဝင် (၃,၅၀၀) ကို ကြိုတင်ပြင်ဆင်ရေးနောက်ဆုံးအဆင့်တခုအနေနဲ့ လေ့ကျင့်ပေးနေတာပါ။ အတုပြုလုပ်ထားတဲ့ လမ်းဘေးဗုံးတွေ၊ မော်တာ၊ ဒုံးကျည်တွေ၊ တွန်းကန်အားသုံးဗုံးပစ်လောင်ချာတွေနဲ့ လက်နက်ငယ်မျိုးစုံကို အထူးပြုလုပ်ချက်နဲ့ လေဆာရောင်ခြည်များသုံးပြီး လေ့ကျင့်ပစ်ခတ်သံတွေဟာ အဆက်မပြတ်ပါဘဲ။

လေ့ကျင့်ခန်းပြီးတဲ့အခါမှာတော့ ပါကစ္စတန်နယ်စပ်မှာအခြေစိုက်တဲ့ အယ်ကိုင်ဒါ အကြမ်းဖက်သမားတွေ၊ တာလီဘန်သူပုန်တွေ အလျှိုအလျှိုထွက်လာကြတယ်။ သဏ္ဍာန်လုပ် သရုပ်တူအောင်ဝတ်ထားကြပေမယ့် သူတို့တွေအားလုံး အမေရိကန်စစ်သားတွေပါ၊ အခြားလူ (၈၀၀) ကလည်း သူတို့နဲ့အတူနေပြီး ပုံသဏ္ဍာန်မျိုးစုံနဲ့ သရုပ်ဆောင်လေ့ကျင့်ရတယ်။ အနောက်တိုင်းသား အကူအညီပေးသူတွေ၊ စာနယ်ဇင်းသမားတွေ၊ ငြိမ်းချမ်းရေးထိန်းသိမ်းသူတွေ၊ အာဖဂန်မြို့ဝန်တွေ၊ မူလာတွေ၊ ရဲဝန်ထမ်းတွေ၊ ဆရာဝန်တွေ၊ ဘိန်းစိုက်တောင်သူတွေအဖြစ်နဲ့ သရုပ်ဆောင် လေ့ကျင့်ရတာပါ။ အာဖဂန်နွယ်ဖွား အမေရိကန် (၂၀၀) လောက်ကတော့ အာဖဂန်ဝတ်စုံတွေဝတ်ပြီး စိတ်ပျက်ငြီးငွေ့တဲ့ ပုံမျိုးပေါက်နေကြတယ်။ ခြေလက်အင်္ဂါမစုံတဲ့ ဗီယက်နမ်စစ်ပြန်အဖွဲ့ကတော့ သွေးတုတွေ ကိုယ်မှာပက်ဖြန်းပြီး ဒဏ်ရာရသူတွေအဖြစ် သရုပ်ဆောင်လေ့ကျင့်ခဲ့ကြတယ်။

မြင်ကွင်း(၃)

ဖို့တ်ပေ့ါလဲခ်ဟာ (၂) နှစ်အတွင်းမှာဘဲ အတော်ကြီးပြောင်းလဲခဲ့တယ်။ ခြေလျင်တပ်နဲ့အထူးတပ်တွေအတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ပြီး၊ ပျောက်ကြားစစ်နဲ့လည်းယဉ်ပါးပြီးသားပါ။ ပြောင်းလဲမှုအတွက် ငွေကုန်ကြေးကျကတော့ အတော်များပါတယ်။ တပ်မတခုတလလေ့ကျင့်ရေး ကုန်ကျစရိတ်ဟာ ဒေါ်လာ (၂) သန်းကနေ (၉) သန်းထိ တိုးခဲ့တယ်။ တပ်မလိုက်တိုက်ပွဲဝင်နိုင်အောင် လေ့ကျင့်ပေးတဲ့ အခြားတိုက်ခိုက်ရေးသင်တန်းကျောင်း (၂) ခုကလည်း အလားတူပြောင်းလဲခဲ့တယ်။ တင့်ကားတိုက်ပွဲတွေလေ့ကျင့်ဖို့အတွက် ကာလီဖိုးနီးယားက ဖို့တ်ဟာဝင် စစ်စခန်းကိုသုံးတယ်။ ဧက (၆) သိန်းရှိတဲ့ သဲကန္တာရထဲမှာ ခုဆို ဒေါ်လာသန်း (၅၀) တန် မြို့တည်ဖို့နဲ့ ဟောလိဝုဒ်ကကုမ္ပဏီတွေငှားဖို့ စီစဉ်နေပါသတဲ့။ အကြောင်းကတော့ အထူးပြုလုပ်ချက်တွေနဲ့ သရုပ်ဆောင်သူတွေလိုအပ်နေလို့ပါတဲ့။

(၁၉၇၃) ဗီယက်နမ်နောက်ပိုင်း အမေရိကန်နိုင်ငံဟာ သောင်းကျန်းသူ တန်ပြန်နှိမ်နှင်းရေးစစ်နဲ့ စစ်ပွဲငယ်များကို ဒါဇင်နဲ့ချီတက်ခဲ့တယ်။ ဗီယက်ကောင်းတွေနဲ့ တိုက်ခိုက်ခဲ့တုန်းကလို ဆိုမာလီယာနဲ့ဟေတီတို့မှာ အလားတူအမှားကြီးတွေ ကျူးလွန်ခဲ့ဘူးတယ်။ အမေရိကန်စစ်တပ်ရဲ့ တိုက်ပွဲစည်းမျဉ်းဥပဒေတွေ တင်းကျပ်တယ်ဆိုရင် အပြစ်မဲ့ပစ်မှတ်တွေကို ပိုပြီးတိုက်ခိုက်တယ်။ ပစ်အားတွေကို ပိုသုံးတယ်။ ယဉ်ကျေးမှုတွေကို အလေးမထားဘူး။ သောင်းကျန်းသူနှိမ်နှင်းရေး စစ်ကိုရင်ဆိုင်ခဲ့ရာမှာသုံးတဲ့ အမေရိကန်ရဲ့ နည်းနာပိုင်းဟာ တဖြည်းဖြည်းထိရောက်မှုနည်းလာခဲ့ပြီဖြစ်တယ်။

မြင်ကွင်း(၄)

စစ်ပွဲတိုင်းဟာ ပုံစံတူမဟုတ်ပါဘူး။ အီရတ်မှာစစ်ပွဲအောင်မြင်ဖို့ရာ အစောပိုင်းဝါဒဖြန့်မှုတွေဟာ အချည်းနှီးပါဘဲ။ အသေခံဗုံးခွဲသမားတွေရဲ့ခြိမ်းခြောက်မှုဟာ မာ့စ်ဝါဒီပြောက်ကျားတွေနဲ့ကွာခြားတယ်။ စစ်ပွဲအောင်နိုင်ဖို့အတွက် အမေရိကန်စစ်တပ်ဟာ သမိုင်းလက်တွေ့ထဲက ခိုင်မာတဲ့ဥပဒေသတွေ ထုတ်မယူနိုင်ခဲ့ဘူး။ အီရတ်စစ်မတိုင်မီ အမေရိကန်စစ်တပ်နဲ့ အင်္ဂလိပ်စစ်တပ် နှိုင်းယှဉ်ကြည့်ရင် ....

(၁) အင်္ဂလိပ်တွေက စစ်မြေပြင်မှာ အရပ်သားတွေနဲ့ ထိတွေ့ဆက်ဆံနိုင်ဖို့ မျှော်လင့်ချက်ထားတယ်။ အမေရိကန်တွေက ဒေသခံအရပ်သားတွေနဲ့ ကင်းကွာတယ်။

(၂) အင်္ဂလိပ်က အကျင့်ကောင်း၊ စရိုက်ကောင်းတွေဖြစ်အောင် သင်ကြားပေးတယ်။ ဒေသခံတွေထိခိုက်ပျက်စီးမှာနဲ့ ကြီးမားတဲ့ ပျက်စီးမှုမျိုးမဖြစ်အောင် အကန့်အသတ်နဲ့ ထိမ်းတယ်။ အမေရိကန်ကတော့ ရန်သူကို လုံးဝချေမှုန်းရေးကိုဘဲ သင်ကြားပေးတယ်။

(၃) အင်္ဂလိပ်စစ်သားတွေကို လူအုပ်ကြီးတွေထိန်းသိမ်းနိုင်ဖို့နဲ့ အခြေခံမှုခင်းပညာရပ်ကို သင်ကြားပေးထားတယ်။ အမေရိကန်စစ်သားတွေကတော့ သိတဲ့သူနည်းတယ်။ ဒါကြောင့်လည်း (၂၀၀၃) မေပြီမှာ အမေရိကန်စစ်သားတွေက ဆန္ဒပြနေတဲ့ လူအုပ်ထဲ သေနတ်နဲ့ပစ်ထည့်လို့ အစုလိုက်အပြုံလိုက် သေကျေဒဏ်ရာရခဲ့တယ်။ အကျိုးဆက်ကတော့ တမြို့လုံးဆန့်ကျင်တိုက်ခိုက်တာနဲ့ အကြီးအကျယ်ကြုံခဲ့ရတယ်။

အင်္ဂလိပ်ရဲ့သင်ကြားချက်က အရပ်သားတွေရဲ့ ယုံကြည်မှုရအောင်လုပ်ဖို့ဆိုတာ သူတို့ရဲ့ပထမရည်ရွယ်ချက်ဖြစ်တယ်။ ဒါမှလည်း သတင်းရရှိဖို့နဲ့ စစ်တပ်အတွက် ကောင်းမွန်တဲ့လူထုဆက်ဆံရေး တည်ဆောက်လို့ရနိုင်မှာပါ။ ဒါဟာ အင်္ဂလိပ်စစ်တပ်အတွက် လုပ်ရိုးလုပ်စဉ်ဖြစ်ပြီး သူတို့မှာ အီရတ်ယဉ်ကျေးမှုတွေကို ခံစားနားလည်နိုင်စွမ်းရှိကြတယ်။ အီရတ်မှာရှိတဲ့ အမေရိကန်စစ်တပ်အတွက် လူထုဆက်ဆံရေးတည်ဆောက်ပေးနိုင်သူဟာ အင်အား (၁၉,၀၀၀) ရှိတဲ့ တပ်မတခုမှာ အရာရှိ (၂) ယောက်ပဲရှိတယ်လို့ဆိုပါတယ်။

အခြားပြောစရာတခုက လူထုယုံကြည်မှုရဖို့ရာ အင်္ဂလိပ်စစ်သားတွေက စစ်ခမောက်ကိုချွတ်ပြီး ခြေကျင်ကင်းလှည့်လေ့ရှိတယ်။ ကားပေါ်ကဆင်းလာလာခြင်း တွေ့တဲ့လူတိုင်းကို ရင်းရင်းနှီးနှီးနှုတ်ဆက်တာတွေဟာ လူထုအတွက်အထင်ကြီးစရာပါပဲ။ ဒေါသတကြီးဆန့်ကျင်ဆန္ဒပြနေတဲ့ လူအုပ်ကြီးတွေ့ရင်တောင် အဝေးကစောင့်ကြည့်နေပြီး ဆန္ဒပြမှုငြိမ်သွားရင် နဂိုအတိုင်း ပျော့ပျော့ပျောင်းပျောင်းနဲ့ ရင်းရင်းနှီးနှီးဆက်ဆံလေ့ရှိတယ်။

မြင်ကွင်း(၅)

အနာဂတ်မှာဖြစ်နိုင်ချေရှိတာက စစ်ပွဲ (၁၀) ပွဲမှာ (၉) ပွဲဟာ အသေအလဲပစ်ခတ်တိုက်ခိုက်တဲ့ပုံစံမျိုး ဖြစ်လာမှာမဟုတ်တော့ပါဘူး။ တရုတ်စစ်ပါရဂူ ဆွန်ဇူးအဆိုအရ စစ်ပွဲအောင်နိုင်ဖို့ရာ အချက် (၃) ချက်လိုတယ်။ စစ်မြေပြင်ကို သိရမယ်၊ ကိုယ့်ကိုကိုယ်သိရမယ်၊ ရန်သူကိုသိရမယ်လို့ ဆိုတယ်။ ကွန်ပျူတာခန်းထဲကနေပြီး စစ်မြေပြင်ကို သိနိုင်တယ်၊ ကိုယ့်ကိုကိုယ်လည်း သိပြီးဖြစ်တယ်။ ဒါပေမယ့် လူထုကြားထဲ ကိုယ်ဖျောက်ထားတဲ့ရန်သူကိုသိဖို့ရာ နည်းပညာကကူညီနိုင်တယ်ဆိုပေမယ့် ရာနှုန်းပြည့်တော့မဟုတ်ပါဘူး။

အင်္ဂလိပ်စစ်တပ်ဟာ နေမဝင်ခေတ်အတွေ့အကြုံတင်မက ဗီယက်နမ်မှာ အမေရိကန်က အင်အားဖြုန်းတီးခဲ့တဲ့ သင်ခန်းစာတွေလည်းရထားတယ်။ ဒ့ါအပြင် မလေးရှားနဲ့ မြောက်ပိုင်းအိုင်ယာလန်မှာ ပထမပိုင်း ရက်ရက်စက်စက်ကိုင်တွယ်ခဲ့ပေမယ့် မအောင်မြင်ခဲ့တဲ့ သင်ခန်းစာတွေရှိတယ်။ အင်္ဂလိပ်စစ်တပ်အနေနဲ့ အမှားတွေကို သင်ခန်းစာယူပြီး အပြောင်းအလဲလုပ်နိုင်ပေမယ့် သူ့ထက်အင်အားကြီးမားတဲ့ အမေရိကန်ကတော့ ဒါမျိုးမလုပ်နိုင်ခဲ့ဘူး။

ပြောရရင် စစ်မြေပြင်မှာ ဆောင်ရွက်သင့်တဲ့နည်းပရိယာယ်၊ နည်းပညာ၊ လုပ်ထုံးလုပ်နည်းတွေနဲ့စစ်သားတွေ အကျွမ်းဝင်အောင်လုပ်ပေးရမယ်။ ဒါမှသာ စစ်တပ်မူဝါဒ၊ လေ့ကျင့်ရေး၊ လျာထားချက်၊ သုတေသနနဲ့ဖွံ့ဖြိုးတိုးတက်ရေး စတာတွေအတွက် အသုံးဝင်လာမှာဖြစ်တယ်။ ခုဆိုရင် အီရတ်နဲ့ အာဖဂန်မှာလုံခြုံရေး အင်တာနက်စာမျက်နှာနဲ့ တိုက်ရိုက်စကားပြောနိုင်တဲ့ လုံခြုံရေးအွန်လိုင်းတခု ရှိနေပါပြီတဲ့။ စစ်မြေပြင်နည်းနာပိုင်းဆိုင်ရာအမေးအဖြေတွေ ထောင်နဲ့ချီဖြန့်ဝေပေးနေပါသတဲ့။ ဒါတွေက စစ်သားတွေကို နည်းပညာပိုင်း၊ ဘာသာစကားလေ့လာရေးပိုင်း၊ စစ်ပွဲဇုံအတွင်း အစိတ်အပိုင်းတွေနဲ့လည်း ဆက်သွယ်နိုင်အောင် ကူညီ

စာမျက်နှာ (၇) ကော်လံ (၁) သို့ ...

# လူမျိုးတုံးသတ်ဖြတ်မှုအထောက်အထားသစ်များ ထပ်မံတွေ့ရှိဟု ထိုင်းထောက်လှမ်းရေးပြောဆို

လူမျိုးစု လက်နက်ကိုင်တပ်များကို နှိမ်နင်းရာတွင် နအဖစစ်တပ်သည် ဒေသခံများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုများရှိခဲ့သည့် သက်သေအထောက်အထားသစ်များ ထပ်မံတွေ့ရှိထားသည်ဟု ထိုင်းထောက်လှမ်းရေးအရာရှိတဦးက မတ်လဆန်းပိုင်းတွင် ပြောဆိုလိုက်သည်။

လွန်ခဲ့သော နှစ်များအတွင်း နအဖတပ်သည် ရွာပေါင်း (၃၀၀၀) ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ပြီး၊ တိုင်းရင်းသူများကို မုဒိမ်းကျင့်သတ်ဖြတ်မှုများရှိခဲ့သည်ဟူသော စွပ်စွဲချက်များထွက်ပေါ်ခဲ့ပြီး ယခုတဖန် ထိုင်းထောက်လှမ်းရေး အရာရှိတဦးက နအဖတပ်၏ စစ်တပ်က စနစ်တကျကျူးလွန်ခဲ့သော အထောက်အထားသစ်များတွေ့ရှိထားသည်ဟု ဆိုသည်။

၎င်းသည် နအဖစစ်တပ်၏ ဆက်သွယ်ရေးလုပ်ငန်းများကို နှစ်ပေါင်းများစွာ ကြားဖြတ်ထောက်လှမ်းခဲ့သူဖြစ်ပြီး မြန်မာနိုင်ငံအတွင်းပိုင်းတွင် ရက်စက်သောအဖြစ်အပျက်များရှိခဲ့သည်ဟူသော အထောက်အထားများကို သိရှိခဲ့ရသည်ဟုဆိုသည်။

အသစ်စက်စက်တွေ့ရှိထားသော အထောက်အထားမှာ ရှမ်းတိုင်းရင်းသားလက်နက်ကိုင်များသတ်ဖြတ်ထားသော မြန်မာအရာရှိတဦး၏ အလောင်းမှတွေ့ရှိရသော စာရွက်ဖြစ်ပြီး စာရွက်ပေါ်တွင် ''ရှမ်းတွေဟာ ရန်သူတွေပဲ၊ ဖျောက်ဖျက်ပစ်ရမယ်''ဟု ညွှန်ကြားထားသည်ဟု သူကဆိုသည်။

အဆိုပါ ထိုင်းထောက်လှမ်းရေးက ''ရှမ်း''ဟူသော အသုံးအနှုန်းမှာ ရှမ်းလက်နက်ကိုင်များသာ ရည်ရွယ်ခြင်းမဟုတ်ဘဲ၊ ရှမ်းမျိုးနွယ်တရပ်လုံးကို ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောသည်။

အလားတူအဖြစ်အပျက်မျိုးကို တခြားတိုင်းရင်းသားဒေသများတွင်လည်း တွေ့ရှိခဲ့ရသည်ဟု သူကဆိုသည်။ ❖

# ဒီကေဘီအေတပ်ဖွဲ့ဝင်နှစ်ဦးကို နအဖစစ်တပ်ကပစ်သတ်

မတ်လ (၄) ရက်နေ့ ညနေ ပိုင်းက နအဖစစ်တပ် ခလရ (၁၈) မှ တပ်ဖွဲ့တခု၏ပစ်ခတ်မှုကြောင့် ဒီကေဘီအေ ဒီမိုကရက်တစ်ဗုဒ္ဓဘာသာ ကရင်ခွဲထွက်အဖွဲ့မှ တပ်ဖွဲ့ဝင် (၂) ဦး သေဆုံးခဲ့သည်။

ထိုကိစ္စကို အမြန်ဆုံးစုံစမ်းဖော်ထုတ်ပေးရန် ဒီကေဘီအေမှ နအဖစစ်အစိုးရကို တောင်းဆိုလိုက်ကြောင်းသိရသည်။ နအဖဘက်မှ ကေအဲန်ယူ (ကရင်အမျိုးသားအစည်းအရုံး) မှ တပ်ဖွဲ့ဝင်များနှင့် မှားယွင်းပစ်ခတ်မိခြင်းဖြစ်သည်ဟု ပြောခဲ့သော်လည်း ဒီကေဘီအေဘက်မှလက်မခံဘဲ တင်းမာမှုရှိနေကြောင်း ထိုင်းမြန်မာနယ်စပ်တွင် အခြေစိုက်သော လွတ်လပ်သောမွန်သတင်းအေဂျင်စီမှ အယ်ဒီတာနိုင်ချမ်းမွန်က ပြောသည်။

၎င်းက ''အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ ဘုရားသုံးဆူမှာအခြေစိုက်တဲ့ ခလရ (၁၈) ကို ဒေသခံ ဒီကေဘီအေစစ်အရာရှိတွေနဲ့ ဆွေးနွေးပွဲမလုပ်ဖို့ ညွှန်ကြားထားတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒီသုံးဆူမှာရှိတဲ့ တပ်ရင်းအရာရှိတွေနဲ့ ဒီကေဘီအေအရာရှိတွေ ဆွေးနွေးပွဲလုပ်မယ်ဆိုရင် ဒီထက်ပြဿနာတွေရှုပ်သွားမှာစိုးလို့၊ ဒီကေဘီအေ အထက်ပိုင်းခေါင်းဆောင်နဲ့ အရှေ့တောင်တိုင်းစစ်ဌာနချုပ်က စစ်ခေါင်းဆောင်တွေတွေ့ဆုံပြီးတော့မှ သုံးဆူမှာအခြေစိုက်တဲ့ နှစ်ဖက်စစ်ခေါင်းဆောင်တွေ တွေ့ဆုံခိုင်းမယ်လို့ သူတို့က ညွှန်ကြားထားတယ်။ ဒီကေဘီအေဘက်က ဒုတိယဗိုလ်မှူးကြီး စိုးမိုးက သူတို့ စစ်သား (၂) ယောက် သေသွားလို့ ကျေနပ်မှုမရှိဘူး။ ဒါကြောင့်မို့ ကလဲ့စားချေဘို့ ပြောနေကြတယ်လို့ ကျနော်တို့သိရတယ်'' ဟု ပြောဆိုသည်။

သေဆုံးသူတပ်သားနှစ်ဦးမှာ ဒီကေဘီအေ အမှတ် (၉၀၁) မှ တပ်သားချမ်းနောင်နှင့် ရဲဖူးတို့ ဖြစ်သည်။ ❖

# နအဖထိုးစစ်ကြောင့် ရာနှင့်ချီသော ကရင်ရွာသားများ သံလွင်မြစ်ဘက်ကို ထွက်ပြေးရ



သံလွင်မြစ်ကမ်းဘက်သို့ အိုးအိမ်စွန့် ထွက်ပြေးလာကြသော ကရင်ရွာသားများ

နအဖစစ်တပ်၏ ကရင်ပြည်နယ်အတွင်း ထိုးစစ်ကြောင့် မတ်လ (၂၆) ရက်နေ့က နောက်ထပ် ကရင်တိုင်းရင်းသား (၄၀၀) ကျော်သည် သံလွင်မြစ်ဘက်ကို ထွက်ပြေးလာကြောင်း (Free Burma Rangers) ခေါ် ကယ်ဆယ်ရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

ထိုင်းနိုင်ငံ၊ မဲဟောင်ဆောင်ခရိုင်နှင့် မျက်နှာချင်းဆိုင်သို့ရောက်လာသော ကရင်ရွာသား (၄၀၀) ကျော်သည် ဖေဖော်ဝါရီလအတွင်းက တောင်ငူခရိုင်မှ ထွက်ပြေးလာသော ကရင်ရွာသား (၆၀၀) ကျော်ထဲက ဖြစ်ပြီး လမ်းတလျှောက်တွင် နအဖစစ်တပ်က လိုက်လံပစ်ခတ်သဖြင့် အသက်လုထွက်ပြေးလာရသူများဖြစ်သည်။

လွတ်မြောက်လာသူများသည် ယခုအခါ သံလွင်မြစ်နားတွင် တဲထိုးနေထိုင်လျက်ရှိကြပြီး ကယ်ဆယ်ရေးအဖွဲ့များက ဆေးဝါး၊ အစားအသောက်နှင့် နေရာထိုင်ခင်းအတွက် အကူအညီများပေးနေကြောင်း သိရှိရသည်။

နအဖတပ်မ (၆၆) နှင့် တပ်မ (၉၉) ၏ ကရင်ပြည်နယ်အတွင်း ထိုးစစ်များကြောင့် တောင်ငူနှင့် ညောင်လေးပင်ခရိုင်အတွင်းမှ သံလွင်မြစ်ဘက်ကို ထွက်ပြေးလာသူ ကရင်တိုင်းရင်းသား (၅၀၀၀) ကျော် ရှိသွားပြီဖြစ်သည်။

ထိုင်းဘက်ကလည်း ဒုက္ခသည်များထွက်ပြေးလာသည့်အကြောင်းရင်းကို မသိရသေးသည့်အတွက် နိုင်ငံတွင်း ဝင်ရောက်ခိုလှုံခွင့်မပြုသေးကြောင်းနှင့် ကရင်အမျိုးသား လူမှုကယ်ဆယ်ရေးအဖွဲ့များက ယင်းဒုက္ခသည်များထိုင်းနိုင်ငံတွင်း ဝင်ရောက်ခိုလှုံခွင့် ရရှိရေးအတွက် ထိုင်းအာဏာပိုင်များနှင့် ညှိနှိုင်းနေကြောင်းသိရသည်။

တိုက်ခိုက်မှုများကြောင့် တောင်ငူခရိုင် တောင်ပိုင်း ကရင်ရွာ (၁၆) ရွာမှ ရွာသား (၂၀၀၀) ကျော်နှင့် ညောင်လေးပင် ခရိုင်မှ ကရင်ရွာသား (၃၀၀၀) ကျော်တို့သည် တောတောင်တွေထဲတွင် ယခုတိုင်ပုန်းအောင်းနေရဆဲဖြစ်ကြောင်း (Free Burma Rangers) ကယ်ဆယ်ရေးအဖွဲ့ကဆိုသည်။

နအဖတပ်များသည် ထွက်ပြေးပုန်းအောင်းနေသော ကရင်ရွာသားများကို လိုက်ဖမ်းခြင်း၊ လူနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ မြေမြှုပ်မိုင်းထောင်ခြင်းများပြုလုပ်နေပြီး ယင်းလုပ်ရပ်များသည် ဒေသနေလူထု၏ နေ့စဉ်လုပ်ကိုင်စားသောက်မှုများကို ဖြတ်တောက်ပစ်ရုံသာမက ကရင်တော်လှန်ရေးသမားများနှင့် အဆက်အသွယ်ပြတ်တောက်သွားရန် ကရင်လူဦးရေကို ထိန်းချုပ်ထားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း (Free Burma Rangers) အဖွဲ့က ဆိုသည်။

❖

# ရှမ်းပြည်အရှေ့ပိုင်းနှင့် ကရင်ပြည်နယ်တွင်းရှိ ကျေးရွာများအား နအဖက အတင်းအဓမ္မပြောင်းရွှေ့ခိုင်း



နအဖတပ်၏ ဖြတ်လေးဖြတ် စစ်ဗျူဟာကြောင့် ရှမ်းပြည်နယ်နယ်အတွင်းမှ ဒေသခံများ၏နေ့စဉ်ဘဝများ၊ အသက်အိုးအိမ်များ လုံခြုံမှုမရှိကြရှာတော့

ရှမ်းပြည်အရှေ့ပိုင်း မိုင်းဖြတ်နှင့် မိုင်းဆတ်မြို့နယ်အတွင်းရှိ ကျေးရွာ (၁၀) ရွာကျော်ကို နအဖစစ်တပ် မုံခအခြေစိုက် ခမရ (၅၇၉) တပ်ရင်းက ဖေဖော်ဝါရီလ (၂၈) ရက်နေ့ နောက်ဆုံးထားရွှေ့ပြောင်းရန် အမိန့်ထုတ်ခဲ့ကြောင်းသိရှိရသည်။

ရှမ်းရွာများ ပြောင်းရွှေ့ခံရခြင်း အကြောင်းကို ရှမ်းသံတော်ဆင့်သတင်းဌာနမှ ဦးခွန်ဆိုင်းက ''ဒေသခံတွေရဲ့ခန့်မှန်းချက်အရ အဲဒီဒေသမှာ ရှမ်းပြည်တောင်ပိုင်းတပ်မတော်ရဲ့ လှုပ်ရှားမှုတွေရှိနေတဲ့အတွက် ရှမ်းလူထုရဲ့ထောက်ပံ့မှုမရအောင် ဖြတ်လေးဖြတ်စစ်ဗျူဟာအရ ရွှေ့ပြောင်းခိုင်းတာ ဖြစ်နိုင်သလို မုန်းကိုကျေးရွာအုပ်စုအတွင်းမှာ ခနောက်စိမ်းသိုက်တွေ့ရှိထားတာကြောင့် တူးဖော်နိုင်ဖို့ ရွှေ့ပြောင်းခိုင်းတာလည်း ဖြစ်နိုင်ပါတယ်။ နောက်အကြောင်းရင်းတခုကတော့ (၂၀၀၄) ခုနှစ်အတွင်းမှာ ထိုင်းအစိုးရနဲ့ သဘောတူစာချုပ်လွှာရေးထားတဲ့ အတိုင်း နမ့်ကုတ်နဲ့ မယ်ဆိုင်မြစ်ဆုံပေါ်မှာ ရေကာတာတည်ဆောက်နိုင်ဖို့အတွက် အခုလိုပြောင်းခိုင်းတာ'' ဟု ဒီဗွီဘီနှင့်မေးမြန်းခန်းတွင် အတည်ပြုသည်။

အလားတူပင် ကရင်ပြည်နယ်အတွင်း၌လည်း အရှေ့တောင်ပိုင်းတိုင်းစစ်ဌာနချုပ်လက်အောက်ခံ ခမရ (၃၀၀) တပ်ရင်းမှ တပ်ခွဲမှူး ဗိုလ်ကြီးသန်းနိုင်က အိမ်ခြေ (၅၀) ကျော်ရှိသော ဘားအံမြို့နယ် မူတခီးကျေးရွာကို မတ်လအစောပိုင်းတွင် ပြောင်းရွှေ့ခိုင်းခဲ့ကြောင်း၊ ဗိုလ်ကြီးသန်းနိုင်၏ မတရားသိမ်းပိုက်မှုကြောင့် ကျေးရွာလူထုမှာ နေစရာမရှိဖြစ်နေကြောင်း၊ ကျေးရွာသားများစိုက်ပျိုးထားသော ရာဘာခြံများကိုလည်းခုတ်လှဲနေကြောင်း၊ သိမ်းထားသောခြံတွင်းသို့ နွားများဝင်သောအခါတွင် သေနတ်ဖြင့်ပစ်ခတ်ကြောင်း၊ ၎င်းတို့၏ ပစ်ခတ်မှုကြောင့် လျော်ကြေးမရသည့်အပြင် ကျည်ဆံဖိုး ကျပ်တသောင်း ဒဏ်ရိုက်ကြောင်း ဒေသခံ မူတခီးရွာသားများက ဒီဗွီဘီသို့ ပြောသည်။

ယင်းပြဿနာကို ကျေးရွာသားများက မော်လမြိုင်မြို့ရှိ အရှေ့တောင်ပိုင်းတိုင်း၊ တိုင်းမှူးထံ စာရေးတိုင်ကြားခဲ့သော်လည်း တစုံတရာအရေးယူဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် ကျေးရွာသားများအပေါ် သေနတ်ပစ်ဖောက် ခြိမ်းခြောက်သည်အထိ ပိုမို ကြမ်းတမ်းလာနေကြောင်း ရွာသားများက ပြောသည်။

❖

## ရေရှည်စစ်ပွဲ၊ နှလုံးသားထဲ ဗဟိုပြု ဆောင်းပါးမှအဆက်...

သွားမယ်လို့ဆိုပါတယ်။

မြင်ကွင်း(၆)

အာဖဂန်နဲ့ အီရတ်ဆီကရတဲ့ သင်ခန်းစာကတော့ အမေရိကန်စစ်သားတွေ ဒေသဆိုင်ရာဘာသာစကားကို နားလည်ရမယ်ဆိုတဲ့အချက်ပါပဲတဲ့။ ဒေသဆိုင်ရာဘာသာစကားကိုလုံးဝမသိသူက အများစုပါဘဲတဲ့။ ခက်နေတာက မြင်းကို ရေကန်ဆီခေါ်သွားလို့ရနိုင်ပေမယ့် ရေသောက်အောင် မတတ်နိုင်ပါဘူး။

နောက်ဆုံးတော့ လူထုနှလုံးသားကို အရမယူနိုင်သေးသရွေ့ စစ်ပွဲအောင်နိုင်ဖို့ရာ ဝေးသထက်ဝေးနေအုံးမှာပါပဲ။ လူထုနှလုံးသားကို အရယူရေးက ပထမ၊ ရန်သူနိုင်ရေးကဒုတိယထားရမဲ့အစား၊ ရန်သူနိုင်ရေးကိုဘဲ အဓိကအာရုံထားတဲ့ အဂ္ဂဗျူဟာဟာ၊ တိုက်ပွဲစစ်ချင်းပဲရှုံးနေပါပြီလို့ အတတ်ပြောနိုင်ပါတယ်။ လူထုရဲ့နှလုံးသားချိန်ခွင်မှာ ဘယ်သူက အလေးသာသလဲဆိုတာကြည့်ရုံနဲ့ တိုက်ပွဲအရှုံးအနိုင်ကို သတ်မှတ်နိုင်ပါတယ်။ နှလုံးသားစစ်ကူရတဲ့သူသာ အောင်ပွဲရသူပါ။

ဒါဟာ လောကရဲ့နိယာမတခုဆိုရင် ....

ညိုသွင်
ရည်ညွှန်း
(The Economic Dec,05)

❖

# မြို့လည်ခေါင် လူမြင်ကွင်းတွင် ကြံ့ဖွံ့၊မီးသတ်နှင့်ပြည်သူ့ရဲတို့ပူးပေါင်းလူသတ် အပြစ်မဲ့နိုင်ငံရေးအကျဉ်းသားဟောင်းတဦး ဒဏ်ရာအပြင်းအထန်ဖြင့်သေဆုံး

မတ်လ (၁၇) ရက်နေ့ ညပိုင်းက ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ် စည်ပင်ရုံးရှေ့တွင် ကြံ့ဖွံ့၊ မီးသတ်နှင့် လုံခြုံရေးရဲများက ဝိုင်းဝန်းရိုက်နှက်ခဲ့သဖြင့် အသက် (၄၀) အရွယ် နိုင်ငံရေးအကျဉ်းသားဟောင်း ကိုသက်နိုင်ဦး၏ဦးခေါင်းတွင် ဒဏ်ရာအပြင်းအထန်ရခဲ့ပြီး နောက်တနေ့တွင် ကွယ်လွန်ခဲ့သည်။

(၂၀၀၂) ခုနှစ်ကမှ သာယာဝတီအကျဉ်းထောင်မှ လွတ်မြောက်လာသူ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်နေ ကိုသက်နိုင်ဦးကို ထိုနေ့ည (၈) နာရီခန့်က သီရိမင်္ဂလာဈေးအတွင်း လက်ဖက်ရည်သောက်ပြီး အပေါ့သွားစဉ် ဈေးစည်းကမ်းဖောက်ဖျက်သည်ဟုဆိုကာ လုံခြုံရေး၊ ရဲ၊ မီးသတ်နှင့်ကြံ့ဖွံ့အဖွဲ့ဝင် စုစုပေါင်း (၆၀) ခန့်က မသေမချင်း ရိုက်နှက်ခဲ့ကြောင်း ကိုသက်နိုင်ဦး၏မိခင် ဒေါ်စန်းရီက သတင်းဌာနများသို့ပြောသည်။

အသက်ငင်နေသော ကိုသက်နိုင်ဦးကို ထိုနေ့ညတွင်းချင်း ဆေးရုံပို့ပေးနိုင်သော်လည်း ဒဏ်ရာကြောင့် လုံးဝသတိပြန်မရတော့ဘဲ ဦးနှောက်နှင့်အာရုံကြောအဆောင်တွင် နောက်တနေ့နံနက် (၁၁) နာရီ (၄၀) တွင် သေဆုံးခဲ့သည်။

သားဖြစ်သူ မတရားအရိုက်ခံရသည့်အပေါ် အရေးယူပေးရန် ဒေါ်စန်းရီကိုယ်တိုင် ကြည့်မြင်တိုင်ရဲစခန်းသို့ သွားရောက်အမှုဖွင့်တိုင်ကြားခဲ့ပြီး အင်းစိန်တရားရုံးတွင် မတ်လ (၃၀) ရက်နေ့က ပထမဆုံးအကြိမ်စတင်စစ်ဆေးခဲ့သည်။ ကိုသက်နိုင်ဦး၏ သူငယ်ချင်း (၂) ဦးဖြစ်သော ကိုဝင်းမြင့်နှင့် ကိုခင်မောင်ဇော်တို့ကိုလည်း အာဏာပိုင်များက ထိုနေ့ညတွင်းချင်းပင် ကြည့်မြင်တိုင် ရဲစခန်းတွင် ဖမ်းဆီးချုပ်နှောင်ခဲ့သည်။

လောလောဆယ်တွင် ကိုဝင်းမြင့်နိုင်နှင့် ကိုခင်မောင်ဇော်ကို ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ် ခရိုင်ရဲစခန်းတွင် ပုဒ်မ (၃၃၃)၊ ဝတ္တရားနှောင့်ယှက်မှု၊ ပူးပေါင်းကြံစည်မှုတို့ဖြင့် ဖမ်းဆီးစစ်ဆေးနေကြောင်းသိရှိသည်။

ထို့အပြင် ကြည့်မြင်တိုင်မြို့နယ်မှ ရာဇဝတ်အကျဉ်းသားဟောင်းနှင့် ပြည့်တန်ဆာခေါင်းတချို့ကို ကိုသက်နိုင်ဦးအား ရိုက်သတ်သူတွေအဖြစ် လူစားထိုးဖမ်းဆီးထားကြောင်း သိရှိရသည်။



(၁၉၈၈) ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားဖြစ်သူ ကိုသက်နိုင်ဦးသည် ရှစ်လေးလုံးလူထုလှုပ်ရှားမှုတွင် ရှေ့တန်းမှပါဝင်ခဲ့ပြီး စက်တင်ဘာ (၁၈) စစ်တပ်က အာဏာသိမ်းသောအခါ နယ်စပ်ဒေသသို့ ထွက်ခွာ၍ (ABSDF)၊ (ဒညတ) စသော တော်လှန်ရေးအဖွဲ့အစည်းများတွင် အဖွဲ့ဝင်ဖြစ်ခဲ့သည်။ (၁၉၉၁) ခုနှစ်၊ ဧပြီတွင် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ပြည်တွင်းမြေအောက်လုပ်ငန်းများ လုပ်ဆောင်နေသော (ဗကသ)၊ အလုပ်သမားသွေးစည်းညီညွတ်ရေးအဖွဲ့များနှင့်တွဲ၍ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအတွက် စစ်အုပ်စုကို တော်လှန်ရင်း တဖက်မှ ကျောင်းပြန်တက်ခါ (၁၉၉၃) ခုနှစ်တွင် သမိုင်းဘာသာဖြင့် ဘွဲ့ရခဲ့သည်။ (၁၉၉၈) ခုနှစ်တွင် နအဖအာဏာပိုင်များ၏ ဖမ်းဆီးခြင်းကိုခံခဲ့ရပြီး (၂၀၀၂) ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့တွင် သာယာဝတီထောင်မှ ပြန်လွတ်မြောက်ခဲ့သည်။



ထိန်ပင်သုသာန်တွင်ကျင်းပသော ကိုသက်နိုင်ဦး၏ ချာပနအခမ်းအနား

ကိုသက်နိုင်ဦး၏ ချာပနအခမ်းအနားကို မတ်လ (၂၀) ရက်နေ့ နေ့လည်က ရန်ကုန်အနောက်ပိုင်း ထိန်ပင်သုသာန်တွင် ကျင်းပခဲ့ပြီး လူထုပရိသတ် (၁၀၀၀) ကျော်ခန့် တက်ရောက်ခဲ့သည်။

ချာပနအခမ်းအနားသို့ အဖွဲ့ချုပ်တရားရေးအဖွဲ့ဝင် ဦးအောင်သိန်း၊ အဖွဲ့ချုပ်လူငယ်များ၊ ညောင်လေးပင် သခင်အုန်းမောင်၊ သခင်အုန်းမြင့်၊ ဦးထွေးမြင့်အပါအဝင် ဝါရင့်နိုင်ငံရေးသမားများ၊ တကသဥက္ကဋ္ဌဟောင်း ဦးလှရွှေအပါအဝင် (၆၂) တက္ကသိုလ်ကျောင်းသားခေါင်းဆောင်များ၊ ဦးတိုးဘို၊ ဦးချစ်တင်၊ ဦးစိုးမြင့်အပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်၊ ကိုဇော်မင်း၊ ကိုစိုးထွန်း၊ ကိုသီဟ၊ ကိုမင်းဇေယျမ်းအပါအဝင် (၈၈) မျိုးဆက်ကျောင်းသားများလည်း တက်ရောက်ခဲ့ကြသည်။

ကိုသက်နိုင်ဦးကို အာဏာပိုင်များက တရားလက်လွတ်သတ်ဖြတ်ခဲ့ခြင်းနှင့် ပတ်သက်၍ ပြည်ပအခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း၊ ဗကသများအဖွဲ့ချုပ် နိုင်ငံခြားရေးရာကော်မတီ၊ မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် မြန်မာနိုင်ငံနိုင်ငံရေးအကျဉ်းသားများ သမဂ္ဂတို့က ကြေညာချက်ထုတ်ပြန်၍ အမှုမှန်ဖော်ထုတ်ပေးတောင်းဆိုထားသည်။

အမေရိကန်အစိုးရ၊ နိုင်ငံခြားရေးဌာနကလည်း ယခုဖြစ်ရပ်သည် ဒီမိုကရေစီလိုလားသူများ၊ အတိုက်ခံနိုင်ငံရေးသမားများအပေါ် လူမဆန်စွာနှိပ်စက်ညှဉ်းပမ်းလေ့ရှိသော စစ်အုပ်စု၏ ရာဇဝတ်မှုတခုအဖြစ် ပြင်းပြင်းထန်ထန်ဝေဖန်သည်။

အလားတူ ဟောင်ကောင်အခြေစိုက် အာရှလူ့အခွင့်အရေးအဖွဲ့ကလည်း ရန်ကုန်စစ်အစိုးရ၏လုပ်ရပ်သည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ချီတက်နေပါသည်ဆိုသော ကြွေးကြော်သံနှင့် တလမ်းစီဖြစ်နေသည်ဟု ဝေဖန်ရှုတ်ချလိုက်သည်။

❖



ကိုသက်နိုင်ဦး ရက်လည်ဆွမ်းကျွေးကို ထိုင်းမြန်မာနယ်စပ်တွင် ကျင်းပနေစဉ်

"အန်တီအနေနဲ့ကတော့ အန်တီရဲ့သားကို မသေမချင်းသတ်တဲ့တရားခံကို အတိအကျဖော်ထုတ်ပေးဖို့နဲ့ တရားဥပဒေအရ အရေးယူပေးဖို့ အဲဒါပဲလိုလားတယ်။ အဲဒီလိုပေါ်အောင်လို့ အန်တီကကြိုးစားမှာ။ ကြိုးစားဖို့အစီအစဉ်ရှိတယ်။ ခေတ်ဆိုးကြီးပါ။ မင်းမဲ့စရိုက်ကြီး ဆန်လွန်းအားကြီးတယ်။ အန်တီသား မသေမချင်းရိုက်ပြီးတော့ အသတ်ခံရတာဆိုတော့ အန်တီရင်ထဲမှာ ပြောပြလို့ရှိရင် တကယ်ကိုသားက ဒဏ်ရာပေါင်းများစွာနဲ့ အသက်ထွက်သွားရလို့ အန်တီရဲ့ အသည်းနှလုံးထဲမှာ ဒဏ်ရာတွေအများကြီးရှိပါတယ်။"



(ဒေါ်စန်းရီ၊ ကိုသက်နိုင်ဦး၏မိခင်)

ကျနော်တို့ အသက်အသက်ချင်း၊ ဘဝ ဘဝချင်းလဲလို့မသင့်တာတွေ အများကြီးရှိနေတယ်။ အကြမ်းဖက်နည်းနဲ့ ဖြေရှင်းချင်နေတဲ့ပုဂ္ဂိုလ်တွေနဲ့ ကျနော်တို့ဟာ စကားအတူအသံတူလိုက်ပြီးတော့ ဖြေရှင်းလို့မရဘူးဆိုတာ ကျနော်တို့အားလုံး သတိကြီးကြီးထားဖို့ အချိန်ရောက်နေပြီ။ ကျနော်တို့ဘက်ကို အကြမ်းဖက်တဲ့နည်းနဲ့လာပြီးတော့ ရန်ဆွယ်သည်ဖြစ်စေ၊ ကျနော်တို့ကို သွေးကိုပူအောင်လုပ်သည်ဖြစ်စေ၊ ကျနော်တို့ သတိထားရပါလိမ့်မယ်။ ဒီမိုကရေစီ အင်အားစုတွေအားလုံး ကျနော်တို့ ကျောင်းသားလူငယ်တွေအားလုံးဟာ အခုပိုပြီးတော့ ညီညွတ်သွားပြီ။ ပိုပြီးတော့ ကျောချင်းကပ်ထားလိုက်ကြပြီ။ ဒါဟာ အချိန်မရွေး ကျနော်တို့ကျောင်းသား လူငယ်တွေကြားထဲကိုဝင်ပြီးတော့ အကြမ်းဖက်တဲ့နည်းတွေနဲ့ ရင်ဆိုင်လာဘို့ရှိတယ်ဆိုတာ ကျနော်တို့နားလည်နေပြီ။ ကျနော်တို့ကတော့ ခေါင်းအေးအေးထားပြီးတော့ တရားဥပဒေအတိုင်း ဖြောင့်ဖြောင့်မတ်မတ်ပဲ ပြန်ရင်ဆိုင်မှာပဲ။ ကျနော်တို့ မတရားမှုကိုတော့ ငုံ့ခံကြမှာမဟုတ်ဘူးဆိုတာ ကျနော်တို့ဒီကနေ့ ရှင်းရှင်းပြတ်ပြတ်ပဲ ပြောလိုက်ချင်တယ်။

(မင်းကိုနိုင်၊ (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်)

"ရာဘာတုတ်နဲ့ရိုက်တယ်။ အနည်းဆုံး (၆၀) နဲ့ အများဆုံး (၉၀) ကြားမှာရှိတယ်။ မီးသတ်တွေက ကားတွေကြားထဲဝင်ပြီး အကျႌတွေချွတ်တယ်။ အပေါ်ယူနီဖောင်းပေါ့။ သူ့မှာ ဟိုဘက်ပြေးလို့လဲမရ။ ဒီဘက်ပြေးလို့လဲမရ။ ဟိုဘက်ကလည်း အုတ်ခဲတွေနဲ့ထု၊ ဒီဘက်ကလည်း ခဲတွေနဲ့ထု၊ လေးခွတွေနဲ့ပစ်။ လေးခွထဲမှာတောင် ရိုးရိုးခဲတွေနဲ့ပစ်တာမဟုတ်ဘူး။ စက်ဘီးတွေထဲမှာသုံးတဲ့ ကုန်းသီးတွေနဲ့ပစ်တာ။ ကုန်းသီးကထိသွားတာ နားထင်ကိုသွားထိတယ်။ အဲဒီတချက်ပဲ နားထင်လဲထိလဲထိရော လဲကျသွားတယ်။ နောက်ကနေ တုတ်တွေနဲ့ ဝင်ရိုက်သေးတယ်။ အဲဒီအချိန်မှာ ဟိုလူကရိုက်လိုက်၊ ဒီလူက ရိုက်လိုက်နဲ့ခဲနဲ့ ထုသွားလိုက်။ 'ဟာ' ဆိုပြီး တလုံးတတယ်။ နောက်တချက် ထပ်ရိုက်တယ်။ ဒူးထောက်သွားတယ်။ အဲဒီမှာ ခေါင်းကို နောက်တယောက်ကရိုက်တယ်။ လဲတယ်။ အဲဒီလဲသွားတဲ့အချိန်မှာ တယောက်ပြီးတယောက် နှစ်ယောက်ဆက်တိုက်ဝင်ရိုက်သေးတယ်။ ကျောကို။ အရုံမီးသတ်နဲ့ တာဝန်ရှိရဲပေါ့နော်။ ရိုက်လို့ပြီးလဲပြီးရော ရဲသားတယောက်က ခါးကိုဒူးနဲ့ထောက် လက်ထိပ်ခတ်ပြီးတော့မှ လက်ပြန်ခတ်တယ်။ ရပြီ ရပြီ တော်ပြီ တော်ပြီဆိုတဲ့အသံနဲ့ အားလုံး ဆက်ပြီးနားလည်းမထောင်ရဲတော့ဘူး။ မြင်လဲမမြင်ရဲတော့ဘူး။ အဲဒါနဲ့ ကျနော်မြင်လိုက်ရတဲ့အချိန်မှာ ကိုသက်နိုင်ဦးကို လက်ထိပ်ခတ်သွားပြီးတော့ ဆိုက်ကားပေါ်မှောက် လျက်တင်လိုက်တဲ့အချိန်မှာ ဆန့်ငင်ဆန့်ငင်တော့ဖြစ်နေပြီ။"

(မျက်မြင်သက်သေတဦး၊ ဒီဗွီဘီသို့ ပြောပြချက်မှ)



# ကနေဒါနိုင်ငံခြားရေးပေါ်လစီတွင် မြန်မာ့ဒီမိုကရေစီရေးအားပေးရန် ကနေဒါရောက် မြန်မာပြည်သားများကြိုးပမ်း

မတ်လ (၁၇) ရက်နေ့က ကနေဒါနိုင်ငံ၊ အိုတာဝါမြို့၌ မြန်မာ့အရေးထောက်ခံအားပေးသူများစုပေါင်း၍ ကနေဒါနိုင်ငံခြားရေးပေါ်လစီတွင် မြန်မာ့ဒီမိုကရေစီအရေးထောက်ခံအားပေးလာစေရန်အတွက် စာတမ်းတင်သွင်းရန် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်းသိရှိရသည်။

ကနေဒါ–မြန်မာမိတ်ဆွေများအဖွဲ့က ဦးစီးကျင်းပသော (၂) ရက်တာ ဆွေးနွေးပွဲသို့ အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ (အမေရိကန်) မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး မြန်မာ့အရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြကြောင်းသိရှိရသည်။

ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော လူမှုရေးအကြပ်အတည်း လိုအပ်ချက်များအပေါ် မှန်မှန်ကန်ကန် အကူအညီပေးနိုင်မည့်နည်းလမ်းများ ရှာဖွေရေးနှင့် အဖွဲ့ချုပ်၏ ပြည်ထောင်စုနေ့ကမ်းလှမ်းချက် ခြေလှမ်းသစ်အပေါ် ထောက်ခံရေး၊ ကနေဒါနိုင်ငံအစိုးရသစ်၏ နိုင်ငံခြားရေးမူဝါဒတွင် မြန်မာ့အရေးနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်လာစေရေး အကြံပြုတင်ပြမည့် စာတမ်းနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

(၂) ရက်တာဆွေးနွေးပွဲမှ ထွက်ပေါ်လာသော ဆွေးနွေးဆုံးဖြတ်ချက်များသည် ကနေဒါအစိုးရ၏ မြန်မာနိုင်ငံအပေါ်ထားသော နိုင်ငံခြားရေးပေါ်လစီအပေါ် သက်ရောက်မှုရှိကြောင်းကို ဆွေးနွေးပွဲအား ဦးဆောင်ကျင်းပသော ကနေဒါမိတ်ဆွေများအဖွဲ့မှတာဝန်ခံ ဦးတင်မောင်ထူးက "ဒီဖိုရမ်ကထွက်လာမယ့် (Recommendations) တွေဟာ ကနေဒါအစိုးရဆီ တိုက်ရိုက်သွားဖို့ရှိပါတယ်။ ကနေဒါအစိုးရကလည်း ဒီဖိုရမ်ကထွက်လာမယ့် (Recommendations) တွေကို သူတို့နားထောင်မယ်။ သူတို့စဉ်းစားမယ်ဆိုတာ သူတို့ပြောထားပါတယ်"ဟု ဗွီအိုအေသို့ပြောခဲ့သည်။

ယမန်နှစ်ကလည်း ကနေဒါရောက် မြန်မာ့ဒီမိုကရေစီလှုပ်ရှားနေသော အဖွဲ့အစည်းများစုပေါင်း၍ အလားတူဆွေးနွေးပွဲတရပ်ကျင်းပခဲ့ပြီး ကနေဒါ နိုင်ငံခြားရေးပေါ်လစီနှင့်ပတ်သက်၍ မြန်မာ့ဒီမိုကရေစီအင်အားစုများ၏ အမြင်၊ သုံးသပ်ချက်သဘောထားများကို အစီရင်ခံစာတစောင်ပြုစု၍ ကနေဒါအစိုးရထံပေးပို့နိုင်ခဲ့ကြောင်းသိရှိရသည်။ ❖

# မြန်မာ့နိုင်ငံရေးအပြောင်းအလဲအတွက် အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံ ပိုမိုပူးပေါင်းရန် အဲန်စီဂျီယူဘီ တိုက်တွန်း



Photo: NEJ

အဲန်စီဂျီယူဘီဝန်ကြီး ဦးဘိုလှတင့်အား ထိုင်းနိုင်ငံ၊ ဘန်ကောက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ တွေ့ရစဉ်

မြန်မာ့နိုင်ငံရေးအပြောင်းအလဲကိစ္စတွင် အာဆီယံနှင့်အိမ်နီးချင်းနိုင်ငံများ၏ အခန်းကဏ္ဍသည် အရေးကြီးသဖြင့် အတူတကွပူးပေါင်းဆောင်ရွက်ရန် အမျိုးသားညွန့်ပေါင်းအစိုးရက တိုက်တွန်းလိုက်သည်၊

မတ်လ (၂၉)ရက်နေ့က ထိုင်းနိုင်ငံ ဘန်ကောက်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အဲန်စီဂျီယူဘီဝန်ကြီး ဦးဘိုလှတင့်က မြန်မာ့အရေးနှင့်ပတ်သက်၍ အာဆီယံနိုင်ငံများ၏ စွမ်းစွမ်းတမံဆောင်ရွက်ချက်များကို ထုတ်ဖော်ချီးကျူးလိုက်ပြီး၊ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံများကိုလည်း အရေးကြီးသည့်အခန်းမှ ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းလိုက်သည်။

အလားတူ ထိုင်းနိုင်ငံမှ သံတမန်ဟောင်းတဦးဖြစ်သူ အက်ဒါဂျရာမာက အဆိုပါ (၃) နိုင်ငံ၊ အထူးသဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဗီတိုအာဏာရှိသော တရုတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများသည် အရေးတကြီးကိစ္စဖြစ်သည်ဟု ဆိုသည်။

သတင်းစာရှင်းလင်းပွဲတွင် ဦးဘိုလှတင့်က မြန်မာနိုင်ငံသို့ သွားရောက်ခဲ့သော အာဆီယံကိုယ်စားလှယ် ဆစ်ဟာမဒ်အယ်လ်ဘာနှင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပြည်တွင်းမှပုဂ္ဂိုလ်များနှင့် တွေ့ခွင့်ရရန် မိမိတို့ကြိုးပမ်းဆောင်ရွက်နေကြောင်း ပြောသည်။

"မလေးရှားသံရုံးကတဆင့် ဒီကိစ္စအတွက် ကျနော်တို့တောင်းဆိုထားတာရှိပါတယ်"ဟု ဦးဗိုလ်လှတင့်ကပြောသည်။

မလေးရှားသည် လက်ရှိအာဆီယံ၏ အလှည့်ကျသဘာပတိဖြစ်ပြီး၊ မြန်မာ့နိုင်ငံ၏ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှုအခြေအနေများ စုံစမ်းရန် မလေးရှားနိုင်ငံခြားရေးဝန်ကြီးသည် ပြီးခဲ့သည်လက အာဆီယံကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံသို့သွားရောက်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဒီမိုကရေစီအင်အားစုများနှင့် တွေ့ခွင့်မရသော သူ၏ခရီးစဉ်သည် အောင်မြင်မှုမရှိသော ခရီးစဉ်အဖြစ် မစ္စတာအယ်လ်ဘာက သတင်းထောက်များကို မကြာခင်က ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံခြားရေးဝန်ကြီးသည် ယင်းကိစ္စကို ဧပြီလ (၁၇၊ ၁၈) နေ့တွင် ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် အစီရင်ခံမည်ဖြစ်သည်။

ဤအတောအတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးတို့ကလည်း မြန်မာ့အရေးတွင် ပူးပေါင်းဆောင်ရွက်ရန် တရုတ်နှင့်အိန္ဒိယနိုင်ငံများကိုတိုက်တွန်းထားသည်။ ❖

## ဧပြီလဆန်းပိုင်း ပြည်တွင်းကုန်ဈေးနှုန်း

| | | | |
|---|---|---|---|
| ရွှေ (၁) ကျပ်သား | | (၃၈၀၀၀၀) | ကျပ် |
| ၁ ဒေါ်လာ | | ၁၂၅၀ | ကျပ် |
| ၁ ဘတ် | | ၃၁ | ကျပ် |
| ဒီဇယ်ဆီ | (တဂါလံ) | (၃၇၀၀–၄၀၀၀) | ကျပ် |
| ဓာတ်ဆီဈေး | (တဂါလံ) | (၃၄၀၀–၃၆၀၀) | ကျပ် |
| ပေါ်ဆန်းမွှေး | (တတင်းခွဲ) | (၁၈၀၀၀) | ကျပ် |
| ဧည့်မထ | (တတင်းခွဲ) | (၁၁၀၀၀) | ကျပ် |
| ဝက်သား | (တပိဿာ) | (၅၀၀၀) | ကျပ် |
| အမဲသား | (တပိဿာ) | (၄၅၀၀) | ကျပ် |
| မြေပဲဆီ | (တပိဿာ) | (၂၅၀၀) | ကျပ် |
| ငြုပ်သီး | (တပိဿာ) | (၂၂၄၀) | ကျပ် |
| ကုလားပဲခြမ်း | (တပိဿာ) | (၁၁၀၀) | ကျပ် |
| ကြက်သွန်နီ | (တပိဿာ) | (၈၅၀–၉၀၀) | ကျပ် |
| လက်ဘက်ရည်တခွက် | | (၁၅၀) | ကျပ် |




## ၂၀၀၇ ဘဏ္ဍာရေးနှစ်၊ ၂၀၀၆ ဧပြီလမှစတင်မည့် လစာနှုန်းထား

### အရပ်ဘက်ဝန်ထမ်း တိုးမြှင့်လစာနှုန်းထားများ

| အဆင့် | ယခင်မူရင်းလစာ | ယခုတိုးမြှင့်မူရင်းလစာ | မှတ်ချက် |
|---|---|---|---|
| ရုံးအကူ | ၃၀၀၀ | ပါဝင်ခြင်းမရှိသေး။ | |
| အငယ်တန်းစာရေး (LD) | ၄၂၀၀ | ၂၇,၀၀၀ | (၆ ဒသမ ၄) |
| အကြီးတန်းစာရေး (UD) | ၄၈၀၀ | ၃၃,၀၀၀ | (၆ ဒသမ ၉) |
| ရုံးအုပ် | ၅၄၀၀ | ၃၉,၀၀၀ | (၇ ဒသမ ၂) |
| ဦးစီးအရာရှိ (Grade - 3) | ၇၅၀၀ | ၈၀,၀၀၀ | (၁၀ ဒသမ ၆) |
| လ/ထ ညွှန်မှူး၊ ဒုညွှန်မှူး | ၈၇၀၀ | ၁၀၀,၀၀၀ | (၁၁ ဒသမ ၅) |
| ညွှန်မှူး၊ ညွှန်ချုပ် | ၁၀၀၀၀ | ၁၂၀,၀၀၀ | (၁၂) |

### စစ်ဘက်ဝန်ထမ်း တိုးမြှင့်လစာနှုန်းထားများ

| | |
|---|---|
| ဗိုလ်ချုပ်မှူးကြီး (၁၂) သိန်း | ဗိုလ် (၁) သိန်း (၂) သောင်း |
| ဒုတိယ ဗိုလ်ချုပ်မှူးကြီး (၁၀) သိန်း | ဒုတိယဗိုလ် (၁) သိန်း |
| ဗိုလ်ချုပ်ကြီး (၈) သိန်း | အရာခံဗိုလ် (၅) သောင်း (၇) ထောင် |
| ဒုတိယဗိုလ်ချုပ်ကြီး (၆) သိန်း | ဒုတိယအရာခံဗိုလ် (၅) သောင်း (၂) ထောင် |
| ဗိုလ်ချုပ် (၄) သိန်း | ခွဲတပ်ကြပ်ကြီး (၄) သောင်း (၅) ထောင် |
| ဗိုလ်မှူးချုပ် (၃) သိန်း | တပ်ကြပ်ကြီး (စာရေး) (၃) သောင်း (၉) ထောင် |
| ဗိုလ်မှူးကြီး (၂) သိန်း | တပ်ကြပ် (၃) သောင်း (၃) ထောင် |
| ဒုတိယဗိုလ်မှူးကြီး (၁) သိန်း (၈) သောင်း | ဒုတိယတပ်ကြပ် (၂) သောင်း (၇) ထောင် |
| ဗိုလ်မှူး (၁) သိန်း (၆) သောင်း | တပ်သား (၂) သောင်း (၂) ထောင် |
| ဗိုလ်ကြီး (၁) သိန်း (၄) သောင်း | တပ်သားသစ် (၁) သောင်း (၅) ထောင် |

Source: PDC

# နိုင်ငံရေးတွင် အမျိုးသမီးများ ပိုမိုပါဝင်နိုင်ရေး အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) တောင်းဆို

အမျိုးသမီးများအနေဖြင့် နိုင်ငံရေးတွင် ပိုမိုပါဝင်နိုင်ရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က ထပ်မံတောင်းဆိုလိုက်သည်။

မတ်လ (၈) ရက်နေ့၊ နိုင်ငံတကာ အမျိုးသမီးများနေ့တွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က ကြေညာချက်တစောင် ထုတ်ပြန်ခဲ့ပြီး ''လူမှုနယ်ပယ်အသီးသီးတွင် ကျား၊ မ တန်းတူညီမျှမှုရှိမှသာ ခွဲခြားဆက်ဆံမှုများပပျောက်ပြီး အကြမ်းဖက်မှုများ ရပ်တန့်၍ လူမှုဘဝငြိမ်းချမ်းသာယာ ရန် ညီမျှမှုရရှိရေးမှာအရေးကြီးသည့်အတွက် အဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်မှု ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်ရေး စသောရည်ရွယ်ချက်များဖြင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကို (၁၉၉၉ ) ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။

(၃၁) နှစ်မြောက် နိုင်ငံတကာအမျိုးသမီးများနေ့တွင် အဖွဲ့က ထိုင်းနိုင်ငံ၊ အုန်းဖျန်ဒုက္ခသည်စခန်းတွင် ကျင်းပခဲ့ပြီး အခမ်းအနားသို့ အဖွဲ့တွင်ပါဝင်သော တိုင်းရင်းသား အမျိုးသမီးအဖွဲ့အစည်း (၁၂) ဖွဲ့မှ အမျိုးသမီးကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

အမျိုးသမီးများအကြား အသိပညာ နေ့မျှားကလည်း နိုင်ငံတကာအမျိုးသမီးများနေ့ အကြိုဆွေးနွေးပွဲများပြုလုပ်ခဲ့ပြီး၊ မဲဆောက်ရှိ စက်ရုံအလုပ်ရုံများမှ ရွှေ့ပြောင်းအလုပ်သမများကို ဖိတ်ကြားခဲ့ကြောင်း၊ အခမ်းအနား ဖြစ်မြောက်ရေးကော်မတီဝင်၊ အဲန်အယ်လ်ဒီ လွတ်မြောက်နယ်မြေ ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့ဝင် ဒေါ်ခိုင်ခိုင်ကျော်က မိုးကြိုးသို့ ပြောသည်။

အမျိုးသမီးများ၏ လူမျိုးစုဆိုင်ရာ အခွင့်အရေး၊ ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေး လှုပ်ရှားမှုများကို အသိအမှတ်ပြုသည့်အနေ



နိုင်ငံတကာအမျိုးသမီးနေ့တွင် တွေ့မြင်ရသော အမျိုးသမီးခေါင်းဆောင်များ

အခန်းကဏ္ဍကို မြှင့်တင်ရန်အရေးကြီးသည်'' ဟု ဖော်ပြထားသည်။

အမျိုးသမီးစွမ်းရည်မြှင့်တင်ရေး၊ လူ့အဖွဲ့အစည်း၏ အလွှာအသီးသီးတွင် အမျိုးသမီးများပါဝင်နိုင်ရေးနှင့် ဒီမိုကရေစီရေး၊ ဖလှယ်နိုင်ရေးအစီအစဉ်၏ တစိတ်တပိုင်း အဖြစ် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံသည်) နှင့် ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့ (အဲန်အယ်လ်ဒီ လွတ်မြောက်နယ်မြေ) တို့၏ အစီအစဉ်ဖြင့် မတ်လ (၄၊ ၅၊ ၆) ရက် ဖြင့် (၁၉၇၅) ခုနှစ်တွင်ကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂညီလာခံကြီးက မတ်လ (၈) ရက်နေ့ကို နိုင်ငံတကာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ခဲ့သည်။

❖

# ဗိုလ်ချုပ်ကြီးများ ရန်ကုန်မှဆုတ်ခွာရခြင်းအကြောင်းရင်း အဲန်စီဂျီယူဘီ ဝန်ကြီးတဦးက ရှင်းလင်းပြောကြား


ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် မတ်လ (၂၉) ရက်နေ့က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ နအဖဗိုလ်ချုပ်ကြီးများ ရန်ကုန်မှ ဆုတ်ခွာရခြင်းအကြောင်းအရင်းများအနက် အဓိကမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး၊ ဒေါ်ကြိုင်ကြိုင်၏ အိပ်မက်ဆိုးအတိတ်နိမိတ်ကြောင့် ပြောင်းရွှေ့ရခြင်းဖြစ်ကြောင်း အဲန်စီဂျီယူဘီ ဝန်ကြီး ဦးဘိုလှတင့်က ထည့်သွင်းပြောကြားလိုက်သည်။

ဦးဘိုလှတင့်က''ဟာသမဟုတ်ဘူးဗျ။ ကျနော်တို့ ပြည်တွင်းကကြားတဲ့ သတင်းအရ တညမှာ ဒေါ်ကြိုင်ကြိုင်အိပ်မက်ဆိုးမက်တယ်''ဟု ပျဉ်းမနားသို့ မြို့တော်ပြောင်းရွှေ့ရခြင်းနှင့်ပတ်သက်၍ပြောသည်။

ဆက်လက်၍ ''နောက်တော့ ထင်ရှားတဲ့ ဗေဒင်ဆရာတွေရောက်လာပြီး ကံကြမ္မာဆိုးတွေမကျခင် မြို့တော်ကိုရွှေ့ဖို့ အစီအစဉ်တွေဖြစ်လာတာ။ အဲ့ဒီကတည်းက စစ်ရုံးချုပ်တခုတည်းကို သူတို့ရွှေ့ချင်ခဲ့ကြတာ''ဟု ဦးဘိုလှတင့်ကပြောသည်။

ဘန်ကောက်မြို့ နိုင်ငံခြားသတင်းထောက်များအသင်းတွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဦးဘိုလှတင့်က ညွန့်ပေါင်းအစိုးရပြုစုထားသော (၂၀၀၅) ခုနှစ် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအစီရင်ခံစာနှင့်ပတ်သက်၍ ရှင်းလင်းခဲ့သည်။

ပြီးခဲ့သည့်နှစ်ကုန်ပိုင်းတွင် မြို့တော်အပြောင်းအရွှေ့နှင့်ပတ်သက်၍''အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကောင်းမွန်ရန်''ဟု နအဖက တရားဝင်ကြေညာသော်လည်း ဆန်းစစ်သူများက အမေရိကန်က ဝင်ရောက်တိုက်ခိုက်မည်ကိုစိုးရိမ်၍ ပြောင်းရွှေ့ခြင်းဖြစ်သည်ဟု ခန့်မှန်းသည်။ လေ့လာသူတချို့က လူထုအုံကြွမှုဖြင့် အာဏာအသိမ်းခံရမည်ကို ကြိုတင်ကာကွယ်သဘောဟုဆိုသည်။

❖

# အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့် သတင်းစာဆရာကြီးဦးဝင်းတင် မွေးနေ့အခမ်းအနား တပြိုင်နက်တည်းကျင်းပ


ဦးတင်ဦး


ဦးဝင်းတင်

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရကြရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့် သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင်တို့၏ မွေးနေ့ဂုဏ်ပြုအခမ်းအနားကို ထိုင်းမြန်မာနယ်စပ်တနေရာတွင် မတ်လ (၁၂) ရက်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဒုဥက္ကဋ္ဌ ဦးတင်အောင်၊ မြန်မာနိုင်ငံအမျိုးသားကောင်စီ ဒုဥက္ကဋ္ဌ ဦးခိုင်စိုးနိုင်အောင်၊ ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ဖက်ဒရယ်ရေးရာဝန်ကြီး ခွန်မားကိုဘန်၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်တို့ မြန်မာ့အလင်းသတင်းစာ အယ်ဒီတာဟောင်း ဦးတင်ထွန်းအောင်ကလည်း ဟံသာဝတီဦးဝင်းတင်၏ မယိမ်းယိုင်သော ကိုယ်ကျင့်တရားနှင့် သတင်းလုပ်ငန်းအပေါ် တစိုက်မတ်မတ်ယုံကြည်ချက်များအကြောင်းကို သူသိကျွမ်းဆက်ဆံခဲ့ဖူးသော ၁၉၆၉ ခုနှစ်က ဟံသာဝတီသတင်းစာအယ်ဒီတာချုပ် ဦးဝင်းတင်၏ ပြောစကားနှင့်လုပ်ဆောင်ချက်များကို ဥပမာပေးပြောကြားခဲ့သည်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်က မြန်မာနိုင်ငံ၏ကံကြမ္မာကိုအဆုံးအဖြတ်ပေးမည့် သမိုင်းနှင့်ချီ၍ အနစ်နာခံခဲ့ကြသော ပြည်တွင်းပြည်ပမှ ဒီမိုကရေစီသူရဲကောင်းများ၏ စုံညီဆွေးနွေးပွဲ စကားဝိုင်းတခုကို မြင်လိုကြောင်းသူ၏ဆန္ဒကို ထုတ်



ဦးတင်ဦး (၇၉) နှစ်မြောက်နှင့် ဦးဝင်းတင် (၇၆) နှစ်မြောက် မွေးနေ့အခမ်းအနား

တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် အဖွဲ့အစည်း အသီးသီးမှ ခေါင်းဆောင်များက အကျဉ်းကျခံနေရသော မြန်မာ့ဒီမိုကရေစီသူရဲကောင်း ဦးတင်ဦးနှင့် ဦးဝင်းတင်တို့ကို ဂုဏ်ပြုသော အမှတ်တရစကားများပြောကြားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီး ခွန်မားကိုဘန်က ဦးတင်ဦး ဗိုလ်ချုပ်ဘဝက အရပ်ဘက်နှင့်စစ်ဘက်ခေါင်းဆောင်များ၏ လေးစားမှုကို ခံခဲ့ရသည့်အကြောင်းကို ၁၉၇၄ ခုနှစ်က သူ၏ကိုယ်တွေ့အဖြစ်အပျက်များဖြင့် အမှတ်တရပြန်ပြောင်းပြောပြခဲ့သည်။

ဖော်ပြောကြားသွားသည်။

မြန်မာနိုင်ငံ အမျိုးသားကောင်စီ ဒုဥက္ကဋ္ဌ ဦးခိုင်စိုးနိုင်အောင်က ဦးတင်ဦးနှင့် ဦးဝင်းတင်တို့သည် ယုံကြည်ချက်အပေါ် တစိုက်မတ်မတ် တိုက်ပွဲဝင်ရပ်တည်နေခြင်းဖြစ်ပြီး၊ နအဖသည် ခေါင်းဆောင်နှစ်ဦး၏ စွမ်းရည်ကို အကြောက်ကြီးကြောက်၍ ပြန်မလွှတ်ရဲခြင်းဖြစ်ကြောင်း ပြောကြားသွားသည်။

အခမ်းအနားသို့ မြန်မာ့ဒီမိုကရေစီအရေး တိုက်ပွဲဝင်နေသော အဖွဲ့အစည်းများမှ ပရိသတ် (၂၀၀) ကျော်တက်ရောက်ခဲ့ပြီး၊ ဦးတင်ဦးနှင့် ဦးဝင်းတင်လွတ်မြောက်ရေးအတွက် တောင်းဆိုခဲ့ကြသည်။ ❖

''သတင်းစာမှားသောကိစ္စတွင် မှန်သောပုဂ္ဂိုလ်တဦးတယောက်ကိုပင် ဖြစ်စေ ဝန်ချတောင်းပန်ရ၍၊ သတင်းစာမှန်သောကိစ္စတွင် မှားသောလူအများကိုပင်ဖြစ်စေ ဆန့်ကျင်တိုက်ပွဲဝင်ရဲရမည်။

ဟံသာဝတီ ဦးဝင်းတင်

# ညွန့်ပေါင်းအစိုးရဝန်ကြီးချုပ် ဥရောပခေါင်းဆောင်များနှင့် မြန်မာ့အရေး ဆွေးနွေး

ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသား ညွန့်ပေါင်းအစိုးရ ဒေါက်တာစိန်ဝင်းဦး ဆောင်သည့်အဖွဲ့သည် ဥရောပနိုင်ငံ စည်းရုံးရေးခရီးစဉ်အဖြစ် မတ်လ (၂၁) ရက်နေ့က ဩစတြီးယားနိုင်ငံသို့ရောက်ရှိခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရှေ့တောင်အာရှရေးရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆိုရှယ်လစ်ပါတီနှင့် (Green) ပါတီမှ ခေါင်းဆောင်များ၊ နိုင်ငံခြားရေးကော်မတီ လွှတ်တော်အမတ်များနှင့်တွေ့ဆုံ၍ လက်ရှိမြန်မာ့နိုင်ငံရေးကိစ္စများ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးရာတွင် ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းနှင့် ဒေါက်တာသောင်းထွန်းတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်ထောင်စုနေ့ကမ်းလှမ်းချက်အပေါ် တာဝန်ရှိသူများကိုရှင်းပြခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့သည်။

“သူတို့အနေနဲ့ အားမလို အားမရဖြစ်နေတာက နအဖအပိုင်းကနေပြီးတော့ ဒီဟာကို အခုထိ ဘယ်လိုမှတုံ့ပြန်မှု မတွေ့သေးတာကို နအဖဘက်က ကိုယ်စားလှယ်တွေအနေနဲ့ ဘယ်အစည်းအဝေးမှာပဲဖြစ်ဖြစ် တခါလာလဲ အချက် (၇) ချက်ပါ လမ်းပြမြေပုံနဲ့ စည်းကမ်းရှိတဲ့ဒီမိုကရေစီကို သွားနေပါတယ်။ နောက်တခါလာလဲ အမျိုးသားညီလာခံ ပြန်စနေပါတယ်။ ရပ်သွားပါပြီ စသဖြင့် အပ်ကြောင်းထပ်တဲ့ ပုံပြင်တွေကိုပဲ ကြားရပြီးတော့ တိုးတတ်မှုတစုံတရာမရှိဘူး။ အဲဒါနဲ့ ပတ်သက်လို့ သူတို့တော်တော်လေး အားမလိုအားမရဖြစ်တဲ့အပိုင်းတွေကို ပြောပါတယ်” ဟု အီးယူဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဌာနနှင့် တွေ့ဆုံခဲ့သော ဒေါက်တာသောင်းထွန်းက ဒီဗွီဘီသို့ပြောခဲ့သည်။

ထို့ပြင် အီးယူဘက်က မြန်မာနိုင်ငံသို့ အဖွဲ့ဝင်(၃) ဦးပါ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်မည့်အစီအစဉ်၊ အီးယူ–အာဆီယံ အစည်းအဝေးတွင် မြန်မာအရေး ဆွေးနွေးရန်ကိစ္စ၊ အာဆီယံနှင့် အီးယူနိုင်ငံများက မြန်မာ့ဒီမိုကရေစီရေးတွင် ဆက်လက်ဖိအားပေးနိုင်မည့်အစီအစဉ်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆွေးနွေးမှုအပေါ် အီးယူက ထောက်ခံရန် စသောကိစ္စများလည်း ဆွေးနွေးခဲ့ကြောင်းသိရှိရသည်။

ဤအတောအတွင်း အီးယူဘက်က ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့တွင် နအဖသံရုံးဖွင့်ခွင့်ပေးရန် စီစဉ်လျက်ရှိပြီး၊ မြန်မာနိုင်ငံသို့ လူသားချင်းစာနာသည့် အကူအညီများ ပြန်ပေးရန် ပြင်ဆင်နေခြင်းနှင့် ပတ်သက်၍ ဒေါက်တာသောင်းထွန်းက အီးယူအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်းကို ဖြေရှင်းရာတွင် နအဖနှင့် တိုက်ရိုက်ထိတွေ့သောနည်းဖြင့် အဖြေရှာရန် စီစဉ်ခြင်းသာဖြစ်ပြီး၊ ပေါ်လစီပြောင်းလဲခြင်းဟု မယူဆကြောင်း၊ ညွန့်ပေါင်းအစိုးရအနေဖြင့်လည်း အီးယူ့ပေါ်လစီအပေါ် အကြံဉာဏ်ပေးမှုများ ဆက်လုပ်သွားရန် အစီအစဉ်ရှိကြောင်း ပြောဆိုသည်။

ဆက်လက်၍ “အီးယူအနေနဲ့ လောလောဆယ်မှာ လူမှုရေးအကူညီတွေနဲ့ ပတ်သက်လို့လည်း စဉ်းစားနေတာတွေရှိနေပါတယ်။ လက်ရှိပြည်သူလူထုအနေနဲ့ ဘာပဲပြောပြော ဒုက္ခရောက်နေတယ်။ လူမှုရေးအကူညီတွေ လိုအပ်တယ်ဆိုတဲ့အပိုင်းကလည်း ကျနော်တို့အနေနဲ့ ငြင်းစရာမရှိဘူး။ ဒီလူမှုရေးအကူညီတွေကို လူထုလက်ထဲရောက်အောင် ဘယ်လိုထိထိရောက်ရောက်လုပ်နိုင်သလဲဆိုတဲ့ကိစ္စတွေနဲ့ ပတ်သက်လို့ ကျနော်တို့အားလုံး ဝိုင်းဝန်းအကြံပေးကြမယ်။ လူထုလက်ထဲရောက်အောင် ဘယ်လိုလုပ်နိုင်မလဲ။ ဒါနဲ့ပတ်သက်ပြီး လိုအပ်တဲ့အကြံဉာဏ်ပေးမှုတွေ ဆက်လုပ်သွားဖို့လိုတယ်။ လက်ရှိအနေထားမှာတော့ ဥရောပသမဂ္ဂရဲ့ လက်ရှိချထားတဲ့ပေါ်လစီတွေကို ကျနော်တို့ လျှော့သွားဖို့အနေထားမရှိဘူးလို့ ကျနော်တို့ သိရပါတယ်”ညွန့်ပေါင်းအစိုးရ နိုင်ငံခြားရေးကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းက ဆိုသည်။

ညွန့်ပေါင်းအစိုးရကိုယ်စားလှယ်အဖွဲ့သည် ဩစတြီးယားနိုင်ငံပြီးလျှင် စလိုဗက်ကီယားနှင့် အီးယူဌာနချုပ်တည်ရှိရာ ဘယ်လ် ဂျီယံနိုင်ငံများသို့သွားရောက်ခဲ့ပြီး၊ အဖွဲ့ချုပ်ကြေညာချက်အပေါ် နိုင်ငံတကာက ထောက်ခံလာစေရေးနှင့် မြန်မာနိုင်ငံတွင် နိုင်ငံရေးဆွေးနွေးပွဲများဖြစ်ပေါ်လာအောင် ဆက်လက် ကြိုးပမ်းသွားမည်ဟုဆိုသည်။

❖

## စာမျက်နှာ (၄) ဇွန်မိုးဆောင်းပါးမှ …

အဆုံးသတ်ဖို့ အချိန်တန်ပါပြီ။ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတခု ဖြစ်ဖို့လိုပါပြီလို့ ကျနော်တို့ပြောချင်တယ်။”

တကယ်ဆိုရင်တော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအထောက်အကူပြုအဖွဲ့က တာဝန်ရှိသူ ဦးအောင်သိန်းထောက်ပြသလို အပြစ်ရှိတယ်ဆိုရင် တာဝန်ဝတ္တရားနှောင့်ယှက်တယ်ဆိုရင် ဖမ်းပါ။

တရားဥပဒေအရ အပြစ်ပေးပါ။ အရေးယူပါ။

အခုလို ညာသံပေးပြီး မသေမချင်း ရိုက်သတ်တယ်ဆိုတာကတော့ ဘယ်လိုမှ မဖြစ်သင့်တဲ့ ကိစ္စပါ။

တိုင်းပြည်ကိုချစ်ရင်၊ ဒီမိုကရေစီကို ချစ်ရင်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို တောင်းဆိုရင် ကိုသက်နိုင်ဦးက နမူနာပဲလို့ ပြောချင်တာလား။

ကြောက်သွားစေချင်တာဆိုရင်တော့ စစ်အုပ်စု ရေလိုက်လွဲတာပဲ။ ဝေးသေးတယ်။

ဘယ်သူမှ ကြောက်မသွားဘူး။ ဘာဆက်လုပ်ရတော့မလဲဆိုတာအတွက် တွန်းအားတခုသာ ကျကျနနဖြစ်သွားတယ်လို့ ကျနော်ပြောရဲတယ်။

(၄)

ဒီအတုန့်အပြန်တွေကြောင့်ပဲ ….

ကျနော်တို့ဘက်မှာ စဉ်းစားချက်တွေ ပိုပြီးပြည့်စုံလာတယ်။

အထဲအင်အားစုတွေ ပိုပြီး ညီညွတ်သိပ်သည်းလာသလို အပြင်အင်အားစုတွေကြားမှာလည်း ညှိနှိုင်းမှုတွေ၊ အဖြေရှာမှုတွေ ပိုအားကောင်းလာတယ်။

နိုင်ငံတကာမှာ၊ အမေရိကမှာ၊ ဂျပန်မှာ၊ ဘယ်လဂျီယန်မှာ အဲန်အယ်လ်ဒီရဲ့အထူးကြေညာချက်ကို ထောက်ခံတဲ့ပွဲတွေ ဆက်တိုက်ဖြစ်လာနေတယ်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများရဲ့ ထောက်ခံစာနာမှုတွေ ပိုရလာနေတယ်။

မွန်ပြည်သစ်ပါတီရဲ့သဘောထား ထွက်လာတယ်။ အဲန်အယ်လ်ဒီရဲ့ အဆိုပြုချက်ကို သူတို့ပါတီက ထောက်ခံတယ်တဲ့။

ကျနော်အားလုံးကို ကျေးဇူးတင်တယ်။

(၅)

“အရေးကြီးလျှင်ဖြင့် သွေးနီးရာ ပါစမြဲမို့၊ ကိုင်း ထထကြွကြွနဲ့ ဝိုင်းကြပေတော့” ဆိုတဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ အားပေးသံကို ကျနော်ကြားယောင်မိတယ်။ သေချာတယ်။ ဒီအသံကို မြန်မာနိုင်ငံကိုချစ်တဲ့၊ တိုင်းပြည်နဲ့ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးရဲ့အကျိုးစီးပွားတွေကို ရှေးရှုတဲ့ ဘယ်သူမဆို စက္ကန့်တိုင်းမှာကြားနေကြပါလိမ့်မယ်။

တပ်မတော်တရပ်ရဲ့ ပြည်သူအပေါ်ကျင့်ကြံရမယ့် ကျင့်ဝတ် (၁၀) ပါးမှာ ဒီလိုပါရှိကြောင်း ဗိုလ်သန်းရွှေရဲ့ (၂၇၊ ၃၊ ၂၀၀၆) မိန့်ခွန်းမှာ တွေ့ရပါတယ်။

“ပြည်သူလူထုအပေါ် သစ္စာစောင့်သိရိုသေပါ။ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ပါ။ ပြည်သူလူထုနှင့် ယဉ်ကျေးစွာဆက်ဆံပါ။ ရေလို လလိုကျင့်ပါ။ ပြည်သူလူထု၏အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားပါ။ ပြည်သူလူထုကို ဦးစားပေးပါ။ မိမိမှ အခွင့်အရေးပိုမယူပါနဲ့။ ပြည်သူလူထုအတွက် ဘာပဲလုပ်လုပ်၊ ဘာပဲခိုင်းခိုင်း ပြည်သူလူထုက ကြည်ဖြူကျေနပ်ပါစေ။ ပြည်သူလူထု၏ဘာသာ၊ အယူဝါဒ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို လေးစားပါ”

ဗိုလ်သန်းရွှေကိုယ်တိုင်ကတော့ အပြောတခြား၊ အလုပ်တခြားပဲ။ ဒါပေမယ့် ဒါတွေကို တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့ ဘယ်တပ်မှူးတပ်သားမဆို အမြဲဦးထိပ်ထားကြလိမ့်မယ်လို့ ကျနော်ယုံတယ်။

(၆)

ဧပြီ (၁၇) မှာ ဘာဖြစ်မလဲ။

ဧပြီ (၁၇) မတိုင်ခင်မှာ ဘာဖြစ်မလဲ။

ဧပြီ (၁၇) အပြီးမှာ ဘာဖြစ်နိုင်မလဲ။

မိတ်ဆွေ ခင်ဗျားရော ဘယ်လိုမြင်လဲ။

ကျနော် ကတော့ ဒီအခြေခံ (၂) ရပ်ကို တည်ပြီး စဉ်းစားနေမိတယ်။

“ပန်းဆိုတာ ဖူးပြီးရင် ပွင့်တတ်စမြဲပါ”

“အနာဂတ္တိဆရာတွေက ဟောသည်ဖြစ်စေ၊ မဟောသည်ဖြစ်စေ ရောဝတီကတော့ သူ့နရီနှင့်သူ စီးဆင်းနေဆဲပါ”

ဇွန်မိုး
(၃၁၊ ၃၊ ၂၀၀၆)

❖

# အဲန်အယ်လ်ဒီ၏ကမ်းလှမ်းချက် နအဖ မလိုက်လျှောလျှင် လုံခြုံရေးကောင်စီက ကြားဝင်ဖြေရှင်းရန် ပိုသေချာ



ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းနှင့် ကုလသမဂ္ဂရေးရာ တာဝန်ခံ ဒေါက်တာသောင်းထွန်း

ပြီးခဲ့သည့် ပြည်ထောင်စုနေ့က အဲန်အယ်လ်ဒီ၏လွှတ်တော်ခေါ်ယူပေးရေး ကမ်းလှမ်းချက်ကို နအဖဘက်က မလိုက်လျှောလျှင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာ့အရေးကို ကြားဝင်ဖြေရှင်းရန် အခြေအနေနှင့်ပို၍နီးလာနိုင်သည်ဟု ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ (အဲန်စီဂျီယူဘီ) ၏ ကုလသမဂ္ဂရေးရာတာဝန်ခံက မတ်လဆန်းပိုင်းတွင် ပြောဆိုလိုက်သည်။

“ဧပြီ (၁၇) ရက် ရောက်လို့မှ နအဖဘက်က မတုံ့ပြန်ဘူးဆိုရင် မြန်မာ့အရေးဟာ လုံခြုံရေးကောင်စီအထိတက်ဖို့ ပိုနီးလာတဲ့သဘောပါပဲ”ဟု အဲန်စီဂျီယူဘီကုလသမဂ္ဂရေးရာတာဝန်ခံ ဒေါက်တာသောင်းထွန်းက ဥရောပခရီးစဉ်၌ ဒီဗွီဘီသို့ပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စုကသာ စိတ်ပါလက်ပါလုပ်သွားမည်ဆိုလျှင် မြန်မာ့အရေးသည် လုံခြုံရေးကောင်စီတွင် မဖြစ်မနေဆွေးနွေးစရာကိစ္စတခုဖြစ်လာနိုင်ကြောင်း၊ ယင်းကိစ္စအပေါ် တရုတ်၏ကန့်ကွက်မှုရှိလာနိုင်သော်လည်း လက်တွေ့တွင် တရုတ်သည် မြန်မာ့ကိစ္စအပေါ် စိုးရိမ်နေမှုများရှိနေသလို၊ အမေရိကန်ကလည်း တရုတ်ကိုဖျောင်းဖျနားချသွားရန် ဆုံးဖြတ်ထားသည်ဟု ၎င်းက ထပ်မံပြောဆိုသည်။

အမေရိကန်ပြည်ထောင်စု၏ ဦးဆောင်ကြိုးပမ်းချက်ကြောင့် ပြီးခဲ့သည့် ဒီဇင်ဘာလ (၁၇)ရက်နေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင်မြန်မာ့အရေးကို ပထမဆုံးအကြိမ် တံခါးပိတ်ဆွေးနွေးခဲ့ရာ တရုတ်နှင့် ရုရှနိုင်ငံများက ကန့်ကွက်ခဲ့ခြင်းမရှိခဲ့ပေ။

နိုင်ငံရေးလေ့လာသူများက လုံခြုံရေးကောင်စီက မြန်မာ့အရေးကြားဝင်ဆောင်ရွက်ရေးကိစ္စတွင် အမြဲတမ်းအဖွဲ့ဝင် (၅) နိုင်ငံအနက် တရုတ်နှင့်ရုရှနိုင်ငံတို့က မေးခွန်းထုတ်နိုင်သည်ဟုသုံးသပ်ပြီး အခြားအဖွဲ့ဝင်နိုင်ငံများဖြစ်သော အမေရိကန်၊ ပြင်သစ်နှင့် ဗြိတိန်တို့က မြန်မာ့အရေးအပေါ် စိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုထားပြီးဖြစ်သည်။

ပြည်ထောင်စုနေ့ကြေညာချက်တွင် အဲန်အယ်လ်ဒီက မြန်မာနှစ်သစ်ကူးမတိုင်မီ နအဖမှ ပြည်သူ့လွှတ်တော်ခေါ်ယူပေးလျှင် ထိုလွှတ်တော်မှ တရားမဝင်အုပ်ချုပ်နေသော နအဖစစ်အုပ်စုအား အသွင်းကူးပြောင်းရေးကာလ၏ ကြားဖြတ်အစိုးရအဖြစ် တရားဝင်အသိအမှတ်ပြုမည်ဟု ကမ်းလှမ်းထားသည်။

အဲန်အယ်လ်ဒီ၏ ကမ်းလှမ်းချက်ကို ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအဖွဲ့များက ကြိုဆိုထောက်ခံခဲ့ကြပြီး နအဖဘက်က အဆိုပါကမ်းလှမ်းချက်ကို တုံ့ပြန်မည့်လက္ခဏာများ မတွေ့ရသေးပေ။

❖


**ပြည်ပရောက်ပန်းချီပညာရှင်နှစ်ဦး၏ ပန်းချီပြပွဲအခမ်းအနားကို Borderline ပန်းချီအရောင်းပြခန်းတွင် ဧပြီ (၆) ရက်မှ (၂၀) ရက်နေ့ထိ ပြသမည်။**



ကျနော်တို့ နေထိုင်မွေးဖွားကြီးပြင်းခဲ့သောအရပ်သည်ကား မြန်မာနိုင်ငံဖြစ်ခဲ့ပေသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ဗုဒ္ဓဘာသာနိုင်ငံအဖြစ် လူသိများသလို ထေရဝါဒကြီးစိုးရာ၊ လက်ခံရာ နိုင်ငံလည်းဖြစ်သည်။ ဗုဒ္ဓဘာသာဖြစ်သည့် မြန်မာနိုင်ငံတွင် အေးချမ်းလှသော ဗုဒ္ဓတရား၏အဆုံးအမအောက်၌ ငြိမ်းချမ်းသာယာ လှပခဲ့ပါသည်။ သို့သော် ယခုအခါ၌ မြန်မာနိုင်ငံတွင် တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေကြသည့် လူတစုသည် နက်ရှိုင်း၍ ယဉ်ကျေးသိမ်မွေ့လှသော ဗုဒ္ဓတရားများကို ဘာတလုံးမျှ နားမလည်ဘဲ ရှိကြသည်။ ၎င်းတို့လုပ်သမျှ ကြံသမျှ လုပ်ခဲ့ပြီးသမျှ လုပ်နေဆဲသမျှသော အရာအားလုံးတို့သည် ဗုဒ္ဓနှင့်ဆန့်ကျင်ဘက်များသာ ဖြစ်နေသည်။ ဗုဒ္ဓက အတ္တပယ်ရေးကို ဟောသည်။ နအဖက အတ္တကြီးသွားဖို့သာ လုပ်ကိုင်သည်။ ဗုဒ္ဓက မမြဲသောတရားသာ ဟောပြောသည်။ နအဖက အစဉ်မြဲဖို့သာ မျက်လုံးစုံမှိတ် နှလုံးသွင်းလုပ်ကိုင်သည်။ သူတို့ကိုယ်သူတို့ ဗုဒ္ဓဘာသာဝင်များဟု ခံယူထားသည်။ သို့သော်ဗုဒ္ဓအလို ဝါဒဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေသည်ကို သူတို့ကိုယ် သူတို့ မဆန်းစစ်ကြ၊ မစူးစမ်းမိကြဘဲ အပါယ်လမ်းကိုသာ ရွေးချယ်သွားနေကြသည်။

ဤ (၂၀၀၆) ခုနှစ်၊ မတ်လ (၁၇) ရက်နေ့က ရန်ကုန်မြို့၊ သီရိမင်္ဂလာဈေးကြီးအတွင်း၌ လူသတ်ပွဲကြီးဖြစ်ပွားခဲ့သည်။ လူတဦးကို လူပေါင်း (၅၀) နီးပါး ဝိုင်း၍ မသေမချင်းသတ်သလို ဖြစ်ခဲ့သည်။ ဖြစ်ပွားပုံမှာ အသက် (၄၀) အရွယ် ကိုသက်နိုင်ဦးဆိုသူအား ဈေးကြီးတနေရာ၌ မီးသတ်နှင့် ဈေးလုံခြုံရေးတို့မှ ‘သူခိုး သူခိုး’ဟု ခေါ်ဆိုအော်ဟစ်ပြီး တုတ်များ၊ ထမ်းပိုးများဖြင့် ရက်ရက်စက်စက် ရိုက်သတ်ပစ်လိုက်ကြသည်။ ထို အသတ်ခံရသော ကိုသက်နိုင်ဦးသည် (၁၉၈၈) ခုနှစ်၌ ဒီမိုကရေစီရေးအတွက် တောင်းဆိုဆန္ဒပြခဲ့သော တက္ကသိုလ်ကျောင်းသားတဦးဖြစ်ခဲ့ပါသည်။ စစ်အစိုးရလက်ထက်၌ ၎င်းသည် ထောင်ချ အကျဉ်းကျခံခဲ့ရပြီး (၂၀၀၂) ခုနှစ်တွင်မှ ထောင်ကလွတ်လာသောသူ ဖြစ်ပါသည်။ နှစ်ပေါင်းများစွာ ထောင်ချ အကျဉ်းကျခံခဲ့ပြီးသော်လည်း ကျေနပ်မှုမရနိုင်၊ မပြီးနိုင်သော နအဖသည် ၎င်း၏လက်သုံးတော် လက်ကိုင်တုတ်အဖွဲ့များဖြင့် တကောက်ကောက်လိုက်၍ အခွင့်သာတုန်း လုပ်ကြံသတ်ဖြတ်ပစ်ရက်ပေသည်။

နအဖခေါ် စစ်အစိုးရ အာဏာယူသည့်အချိန်မှစ၍ စစ်အာဏာရှင်လူတစုတို့သည် မကြားဝံ့မနာသာသော မတရားမှုများဖြင့်သာ ဖုံးလွှမ်းနေခဲ့ပါသည်။ စစ်အစိုးရသည် ၎င်းတို့၏ ကျောထောက်နောက်ခံ အသေခံအဖွဲ့များကို စုစည်းသည်။ ဥပမာ ကြံ့ဖွံ့ကဲ့သို့ အဖွဲ့အစည်းများ၊ ထို့ပြင် မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့ အားလုံးသောအဖွဲ့များသည် နအဖသဘောကျ လက်သံပြောင်ပေးကြသည်။ ထို ကြံ့ဖွံ့၊ မီးသတ်၊ ရဲတပ်တို့သည် ကြီးကျယ်မြင့်မြတ်သော စည်းစိမ်ရှင်ဘဝများထဲမှ မွေးဖွားလာကြသူများ မဟုတ်ကြပါ။ ယနေ့ သန်း (၅၀) ကျော်သော မြန်မာနိုင်ငံသားများနည်းတူ တနေ့လုပ်မှ တနေ့စားရသော အောက်ခြေလူတန်းစားထဲမှ လာကြသူများသာ ဖြစ်ပါသည်။ သူတို့သည် ယခုအခါ၌ ပြည်သူ့ဘဏ္ဍာများကို မတရားသုံးစွဲပြီး ကြီးကျယ်သော စည်းစိမ်များကို ခံစား စံစားနေကြသော လက်တဆုပ်စာလူတစုဖြစ်သည့် နအဖ ဗိုလ်ချုပ်ကြီးများ၏ ကောက်ကျစ်စဉ်းလဲသော၊ လူမဆန်သော၊ ညစ်ပတ်သော အကြံအစည်များကို အကောင်အထည်ဖော်နိုင်ရန် လက်မရှိ လုပ်ကိုင်ပေးရသော လက်ကိုင်တုတ်လူများ ဖြစ်နေကြပေပြီ။

မိမိနှင့် မည်သည့်ရန်ငြိုး ရန်စမှ မရှိခဲ့သူ၊ မိမိအား မည်သည့်အန္တရာယ်ကိုမျှ မပေးသောသူ၊ မိမိနှင့် လုံးဝမပတ်သက်သောသူတယောက်အား လက်ရဲဇက်ရဲ ရက်ရက်စက်စက်သတ်ဖြတ်ဝံ့ကြသော လက်ကိုင်တုတ်လူများ၏ စိတ်ဓာတ်များကို အံ့သြတုန်လှုပ်မိပါသည်။ အနှီ လက်မရှိအဖွဲ့သားများသည် ဘဝတူ ပြည်သူလူထုများ၏ ဇာတ်တူသားကို စားကြသည်။ ဗိုလ်ချုပ်ကြီးများ အလိုလိုက်၍ ကံငါးပါးကို ကျူးလွန်ကြသည်။

တရွာတည်း တရပ်တည်းနေ ဘဝတူ ပြည်သူများကို ခိုးကြောင်ခိုးဝှက်စောင့်ကြည့်ကြသည်။ ဒီမိုကရေစီလိုလားသော ပြည်သူများကို အထက်သို့တင်ပြ၍ အထက်စစ်အာဏာရှင်များစိတ်ကြိုက် လက်သံပြောင်ပေးကြသည်။ သခင်အားရ၍ ကျွန်စာဝနေကြသည်။ မိမိလုပ်ရပ်သည် မလုပ်သင့်မလုပ်အပ်ဟူ၍ မတွေးမိကြ၊ လတ်တလော စားရသောက်ရမှုးယစ်ရသော နှစ်ပဲခြောက်ပြားမျှသော စည်းစိမ်ကလေးဖြင့် အပါယ်လေးဘုံသို့ သွားရမည့်အဖြစ်နှင့် လဲလှယ်နိုင်ကြသည်။ ရခဲလှသော လူ့ဘဝကိုရခဲ့ပြီးသော်လည်း လူသားတယောက်၏ အတွေးအခေါ်မျှမရှိကြဘဲ အပါယ်လေးဘုံလမ်းကို ရွေးကြသည်။ ၎င်းတို့အား ရင်လေးမိပါသည်။ ထို့အတူပင် တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေကြသော လက်တဆုပ်စာသော နအဖဗိုလ်ချုပ်ကြီးများသည်လည်း ထူးမခြားနားပြီ။ ၎င်းတို့လည်း ယနေ့တိုင် လူသတ်ဝါဒဖြင့်သာ ရပ်တည်နေကြသည်။ နေ့ရှိသရွေ့ ဘယ်ပြည်သူတဦးတယောက်ကိုလည်းကောင်း၊ အစုအဖွဲ့ကိုလည်းကောင်း၊ ဘယ်မျိုးနွယ်စုကိုလည်းကောင်း၊ ဘယ်လိုသတ်ဖြတ်ရမည် ဘယ်လိုဖျက်ဆီးရမည်ကို

## စောဝေ

သာ တွေးတောကြံစည်၍ အလိုတော်ရိ အင်အားများသုံး၍ သတ်ချင်တိုင်းသတ်၊ ဖျက်ချင်တိုင်း ဖျက်နေပေတော့သည်။ ဘယ်သူသေသေ ဗိုလ်ချုပ်ငတေမာရင်ပြီးရော လုပ်နေကြသရွေ့ ဗုဒ္ဓဘာသာဝင်ဖြစ်ပေမယ့် ဗုဒ္ဓဝါဒနှင့် အခါမလပ်ဆန့်ကျင်ဖက်သာ ဖြစ်နေကြပါတော့သည်။

“ကျမသားလေးဟာ ဘာအပြစ်မှ မရှိပါဘူး ဘာအပြစ်မှမရှိတဲ့သားလေးကို ရက်ရက်စက်စက် ဝိုင်းပြီးတော့ ရိုက်သတ်ပြစ်လိုက်ကြတယ်လေ” ငိုယိုသံနှင့်အတူ (၁၇၊ ၃၊ ၀၆) နေ့ နံနက်ပိုင်း ဘီဘီစီထုတ်လွှင့်မှုအစီအစဉ်မှ ကြားလိုက်ရသည်ကား ....

“သားလေးရေ သားရေ အတုံ့အလှည့်ဆိုတာ မထားနဲ့နော်။ ဒီဘဝထဲကို ပြန်မဝင်လာနဲ့နော်၊ ဒီဘဝ ဒီမှာတင် ဒီဝဋ်ကြွေးကို ထားခဲ့နော်။ သားလေး သားရေ လွတ်ရာကျွတ်ရာကိုသာ သွားတော့နော်။ ကောင်းရာသုဂတိကို သွားနိုင်ပါစေ သားလေးရယ်။ သားရယ် အမေ့မှာလေ သားလေးကောင်းမှုကုသိုလ်အတွက် စုထားတဲ့ငွေလေးရှိတယ်။ အလှူလုပ်ပေးမယ်နော် သားလေး။ သားလေး ရောက်ရာအရပ်ကကြားနိုင်မှာပါ သားလေးရယ်”

ဆို့နစ်ကြေကွဲဖွယ်ရာ သားသေမိခင်တဦး၏ စကားသံများဖြစ်ပါသည်။ ကြားခဲ့ရသူအပေါင်း မျက်ရည်ဖိုင်ဖိုင်ဖြစ်ခဲ့ရသည်။ မိမိသားကို မတော်မတရား ရက်ရက်စက်စက် ဝိုင်းသတ်တာခံလိုက်ရသော မာတာပီတုမိခင်ကြီးအနေဖြင့် ဗုဒ္ဓဝါဒကိုလက်ကိုင်ထားနိုင်၍သာ ခွင့်လွှတ်မှုအပြည့်ဖြင့် မေတ္တာကြီးမားစွာထားနိုင်ပေသည်။

ဗုဒ္ဓဘာသာ အရေခြုံ ဗိုလ်ချုပ်ကြီးများအနေဖြင့် သဘောမှပေါက်မိပါရဲ့လားမသိ၊ ၊ ဤမိခင်၏ ရင်နင့်ဖွယ်ရာအဖြစ်အပျက်များသည် တော်ယုံတန်ယုံလူဖြစ်ပါက သည်းခြေပျက်စရာဖြစ်နိုင်ပါသည်။ ဤလို မိခင်မျိုးဗိုလ်ချုပ်ကြီးများဘက်ကခံစားရပါက ဤလိုခွင့်လွှတ်သည်းခံနိုင်သည့် နှလုံးသားမျိုး ရှိနိုင်ပါမည်လား။ ဝေးပါသေးသည်။ နိုင်ငံတော်လုပ်ကြံမှု၊ နိုင်ငံတော်ဖျက်ဆီးမှု စသည်ဖြင့် မကြားဖူးသော ပုဒ်ထီး၊ ပုဒ်မများဖြင့် လိုသလောက်သော အသက်များကို စိတ်ရှိလက်ရှိ အားရပါးရ သတ်ပစ်လိုက်ကြမည်မှာ သေချာလှပါသည်။

ရဲသားကြီးက ကိုလှရွှေ
လူဆိုးဖမ်းဖို့ တာဝန်ကျေ
ကိုသာဇံ မီးသတ်သမား
မီးသတ်ရာတွင် သူစွန့်စား
ဦးဖိုးကျားက ကျောင်းဆရာ
စာပေတတ်ဖို့ သင်ပေးတာ
မောင်ထွန်းသာ စစ်သားကလေး
နိုင်ငံရန်ကို ကာကွယ်ပေး။

# ကိုသာဇံ မီးသတ်သမား

❍

ရဲသားကြီးလည်း လူဆိုးမဖမ်းတော့ပါ။ လူကောင်းများကိုသာရွေးဖမ်းပြီး
လူဆိုးများကို လက်သပ်မွေးမြူနေကြပါပြီ။
ကျောင်းဆရာလည်း ကျောင်း၌စာမသင်တော့ဘဲ အပြင်၌သာ ကျူရှင်သင်နေပေပြီ။
မီးသတ်သမားလည်းမီးမသတ်ဘဲ လူသတ်သမားဖြစ်နေပေပြီ။ စစ်သားကလေးလည်း
စစ်သားကြီးဖြစ်လာပြီး နိုင်ငံရန်ကိုမကာကွယ်ဘဲ နိုင်ငံကိုရောင်းစားဖို့သာ သူကြိုးစားနေပေပြီ။

❍



ကျနော်တို့ငယ်စဉ်ကဖတ်လာခဲ့ရသော ပထမတန်းဖတ်စာအုပ်မှ ဖြစ်သည်။ သို့သော် ယခုအခါ ရဲသားကြီး၊ ကျောင်းဆရာ၊ မီးသတ်သမား၊ စစ်သားကလေးတို့မှာ ဖတ်စာအုပ်ထဲမှ ရဲသားကြီး၊ ကျောင်းဆရာ၊ မီးသတ်သမား၊ စစ်သားကလေးများကဲ့သို့ မဟုတ်ကြတော့ပါ။ ရဲသားကြီးလည်း လူဆိုးမဖမ်းတော့ပါ၊ လူကောင်းများကိုသာရွေးဖမ်းပြီး လူဆိုးများကို လက်သပ်မွေးမြူနေကြပါပြီ။ ကျောင်းဆရာလည်း ကျောင်း၌စာမသင်တော့ဘဲ အပြင်၌သာ ကျူရှင်သင်နေပေပြီ။ မီးသတ်သမားလည်းမီးမသတ်ဘဲ လူသတ်သမားဖြစ်နေပေပြီ။ စစ်သားကလေးလည်း စစ်သားကြီးဖြစ်လာပြီး နိုင်ငံရန်ကို မကာကွယ်ဘဲ နိုင်ငံကိုရောင်းစားဖို့သာ သူကြိုးစားနေပေပြီ။ ကျနော်တို့ငယ်စဉ်မှ အခုချိန်အထိ သင်ကြားလျှက်ရှိသော ပထမတန်းဖတ်စာအုပ်မှ “ဒို့တာဝန်”ကဗျာလေးအား ဤသို့ပြင်ဆင်ပေးပါက နေရာကျပေတော့မည်။

ရဲသားကြီးက ဗိုလ်မြင့်ဆွေ
လူကောင်းဖမ်းဖို့ တာဝန်ကျေ
ကိုသာဇံ မီးသတ်သမား
လူသတ်ရာတွင် သူစွန့်စား
ဦးဦးသောင်းက ကျောင်းဆရာ
ကျူရှင်ပြဖို့သာ သူသိတာ
ဦးသန်းရွှေ စစ်သားကြီး
နိုင်ငံ့ဘဏ္ဍာ သူဖြုန်းတီး

ဤမျှလောက်သာ ပြင်ဆင်ပေးလိုက်ပါက ဤကဗျာလေးသည် လက်ရှိဖြစ်ပေါ်နေသော လက်တွေ့ဘဝနှင့် ကိုက်ညီလှပေမည် ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

စောဝေ
ခေတ္တနို့ဖိုးဒုက္ခသည်စခန်း
(ထိုင်းမြန်မာနယ်စပ်)

◆
ပြည်သူသာ
အဓိက
ပြည်သူသာ
အဖ
◆

# တရုတ်မြန်မာဓာတ်ငွေ့ပိုက်လိုင်းအစီအစဉ် အိန္ဒိယဘဝင်မကျ



ရွှေဓာတ်ငွေ့ပိုက်လိုင်းအစီအစဉ်အား ဒေသခံများကဆန္ဒပြနေစဉ်

မြန်မာနိုင်ငံမှ ဓာတ်ငွေ့နှင့် တရုတ်နိုင်ငံမှ ချေးငွေလဲလှယ်အစီအစဉ်ကို ဆက်လက်ဆောင်ရွက်မည်ဟု နအဖက မတ်လ (၂၇) ရက်နေ့တွင် အတည်ပြုပြောသည်။

အိန္ဒိယနိုင်ငံတွင်ထုတ်ဝေသော (The Times) သတင်းစာအရ မြန်မာနိုင်ငံအနောက်ဘက်အခြမ်း၊ ရခိုင်ကမ်းလွန်ဒေသမှ တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ (၂၃၀၀) ကီလိုမီတာရှည်သော ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရန် တိုင်းတာမှုများ ပြီးဆုံးသွားပြီ ဟုဆိုသည်။

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမှ စတင်မည့် ၎င်းဓာတ်ငွေ့ပိုက်လိုင်းသည် တရုတ်နိုင်ငံ ယူလီတွင် အဆုံးသတ်မည်ဖြစ်သည်။

နယူးဒေလီသည် မြန်မာနိုင်ငံမှ ဓာတ်ငွေ့ကို အလိုရှိနေသည့်အပြင် ဘင်္ဂလားပင်လယ်အော်အတွင်းရှိ ယခုဓာတ်ငွေ့ထုတ်ယူမည့် ဓာတ်ငွေ့တွင်း (၂) ခု၏ (၃၀) ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသဖြင့် မြန်မာနှင့်တရုတ်တို့၏အစီအစဉ်ကို အိန္ဒိယက မကျေမနပ်ဖြစ်လျက်ရှိသည်။

ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရေးအတွက် လိုအပ်သောတိုင်းတာမှုများကို တရုတ်ကုမ္ပဏီဖြစ်သော ပက်ထရိုချိုင်းနား (Petro China) က ဆောင်ရွက်ခဲ့ပြီး၊ ကုမ္ပဏီသည် ယခုနှစ်ဆန်းပိုင်းက နအဖနှင့် သဘောတူ စာချုပ်စာချုပ်ချုပ်ဆိုခဲ့သည်။

ယခုအခါ အိန္ဒိယ စွမ်းအင်ဝန်ကြီးဌာနမှအရာရှိများသည် နအဖသို့ မိမိတို့အဆိုပြုထားသော မြန်မာ့ဓာတ်ငွေ့ကို အိန္ဒိယသို့ တင်ပို့ရန် အစီအစဉ်နှင့်ပတ်သက်သောတုန့်ပြန်ချက်ကို စောင့်စားလျက်ရှိသည်။

မြန်မာက အိန္ဒိယအရာရှိများအား တရုတ်နိုင်ငံသို့ ဓာတ်ငွေ့တင်ပို့မည့်အစီအစဉ်မှာ မသေချာဟုပြောပြီး ၎င်းတို့အနေဖြင့် အိန္ဒိယ၏အဆိုပြုချက်ကိုလည်း စဉ်းစားနေသည်ဟုဆိုထားသည်။

တရုတ်သည် လာမည့် နှစ်ပေါင်း (၃၀) အတွင်း မြန်မာနိုင်ငံအနောက်ဘက်၊ ဘင်္ဂလားပင်လယ်အော်အတွင်းရှိ ရွှေဓာတ်ငွေ့တွင်း၊ အလုပ်ကွက်အေမှ ဓာတ်ငွေ့ (၆ ဒသမ ၅) တြိလီယံကုဗပေကိုထုတ်ယူရန် မျှော်မှန်းထားပြီး၊ အပြန်အလှန်အားဖြင့် မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာ (၈၄) သန်း ချေးငွေထုတ်ပေးရန် သဘောတူထားသည်။❖

# မြန်မာဓာတ်ငွေ့ကို အိန္ဒိယကလည်း ရသည့်နည်းဖြင့်ယူမည်

မြန်မာ့နိုင်ငံမှ သဘာဝဓာတ်ငွေ့ကို အိန္ဒိယနိုင်ငံသို့ ပို့ဆောင်ရာတွင် ပိုက်လိုင်းမသွယ်တော့ဘဲ သင်္ဘောဖြင့်သယ်ယူရန် အိန္ဒိယက ကုမ္ပဏီ (Gail) က ဆုံးဖြတ်လိုက်သည်။

မြန်မာနိုင်ငံအနောက်ခြမ်း အေဝမ်းဓာတ်ငွေ့လုပ်ကွက်မှ သဘာဝဓာတ်ငွေ့ကို အိန္ဒိယအရှေ့ခြမ်းသို့ သင်္ဘောဖြင့် ပို့ဆောင်မည့် ယခုအစီအစဉ်ကို အမေရိကန် ၊ ဂျပန်၊ မလေးရှား၊ နော်ဝေနှင့်ကနေဒါမှ သင်္ဘောကုမ္ပဏီများက စိတ်ဝင်စားနေသည်ဟု ကုမ္ပဏီကဆိုသည်။



စီအဲန်ဂျီ ဓာတ်ငွေ့တင်သင်္ဘောတစင်း

ယခုနည်းအရ ဖိအားပေးထားသော သဘာဝဓာတ်ငွေ့ (Compressed Natural Gas) ကို သင်္ဘောဖြင့် သယ်ယူမည်ဖြစ်ပြီး အိန္ဒိယကုမ္ပဏီ၏ ယခင်အစီအစဉ်ဖြစ်သော ဘင်္ဂလာဒေ့ရှ်နိုင်ငံကိုဖြတ်၍ ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းမည့် အစီအစဉ်ထက် ငွေကြေးကုန်ကျမှုသက်သာသည်ဟုဆိုသည်။

ယခင်အစီအစဉ်အရ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုဖြတ်၍ အိန္ဒိယသို့ ဓာတ်ငွေ့ ပိုက်လိုင်းကိုသွယ်တန်းရမည်ဖြစ်သဖြင့် ပိုက်လိုင်းအတွက် ငွေကြေးအမြောက်အမြားရင်းနှီးရမည်ဖြစ်သည်။

ထို့အပြင် မြန်မာကတောင်းခံသော ဓာတ်ငွေ့နှုန်းထားမှာ အိန္ဒိယအတွက် တွက်ခြေမကိုက်သဖြင့် အိန္ဒိယက ပြန်လည်စဉ်းစားနေချိန်တွင် မြန်မာက တရုတ်နှင့် ဓာတ်ငွေ့အရောင်းအဝယ်စာချုပ် ချုပ်ဆိုလိုက်သည်။

ယခုဓာတ်ငွေ့အနေဖြင့် သယ်ယူမည့်အစီအစဉ်သည် အငွေ့ကို အရည်ပြောင်း၍ သယ်ယူခြင်းနည်းထက်လည်း ငွေကြေးကုန်ကျမှုသက်သာသေးသည်ဟု အိန္ဒိယကုမ္ပဏီကဆိုသည်။ ❖

# နိုင်ငံရေးအကျဉ်းသားများ ထောင်တွင်းအခြေအနေဆိုးရွား

နအဖအကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသားများ ကျန်းမာရေးဆိုးရွားမြဲဆိုးရွားလျက်ရှိသည်။

လွတ်ရက်စေ့နေပြီဖြစ်သော်လည်း ပြည်ထောင်တွင် ဖမ်းဆီးခံထားရသူ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်းသည် သွေးတိုး၊ အသည်း၊ ဆီးကျိတ်နှင့် အစာအိမ်ရောဂါများခံစားနေရပြီး ရာသီဥတုပူပြင်းလာသည့်အတွက် ရောဂါအခြေအနေ ပိုဆိုးလျက်ရှိသည်။

အင်းစိန်ထောင်တွင် ဖမ်းဆီးခံနေရသော ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်၊ စီအာရ်ပီပီအဖွဲ့ဝင် ဦးကျော်မင်း၏ ကျန်းမာရေးအခြေအနေလည်းဆိုးရွားနေပြီး သွေးတိုးနှင့်ဆီးချိုရောဂါများ ပြင်းထန်စွာခံစားနေရသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံကို အလေးပြုမှုဖြင့် ထောင်ဒဏ် (၃) နှစ် ကျခံနေရသော တွံတေးမြို့မှ ကျူရှင်ဆရာ ဦးအောင်ဖေလည်း ကျန်းမာရေးဆိုးရွားလျက်ရှိသည်။ ယခင်ကတည်းက အစာအိမ်ရောဂါရှိသောဆရာသည် ဖျားနာနေသည့်ကြားမှ ပြီးခဲ့သော ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်မွေးနေ့များတွင် အစာမစားဘဲဆန္ဒပြခဲ့သောကြောင့် ကျန်းမာရေးဆိုးရွားခဲ့သည်။

အလားတူ ဗိုလ်ချုပ်အောင်ဆန်း အထွေထွေပတ္တိရေးသားမှုဖြင့် သာယာဝတီထောင်တွင် နှစ်ရှည်ထောင်ဒဏ်ချခံထားရသော စာရေးဆရာသန်းဝင်းလှိုင်လည်း သွေးတိုးနှင့်ဆီးလမ်း ကြောင်း၌ ကျောက်တည်ရောဂါခံစားနေရပြီး ထိရောက်သော ဆေးကုသခွင့်မရရှိဟု သိရသည်။

တောင်လေးလုံး အကျဉ်းထောင်တွင် ဖမ်းဆီးခံထားရသော တောင်ကြီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခင်သည် မျက်စိဝေဒနာခံစားနေရပြီး၊ ဆေးကုသခွင့်လုံးဝမပေးသည့်အတွက် စိုးရိမ်ရသည့်အခြေအနေရှိနေသည်ဟု သိရသည်။ အသက် (၇၀) နီးပါးရှိပြီဖြစ်သော ဦးကျော်ခင်သည် မျက်စိဝေဒနာ ပြင်းထန်စွာခံစားနေရပြီး ဆေးကုသခွင့်မရရှိသောကြောင့် မျက်စိကွယ်လုနီးပါးဖြစ်နေကြောင်း ဇနီးဖြစ်သူ ဒေါ်ခင်အုန်းမြင့်ကပြောသည်။

အိုင်စီအာရ်စီ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ဝင်ခွင့်မရသည့်နောက်ပိုင်းတွင် ထောင်တွင်းအခြေအနေပိုမိုဆိုးရွားလာပြီး အကျဉ်းသားများ စိတ်ဓါတ်ကျဆင်းနေကြောင်း အမည်မဖော်လိုသူ ထောင်ဝန်ထမ်းတဦးကို ကိုးကား၍ ဒီဗွီဘီသတင်းကဆိုသည်။ ❖

# နိုင်ငံရေးအကျဉ်းသားဟောင်း၊ အာရှလက်ဝှေ့ချန်ပီယံဟောင်း ဦးတင်ထွန်း အဆုတ်ရောဂါဖြင့်ကွယ်လွန်

နိုင်ငံရေးအကျဉ်းသားဟောင်းတဦးဖြစ်သူ နာမည်ကျော် အာရှလက်ဝှေ့ချန်ပီယံဟောင်း၊ အသက် (၆၂) နှစ်အရွယ် ဦးတင်ထွန်းသည် မတ်လ (၂၄) ရက်နေ့ နေ့လယ်ပိုင်းက အဆုတ်ရောဂါဖြင့် ကွယ်လွန်သွားသည်။

ဦးတင်ထွန်းသည် ထောင်ကျနေသော (၁၁) နှစ်ကျော်ကာလအတွင်း တီဘီရောဂါရခဲ့ပြီး၊ ထောင်ကလွတ်ချိန်တွင် တီဘီဆေးများကိုသောက်ရင်း အစာအိမ်တွင် တိုက်ဖွိုက်ဖြစ်ခဲ့သည်။ ထိုမှတဖန် တီဘီပြန်ဖြစ်ခဲ့သည်ဟု ဂျပန်တွင်နေထိုင်သည့် သားဖြစ်သူ ဖုန်းမြင့်ထွန်းက ဗွီအိုအေသို့ပြောသည်။

ဆက်လက်၍ ကိုဖုန်းမြင့်ထွန်းက "သူ့ရဲ့နိုင်ငံရေးလှုပ်ရှားမှုကတော့ (၁၉၉၃) ခုနှစ်မှာ ပေါ့နော်အဖမ်းခံရတယ်။ ခေတ်ပြိုင်ဂျာနယ်ကို မြန်မာပြည်တွင်းမှာဖြန့်ချိမှုနဲ့ ထောင်အနှစ် (၂၀) ကျခဲ့တယ်။ (၂၀၀၄) ခုနှစ် ဇွန်လ (၂၀) ရက်နေ့မှာ ထောင်ကလွတ်ပြီး (၁) နှစ်နှင့် (၉) လအကြာမှာ ကွယ်လွန်သွားတယ်"ဟု ပြောသည်။

ဦးတင်ထွန်းသည် အာရှလက်ဝှေ့ချန်ပီယံဟောင်းတယောက်အဖြစ် တိုင်းပြည်အပေါ်တွင် တာဝန်ကျေခဲ့ပြီး၊ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကာလတွင်လည်း တက်ကြွစွာပါဝင်ခဲ့သည်။ ❖

# ထိုင်းအလုပ်သမားအာမခံကြေးကိစ္စ ဇွန်လအထိ ရွှေ့ဆိုင်း

(၂၀၀၆) ခုနှစ်တွင် စတင်ပြဋ္ဌာန်းသည့် နိုင်ငံခြားသား အလုပ်သမားများအတွက် အလုပ်သမားအာမခံကြေးကိစ္စကို ထိုင်းလုပ်ငန်းရှင်များကကန့်ကွက်တောင်းဆိုသောကြောင့် ထိုင်းအလုပ်သမားဝန်ကြီးဌာနက လာမည့် ဇွန်လအထိ ဆိုင်းငံ့လိုက်ကြောင်းသိရှိရသည်။

မတ်လ (၁) ရက်နေ့မှစတင်ကာ နိုင်ငံခြားသားအလုပ်သမားများကို တရားဝင်အလုပ်လုပ်ခွင့် လက်မှတ်ပြုလုပ်ပေးရာတွင် ပုံစံ (၃၉–၁) ရှိပြီးသူအတွက် ဘတ်ငွေ (၁၀,၀၀၀) နှင့် မည့်သည့်စာရွက်စာတမ်းမရှိသေး သူများအတွက် အာမခံကြေးဘတ် (၅၀,၀၀၀) ကို အလုပ်ရှင်ကပေးဆောင်ရန် ထိုင်းအစိုးရက ဖေဖော်ဝါရီ (၇) ရက်တွင် သတ်မှတ်ခဲ့သည်။ သို့သော်မည်သူမှစိတ်ဝင်စားမှုမရှိဘဲ မဲဆောက်မြို့ အလုပ်သမားမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သူ မရှိဖြစ်နေသည်။

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားအလုပ်သမားကတော့ ထိုင်းအစိုးရမှထုတ်ပြန်သော အလုပ်လုပ်ခွင့်ပြဋ္ဌာန်းချက်အသစ်ကြောင့် အာမခံကြေး ပေးသွင်းပေးမည့်အလုပ်ရှင်မရှိသလောက်ဖြစ်နေကြောင်း အလုပ်သမားသတင်းရပ်ကွက်တွင် ပြောဆိုနေကြသည်။

လောလောဆယ်တွင် မဲဆောက်အလုပ်သမားမှတ်ပုံတင်ရုံးတွင် (၅၀,၀၀၀) တန် လက်မှတ်ကိုလာရောက် လုပ်သူမရှိကြောင်း၊ (၁၀,၀၀၀) တန်လက်မှတ်ကိုလာလုပ်သူ ဆယ်ဂဏန်းထက်မပိုကြောင်း စုံစမ်းသိရှိရသည်။

❖

စာမျက်နှာ (၃) တပ်မတော်နေ့အခမ်းအနား သတင်းမှ…

အောင်ဆန်း၏ကောင်းမွေလည်း မဆက်ခံနိုင်၊ ဗိုလ်နေဝင်း၏ဆိုးမွေကိုလည်း ဆက်ခံရန်မဖြစ်သော သမိုင်းအမွေဆက်ခံရေး အကျပ်အတည်းဆိုက်နေသည်ဟု သူကသုံးသပ်သည်။

ထို့ကြောင့် တပ်မတော်အတွင်းရှိ တိုင်းချစ်၊ ပြည်ချစ် တပ်မှူး၊ တပ်သားများအနေဖြင့် 'ဘယ်အစဉ်အလာကိုဆက်ခံကြမလဲဆိုတာ' မှန်မှန်ကန်ကန်ရွေးချယ်ရတော့မည့်အခြေအနေကို ရောက်နေပြီဖြစ်ကြောင်းကို သူက သတိပေးလိုက်သည်။

ရန်ကုန် အဲန်အယ်လ်ဒီရုံးချုပ်တွင်လည်း (၆၁) နှစ်မြောက် တော်လှန်ရေးနေ့အခမ်းအနားကိုကျင်းပခဲ့ပြီး၊ အဲန်အယ်လ်ဒီ၏ ပြည်ထောင်စုနေ့ကမ်းလှမ်းချက်ဖြစ်သော လွှတ်တော်ခေါ်ယူရေးကမ်းလှမ်းချက်ကို ထပ်ဆင့်ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဲန်အယ်လ်ဒီရုံးချုပ်တွင် ကျင်းပသောအခမ်းအနားသို့ အဖွဲ့ချုပ်ဝင်များ၊ ဂဂ မျိုးဆက် ကျောင်းသားများ၊ နိုင်ငံခြားသံတမန်များ၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲဝင် သခင်များ၊ စုစုပေါင်း (၄၀၀) ကျော် တက်ရောက်ခဲ့သည်။

❖

# မျက်ရည်ကျခွင့် စကားပြောခွင့်တွေ မရှိကြပေမယ့် ...




တပေါင်းနွေ၏ နေပြင်းပြင်းအောက်တွင် ရာသီအလိုက်ပွင့်လေ့ရှိသော စိန်ပန်း၊ ပေါက်ပန်း၊ လဲပန်းနှင့် လက်ပံပန်းပွင့်များ၏ ရဲရဲတောက်နေသော အရောင်တို့သည် တော်လှန်ရေး၏သွေးနိမိတ်ပုံသွင်ပမာအလား။

ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်ကို တော်လှန်ရန် (၁၉၄၅) ခုနှစ်၊ မတ်လတွင် တော်လှန်ရေးအောင်မြေနင်းခဲ့သည် (၁၉၈၈) ခုနှစ်၊ မတ်လ (၁၃) ရက်နေ့တွင် ဖုန်းမော်ဆိုသော စက်မှုတက္ကသိုလ်ကျောင်းသားတယောက်၏သွေးကို မြေသို့လောင်းဖျန်းလျက် မြန်မာနိုင်ငံ၏ ခေတ်သစ် နာဇီတော်လှန်ရေးကို ကျောင်းသားများက ရေးခဲ့ရပြန်သည်။

**၂၀၀၀၊ မတ်(၁၃)။**

မျက်ရည်ကျခွင့်
စကားပြောခွင့်တွေ မရှိကြပေမဲ့
ကျနော်တို့ကတော့
အပူရုပ်ကိုဟန်လုပ်ပြီးမနေတတ်ခဲ့ကြဘူး။
အလွမ်းပြေ
ပန်းခွေပို့ခွင့်တောင်မရနိုင်ကြပေမယ့်
မတ်လ (၁၃) ရက်ကိုဒီစာအုပ်နဲ့
ဂါရဝပြုလိုက်ပါတယ်။

ပြည်မြို့မှ (၈) မိုင်ခန့်အကွာ လက်ခုပ်ပင်ရွာတွင် အသစ်စက်စက်ဖွင့်လှစ်ခဲ့သော နယ်ကျောင်းသားများအတွက် စက်မှုတက္ကသိုလ်တွင် (၁၂) နှစ်မြောက် ဖုန်းမော်နေ့ (မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့) အမှတ်တရ အခမ်းအနားကို ဦးဆောင်ကျင်းပခဲ့သူ စောမင်းထိုက်ကျော်က သူတို့၏အောက်မေ့ဖွယ် ကဗျာ (၁၃) ပုဒ်၏ အဖွင့်စာသားကို ရွတ်ပြရင်း ဤသို့ပြောသည်။

"ဖုန်းမော် ဘယ်သူလဲ။ ကျနော်မသိဘူး။ ကျနော်သိခဲ့တာက စက်မှုတက္ကသိုလ်က ကျောင်းသားတယောက် တက္ကသိုလ်ပရဝုဏ်ထဲမှာပဲ ပစ်သတ်ခံလိုက်ရတယ်။ ဒါပါပဲ"

ထိုအသိတခုနှင့် ကျောင်းထဲမှာ ကြွေးကြော်သံများ ဟစ်ကြွေး၊ ဝမ်းနည်းကြေကွဲမှု သင်္ကေတအဖြစ် အင်္ကျီဖြူပေါ်မှာ အနက်ရောင်အဝတ်လေးတစစီကို ရင်ထိုးလိုတပ်၊ အလံတိုင်ထိပ်က မြန်မာနိုင်ငံအလံတော်ကို တိုင်တဝက်မှာလွှင့်ထူကြလျက် ပြစ်မှုတစုံတရာမရှိပါဘဲ ကျဆုံးခဲ့ရသော ဖုန်းမော်နှင့်တကွ ဒီမိုကရေစီတိုက်ပွဲဝင် သူရဲကောင်းအပေါင်းကို အလေးပြုခဲ့ကြသည်။ ကမ္ဘာမကြေသီချင်းကိုသီဆိုကာ အဖိုး သခင်ကိုယ်တော်မှိုင်းနှင့် သခင်အောင်ဆန်းတို့ကို တိုင်တည်ခဲ့ကြသည်။ ထိုအခမ်းအနားကျင်းပမှုဖြင့် သူအပါအဝင် ကျောင်းသား (၁၂) ယောက်တို့ ထောင်ဒဏ် (၇) နှစ်စီ ကျခံခဲ့ကြရကြောင်း ကိုစောမင်းထိုက်ကျော်က ပြောသည်။

**၁၉၈၈၊ မတ် (၁၃)။**

"အဲဒီအချိန်ကနိုင်ငံရေးနဲ့ပတ်သက်တဲ့ စာအုပ်စာတမ်းဆိုတာဗမာပြည်ထဲမှာ အရမ်းရှားပါးခဲ့တယ်။ ကွန်မြူနစ်အသိုင်းအဝိုင်းလောက်မှာပဲ နိုင်ငံရေးစာပေကိုတိုးတိုးတိတ်တိတ်လေ့လာဖတ်ရနိုင်ခဲ့ကြတာ။ ကျနော်အပါအဝင်လူငယ်အများစုကနိုင်ငံရေး ဆိုတာ တကယ်ကိုဘာ မှန်းမှ မသိခဲ့ကြဘူး။ (၇၄) ခုနှစ်အရေးအခင်းဆိုတာလဲ ကြားဖူးရုံပဲရှိခဲ့တာ။ ကျနော်တို့အလှည့်ကျတော့ ကိုဖုန်းမော် ကိုသွေးအိုင်ထဲမှာပက်လက်ကလေး လဲနေတာကို မျက်စိနဲ့မြင်လိုက်ရတာ။ ခဲဆိပ်တက်၊ သွေးဆုပ်ပြီးပြာ နှမ်းနေတဲ့ မျက်နှာကိုအခုပြန်ပြောရင် အခုပြန်မြင်နေရတာ"ဟု (၈၈) အရေးအခင်းကာလက (Mechanical) စတုတ္ထနှစ်ကျောင်းသားဖြစ်ခဲ့သူ ကိုမင်းဇော်ကပြန်ပြောပြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၏ တပ်ရင်းမှူးဆိုသော တာဝန်နှင့် အေးဆေးသိမ်မွေ့စွာနေထိုင်ပြုမူတတ်သည့် သူ၏စရိုက်သဘာဝသည် ဆန့်ကျင်နေသော်လည်း အမှန်တရားအတွက်၊ လွတ်လပ်ရေးအတွက်၊ တရားမျှတမှုအတွက် လက်နက်ကိုင်သည့်လမ်းကို သူရွေးချယ်ခဲ့သည်။

ကျောင်းသားများ၏တိုက်ပွဲဝင်မှုက တစ်ပါတီအာဏာရှင်စနစ်ကို ပြုတ်ကျသွားစေခဲ့သော်လည်း စစ်အာဏာရှင်စနစ် ဆက်လက်စိုးမိုးနေဆဲဖြစ်သည့်အတွက် လက်နက်စွဲကိုင်တိုက်ပွဲဝင်နေဦးမည်ဟု ကိုမင်းဇော်ကဖြည့်စွက်ပြောသည်။

"ကျနော်တို့မှာ တဦးချင်းမျှော်လင့်ချက်တွေ၊ အင်ဂျင်နီယာဖြစ်လိုမှုတွေတော့ ရှိခဲ့တာပေါ့။ သို့သော် ကျနော်တန်ဘိုးထားတာက ပြည်သူတွေကပေးလိုက်တဲ့ သမိုင်းပေးတာဝန်ကို ထမ်းဆောင်နေဘို့ပဲ။ ဒီအချိန်မှာတော့ စစ်အာဏာရှင်ရှိနေသေးသရွေ့ ကျနော်တို့အသက်ရှင်နေသေးသရွေ့ ဆက်လုပ်သွားရမှာပဲ။ အခုကျနော့် မျက်စိထဲမှာ အမြဲမြင်တွေ့နေရတာက သေသွားတဲ့၊ ပြုတ်သွားတဲ့ ကျနော်တို့ရဲဘော်တွေ။ ဒါတွေကိုပဲ ကျနော်တို့ တန်ဘိုးထားတယ်။ ကျန်တာတွေ အလေးမထားတော့ဘူး"

တော်လှန်ရေးရဲဘော်များအနက် အကြောင်းအမျိုးမျိုးကြောင့် တတိယနိုင်ငံသို့ ထွက်ခွာသွားကြရသည်များရှိသည်။ ထွက်မသွားပဲ ဆက်လက်ရပ်တည်နေကြသူများလည်း ရှိသည်။ သို့သော် သူတို့အချင်းချင်းကြားတွင် ခိုင်မာသော အပြန်အလှန်နားလည်ယုံကြည်မှုများရှိနေကြသည်။ (မကဒတ) ၏ ရပ်တည်နိုင်မှုသည် ထွက်ခွာသွားသော တပ်ဖွဲ့ဝင်ဟောင်းများ၏ ထောက်ပံ့မှု (၅၀) ရာခိုင်နှုန်းကျော်နှင့် ဆက်လက်ရပ်တည်နေရခြင်းဖြစ်ပြီး အခြားသော ကိစ္စကြီးငယ်တို့ကိုလည်း ကမ္ဘာအနှံ့ရှိ (မကဒတ) အဖွဲ့ဝင်ဟောင်းများနှင့် လက်ရှိတာဝန်ယူနေသူများ အတူတကွ ဆောင်ရွက်နေကြောင်း ကိုမင်းဇော်ကပြောသည်။

မကဒတအဖွဲ့ဝင်ဖြစ်ခဲ့သူ စက်မှုတက္ကသိုလ်ကျောင်းသားဟောင်း ကိုကျော်ထင်ကလည်း လက်နက်ခဲယမ်းအစုံအလင်နှင့် အခြေအနေတမျိုးပြောင်းလဲလာမည်ဆိုလျှင် သူ့အနေနှင့် အချိန်မရွေး အဆင်သင့်ရှိနေပါသေးသည်ဟုဆိုသည်။

(၁၉၈၈) အရေးတော်ပုံသည် သာမန်ရန်ဖြစ်မှုမှ စတင်ခဲ့သည်ဟု အစိုးရက မည်သို့ပင်ဆိုစေ ကျောင်းသားများ၏ နိုင်ငံရေးခံယူချက်နှင့် နိုင်ငံရေးလှုပ်ရှားမှုသမိုင်းကို မှေးမှိန်မသွားစေခဲ့နိုင်ပါ။

**၁၉၉၆၊ ဒီဇင်ဘာ (၆)။**

ကျောင်းသားများ၏အဓိကတောင်းဆိုချက်မှာ ကျောင်းသားသမဂ္ဂဖွဲ့စည်းနိုင်ရေးဖြစ်သည်။ ကျောင်းသားများအနေနှင့် အစိုးရကို မကျေနပ်မှုအားအရင်းခံသော်လည်း လိမ္မာပါးနပ်စွာဖြင့်ကျောင်းသားအရေးကိုသာ ရှေ့တန်းတင်တောင်းဆိုခဲ့ ဖြစ်ကြောင်း (၉၆) လှုပ်ရှားမှု တွင်ပါဝင်ခဲ့သူ ကိုအောင်မြတ်သူကရှင်းပြသည်။

"ကျနော်တို့ စက်မှုတက္ကသိုလ်နဲ့မိန်း (ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် လှည်းတန်းလမ်းဆုံအနီး) တို့ ပူးပေါင်းဖို့သွားကြပေမယ့် သမိုင်းလမ်းဆုံမှာ အပိတ်ခံလိုက်ရတယ်။ ဒါကြောင့် ကိုယ့်နည်းကိုယ့်ဟန်နဲ့ လှည်းတန်းမှာ ညကျမှ လူစုကြဖို့တိုင်ပင်ပြီး ကိုယ့်ဖာသာကိုယ်ပဲလူစုခဲ့လိုက်ကြတယ်"

ထိုညက လှည်းတန်းမီးပွိုင့်ဆန္ဒပြပွဲသို့ လာရောက်အားပေးကြည့်ရှုသူအင်အားမှာ တသောင်းနီးပါးခန့်ရှိခဲ့သည်၊ မကြာမီ လုံထိန်းများရောက်လာကာ ကြည့်ရှုနေသူများအား တုတ်နှင့်ရိုက်ခြင်း၊ ကန်ကျောက်ထိုးကြိတ်ခြင်းများကို ဆန္ဒပြသူကျောင်းသားများရှေ့တွင် တမင်ရည်ရွယ်ကာ လုပ်ပြခဲ့သည်။

"လုံထိန်းတွေဝင်လာတော့ ပြည်သူတွေက ကျနော်တို့အတွက် အရမ်းစိုးရိမ်ကြတယ်။ သူတို့တိုက်ခန်းတွေထဲမှာ ဝှက်ပေးထားကြတယ်။ တုတ်တွေပစ်ချပေးတယ်။ 'ဗိုလ်ချုပ်ပေးတဲ့စစ်ပညာ ပြည်သူတွေကိုသတ်ဖို့မဟုတ်ဘူး'ဆိုတဲ့အသံတွေ ကျနော်တသက်မှာ ဘယ်တော့မှ မမေ့နိုင်တော့မယ့် ညပါပဲ"

စက်မှုတက္ကသိုလ်၏ နိုင်ငံရေးအစဉ်အလာကို စစ်အစိုးရက အသိအမှတ်ပြုသောအားဖြင့် နောက်မျိုးဆက်သစ်များ နိုင်ငံရေးမျိုးဆက်ပြတ်စေရန်အလို့ငှာ (၁၉၉၆) ခုနှစ် အရေးအခင်းဖြစ်ပြီးနောက် ကျောင်းများကို နှစ်ရှည်ပိတ်ထားပြီး မြန်မာနိုင်ငံ၏ တခုတည်းသောစက်မှုတက္ကသိုလ်ကို အပိုင်းပိုင်း အတစ်တစ်ခုတ်ထစ်လျှက် စက်မှုတက္ကသိုလ်၏ဂုဏ်အင်္ဂါနှင့် ကျော်ကြားမှုမှုန်သမျှကို မှေးမှိန်စေရန်ကြိုးပမ်းခဲ့သည်။

" (၁၉၉၇) ထဲမှာ ကျောင်းတွေပြန်ဖွင့်မယ်ကြားတော့ ကျနော် ရန်ကုန်ကို ကျောင်းမဖွင့်ခင်ကြိုပြီး ရောက်လာခဲ့တယ်။ တနေ့ ဘတ်စ်ကားပေါ်မှာ သူငယ်ချင်းတယောက်ကို တွေ့တော့ ဝမ်းသာအားရနဲ့သူ့လက်ကို ကျနော်ပြေးဆွဲပြီး နှုတ်ဆက်လိုက်တယ်။ သူ့လက်တွေက အရမ်းကြမ်းနေတယ်။ သူက ငါ ကွန်စထရပ်ရှင်တခုမှာ အလုပ်ဝင်လုပ်နေရတယ်လို့ပြောတော့ ကျနော့စိတ်ထဲမှာ တမျိုးကြီးဖြစ်သွားတယ်။ ကျောင်းပိတ်ထားတဲ့ကာလတွေမှာ အကြောင်းအမျိုးမျိုးကြောင့် စာသင်ခန်းကနေ ရာသက်ပန်ဝေးသွားကြရတာတွေလည်း ရှိတယ်"

(၁၉၉၆) နှင့် (၁၉၉၇) ခုနှစ်၊ ရန်ကုန် စက်မှုတက္ကသိုလ်ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သူ ဒုတိယနှစ်စက်မှုတက္ကသိုလ် ကျောင်းသား ကိုအောင်မြတ်သူက ပြန်ပြောင်းပြောပြသည်။ "အဲဒီတုန်းက ဘတ်စ်ကားပေါ်မှာဗျာ၊ အပေါ်ကတန်းကို တင်းနေအောင်ဆုပ်ထားရင်း 'ဒီတိုင်းပြည်ကြီးကို ငါတို့မှမကယ်တင်ရင် မဖြစ်တော့ဘူး။ငါတို့လုပ်မှပဲ ပြီးမှာပါလို့ တွေးနေခဲ့ဘူးတယ်"ဟု သူကပြုံးရင်းပြောသည်။

(၁၉၉၇) ခုနှစ်၊ ဩဂုတ် (၂၄) ရက်နေ့တွင် စက်မှုတက္ကသိုလ်၊ ဂျီတီအိုင်၊ ဒဂုံတက္ကသိုလ်၊ ဒေသကောလိပ်အမှတ် (၁၊ ၂၊ ၃) တို့မှ ကျောင်းသားများစုပေါင်း၍ ဒေါ်အောင်ဆန်းစုကြည်၏ လွှတ်တော်ခေါ်ပေးရန် တောင်းဆိုထားသည့် နောက်ဆုံးနေ့နှင့်တိုက်လျက် လှည်းတန်းလမ်းဆုံတွင် ဆန္ဒပြပွဲကိုကျင်းပခဲ့သည်။

(၁) လွှတ်တော်ခေါ်ပေးရေး
(၂) နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရေးနှင့်
(၃) နအဖ စစ်အစိုးရဆင်းပေးရေး တို့ကို ထည့်သွင်းတောင်းဆိုခဲ့ကြသည်။

(၂၅) ရက်နေ့တွင် ရန်ကုန်စက်မှုတက္ကသိုလ်တွင် ကျောင်းသားလက်ခံပြီး၊ (၂၈) ရက်တွင် ကျောင်းဖွင့်ကာ တနှစ်စာသင်ခန်းစာကို (၁၅) ရက်တည်း သင်ကြားခဲ့ရသော ကျောင်းသားများ စာမေးပွဲစစ်ရန် လုံးပမ်းနေဆဲ ....

'နယ်ကျောင်းသားများအား ပြည်မြို့အနီး ကျောင်းသစ်သို့ပို့မည်။ ရန်ကုန်ကျောင်းသားများအား လှိုင်သာယာမြို့သစ်အနီး ရွှေတကောသုဿန်နား၌ နေရာချထားမည်' ဆိုသည့်သတင်းများကြောင့် ကျောင်းသားများ၏ မြိုသိပ်ထားသော မကျေနပ်မှုများ တဖန်အုံကြွလာခဲ့ကြပြန်သည်။

ဤကိစ္စကို ပါမောက္ခအားတင်ပြခဲ့သော်လည်း ပါမောက္ခချုပ်က ဖြေရှင်းမပေးနိုင်။ ထို့ကြောင့် ကျောင်းသားပေါင်း (၂,၀၀၀) ကျော်တို့၏ လက်မှတ်ထိုးထားသော စာရွက်တို့ကိုကိုင်ကာ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဦးသောင်းအား သွားရောက်တွေ့ဆုံခဲ့ကြသည်။

"သူ့ကိုသွားတွေ့တဲ့အခါမှာ သူက ကျနော်တို့ကို ကြို့ဖွံ့တွေပြောတဲ့အတိုင်း 'ပုဆိန်ရိုးတွေကို ချေမှုန်းပစ်ရမယ်' လို့ပြောတာ တော်တော်လေးကို ပေါက်ကွဲဖို့ကောင်းတယ်။ ဒါနဲ့ကျနော်က တောင်းဆိုချက်တွေကို လိုက်လျောနိုင်ပါသလားလို့မေးတော့ မလိုက်လျောနိုင်ပါဘူးလို့ ဖြေတယ်"

"ဒီလိုဆိုရင် ကျနော်တို့တောင်းဆိုချက်တွေကို လိုက်လျောပေးနိုင်မဲ့ အစိုးရမျိုးကို ကျနော်တို့ တက္ကသိုလ်ကျောင်းသားတွေအနေနဲ့ တောင်းဆိုခွင့်ရှိပါသလား"

သူ၏မေးခွန်းကိုဖြေရန် ဝန်ကြီးအနေနှင့် တမိနစ်ကျော်စဉ်းစားပြီးနောက် "ဒီဟာကတော့ အမျိုးသားညီလာခံကြီးပြီးတဲ့အချိန်ကျမှ ဖြေရှင်းပေးရမဲ့ကိစ္စဖြစ်ပါတယ်" ဟု အဖြေပေးခဲ့သည်ကိုကြည့်လျှင် စစ်တပ်က ထိုစဉ်ကတည်းက အာဏာလွှဲပေးရန် စိတ်ကူးပုံမရဟု သူကဆက်ပြောသည်။

သူတို့၏ တောင်းဆိုချက်များကို မလိုက်လျောသည့်အတွက် စက်တင်ဘာ (၂) ရက်နေ့တွင် ဆန္ဒပြပွဲများဆင်နွှဲခဲ့ပြန်သည်။

(၁) စက်မှုတက္ကသိုလ်များအား နယ်သို့ မပြောင်းရွှေ့ရေး၊

စာမျက်နှာ (၁၉) ကော်လံ (၄) သို့ ...

# ကျန်းမာရေးစောင့်ရှောက်မှုတွင် ကန့်သတ်ထားမှုများကြောင့် ကူးစက်ရောဂါများ အခြေအနေပိုဆိုး

မြန်မာနိုင်ငံတွင်စစ်တပ်က လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ကန့်သတ်ထားသဖြင့် ကူးစက်ရောဂါများ အခြေအနေပိုဆိုးလာရကြောင်း အမေရိကန်ပြည်ထောင်စုတက္ကသိုလ်တခု၏ သုတေသနပြုချက်တခုဆိုသည်။

နအဖ၏ လူထုကျန်းမာရေးလုပ်ငန်းနှင့် လူသားချင်းစာနာသည့် အကူအညီပေးရေးကိစ္စများအပေါ် ချမှတ်ထားသောမူဝါဒသည် အေ့စ်၊ တီဘီ၊ ငှက်ဖျားနှင့် ကြက်တုပ်ကွေးရောဂါများကူးစက်မှုကို ပိုဆိုးစေပြီး၊ အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာတဝှမ်းသို့ ရောဂါပျံ့နှံ့လာအောင် အားပေးရာရောက်သည်ဟု အမေရိကန်ပြည်ထောင်စု (Johns Hopkins Bloomberg Scho) သူမှ သုတေသီများက ဆိုသည်။

ဥပမာများဖြင့် မြန်မာနိုင်ငံတွင် မတ်လ (၈) ရက်နေ့မှစ၍ ကြက်ငှက်တုပ်ကွေးရောဂါကို စတင်တွေ့ရှိခဲ့သော်လည်း မီဒီယာများတွင် မတ်လ (၁၇) မတိုင်ခင်အထိ ဖော်ခြင်းမပြုကြရန် နအဖက အချိန်ဆွဲထားသည်ဟုဆိုသည်။

ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ကြက်ငှက်အကောင် တသောင်းကျော် သေဆုံးခဲ့ပြီး၊ နောက်ထပ် မကူးစက်နိုင်ရန် အတွက် ကြက်ငှက် (၄) သောင်းကျော်ကို သုတ်သင်ပစ်ခဲ့ရသည်။

အာရှတဝှမ်း၊ ငှက်ဖျားကြောင့် သေဆုံးရသူများအနက် ထက်ဝက်နီးပါးသည် မြန်မာနိုင်ငံမှဖြစ်ပြီး၊ နိုင်ငံအတွင်း ရောင်းချသော ငှက်ဖျားရောဂါတိုက်ဖျက်ရေး ဆေးဝါးများသည် အဆင့်အတန်းမမီသဖြင့်၊ အန္တရာယ်ရှိသော အခြေအနေရှိသည်ဟု အစီရင်ခံစာကဆိုသည်။

နအဖသည် ကမ္ဘာ့ပေါ်တွင် ပညာရေးနှင့်လူထုကျန်းမာရေးအသုံးစရိတ် အနည်းဆုံးသုံးစွဲသော အစိုးရတရပ်ဖြစ်ပြီး၊ အေ့စ်ရောဂါတိုက်ဖျက်ရေးအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ (၂၂,၀၀၀) သာ သုံးစွဲခဲ့သည်ဟု လေ့လာချက်ကဆိုသည်။

နအဖ၏ နိုင်ငံတကာအဖွဲ့အစည်းများအပေါ် ခရီးသွားခွင့်နှင့် လုပ်ငန်းအကောင်အထည်ဖော်ခွင့်ကန့်သတ်မှုများကြောင့် အေ့စ်နှင့်ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် ဆောင်ရွက်နေသောကုလသမဂ္ဂ၏ ဂလိုဘယ်ဖန်အဖွဲ့ကြီးသည် မြန်မာနိုင်ငံမှထွက်ခွာခဲ့ရသည်။

မြန်မာနိုင်ငံတွင်လိုအပ်နေသော နိုင်ငံတကာမှ အကူအညီပေးရေးနှင့်ပတ်သက်၍ အစီရင်ခံစာကို ရေးသားခဲ့သူ ဒေါက်တာခရစ်ဘိုင်ရာလာ ( Dr Chris Beyrer) “အခုအချိန်မှာ အဓိကမေးခွန်းက မြန်မာနိုင်ငံကို အကူအညီပေးသင့်သလား၊ မပေးသင့်သလားဆိုတာထက် မြန်မာနိုင်ငံကို အကူအညီအထောက်အပံ့ပေးချင်ရင်တောင် အကူအညီကောင်းကောင်းပေးနိုင်ပါမလားဆိုတာ မသေချာပါဘူး။ အဓိကက အစိုးရရဲ့ ကန့်သတ်မှုတွေပဲ” ပြောဆိုလိုက်ပြီး၊ နိုင်ငံတကာအစိုးများအနေဖြင့် နအဖ၏ကန့်သတ်ထားသောမူဝါဒများအပေါ် ဆက်လက်ဖိအားပေးကြရန် တိုက်တွန်းလိုက်သည်။

❖

# နယ်စည်းမခြားဆရာဝန်များအဖွဲ့ မြန်မာနိုင်ငံတွင်းလုပ်ငန်း ရပ်ဆိုင်း

နိုင်ငံတကာ ကူညီရေးအဖွဲ့တဖွဲ့ဖြစ်သော ပြင်သစ်နိုင်ငံအခြေစိုက် နယ်စည်းမခြားဆရာဝန်များ (MSF France) အဖွဲ့သည် မတ်လ (၁၉) ရက်နေ့ နောက်ဆုံးထား၍ မြန်မာနိုင်ငံတွင်လုပ်ငန်းများ ရပ်ဆိုင်းတော့မည်ဖြစ်သည်။

စစ်အုပ်စု၏ တင်းကြပ်သော ကန့်သတ်ချက်များကြောင့် လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ခက်ခဲလာသည်အတွက် နိုင်ငံကထွက်ခွာရန် ယခုကဲ့သို့ ဆုံးဖြတ်ရခြင်းဖြစ်ကြောင်းအဖွဲ့နှင့် နီးစပ်သူတချို့ကို ကိုးကား၍ အာရ်အက်ဖ်အေသတင်းက ဆိုသည်။

နယ်စည်းမထား ဆရာဝန်းများအဖွဲ့သည် (၂၀၀၁) ခုနှစ်ကစ၍ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်နှင့် အခြားဒေသများတွင် ငှက်ဖျားရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများလုပ်ကိုင်ခဲ့သည်။

သို့သော် လွန်ခဲ့သောလပိုင်းက အဆိုပါဒေသများရှိ ရုံးများကို ပိတ်ပစ်ခဲ့ပြီး၊ ယခုနောက်ဆုံး ရန်ကုန်ရုံးကိုလည်းပိတ်ပစ်ရန် ဆောင်ရွက်နေသည်ဟု သတင်းကဆိုသည်။

စစ်အုပ်စု၏ နိုင်ငံခြားသားဝန်ထမ်းများအပေါ် ကန့်သတ်မှုများသည် အဖွဲ့ကဆောင်ရွက်နေသောလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်လာသည့်အတွက် ယမန်နှစ်နိုဝင်ဘာလက ကျင်းပသောအဖွဲ့၏ နှစ်ပတ်လည်အစည်းဝေးတွင် မြန်မာနိုင်ငံမှ ထွက်ခွာရန်ဆုံးဖြတ်ခြင်းဖြစ်ကြောင်း ရန်ကုန်အခြေစိုက်ဝန်းထမ်းများက ပြောသည်။

(၂၀၀၅) ခုနှစ် ဩဂုတ်လကလည်း အေ့ဒ်စ် ၊ ငှက်ဖျား၊ တီဘီရောဂါ တိုက်ဖျက်ရေးများလုပ်ဆောင်နေသော ကုလသမဂ္ဂလက်အောက်ခံ ( Global Fund) အဖွဲ့ကြီးသည် မြန်မာနိုင်ငံမှထွက်ခွာသွားခဲ့သည်။

❖

# နအဖစစ်အုပ်စုက ကြက်တုပ်ကွေးဖြစ်ပွားမှုအပေါ် သတင်းအမှောင်ချထားသဖြင့် လယ်သမားများအခက်ကြုံ



မြန်မာနိုင်ငံတွင် ကြက်တုပ်ကွေးရောဂါဖြစ်ပွားနေသော်လည်း နအဖက ရောဂါအခြေအနေနှင့်ပတ်သက်၍ သတင်းအမှောင်ချထားသဖြင့် လယ်သမားများ ရောဂါကာကွယ်ရေးနှင့်ပတ်သက်သော ဗဟုသုတများနည်းပါးလျက်ရှိကြောင်း သိရှိရသည်။

“ကြက်တုပ်ကွေးရောဂါဆိုတာက ဘယ်လိုမှန်းမသိဘူး။ တကယ်လို့ ကျမကြက်တွေ ကြက်တုပ်ကွေးနဲ့သေနေရင်၊ ဒါကို ကျမဘယ်လိုလုပ်သိမလဲ”ဟု ကြက်ခြံပိုင်ရှင်တဦးဖြစ်သူ အသက် (၅၅) နှစ်အရွယ်၊ ဒေါ်စီ၏ အပြောကို အေအက်ဖ်ပီသတင်းတပုဒ်တွင် ဖော်ပြထားသည်။

ယခုတိုင် စိုက်ပျိုးရေးဌာနနှင့် ကျန်းမာရေးဌာန အရာရှိများထံမှ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်သော အချက်အလက်နှင့် သူမကြက်ခြံမှ ကြက်အကောင် (၇၅၀) ကျော်ကို မည်သို့ဆောင်ရွက်ရမည်ဆိုသော ညွှန်ကြားချက်များကို မရရှိသေးဟု ဒေါ်စီက ဆိုသည်။

ဒေါ်စီ၏ ကြက်ခြံသည် ကြက်တုပ်ကွေးရောဂါဖြစ်ပွားနေသော မန္တလေးမြို့ပြင်တွင် တည်ရှိနေသော်လည်း သူမကြက်ခြံနှင့် အနီးတဝိုက်တွင် ကြက်များရောဂါဖြစ်ပွားနေသည့်အကြောင်းကိုပင် သူမမသိရှာသေးပေ။

“ကျမကြက်တွေကို သူတို့လာသတ်ရင် ဘာလုပ်ရမှန်းမသိတော့ပါဘူး။ ကျမကြက်တွေသေသွားရင်ပဲဖြစ်ဖြစ်၊ ကြက်နာကျရင်ပဲဖြစ်ဖြစ် ကျန်းမာရေးဌာနကိုအကြောင်းကြားရမှာပေါ့။ ဒါပေမယ့် ကြက်တုပ်ကွေးရောဂါကို ကျမမှမသိတာ”ဟုဒေါ်စီ၏အပြောကို သ တင်းတွင် ရေးသားထားသည်။

မတ်လဆန်းပိုင်းက မန္တလေးတိုင်း၊ အောင်မြေသာဇံမြို့နယ်တွင် ကြက်တုပ်ကွေးပိုးရပ် တွေ့ရှိရသည်ဟု တိရစ္ဆာန်ဆရာဝန်များက ကုလသမဂ္ဂအစားအစာနှင့် စိုက်ပျိုးရေးအစီအစဉ် (အက်ဖ်အေအို) သို့ အကြောင်းကြားခဲ့ပြီး၊ ထိုကိစ္စမှန်ကန်ကြောင်းကို အက်ဖ်အေအိုက မတ်လ (၁၆) ရက်နေ့ တွင်အတည်ပြုခဲ့သည်။

ကြက်တုပ်ကွေးကြောင့် (၂၀၀၃) ခုနှစ်မှစ၍ အဇာဘိုင်ဂျန်၊ ကမ္ဘောဒီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ အီရတ်၊ ထိုင်း၊ တူရကီနှင့် ဗီယက်နမ်နိုင်ငံစသော နိုင်ငံပေါင်း (၈) ခုတွင်လူ (၁၀၅) ကျော်သေဆုံးခဲ့ရသည်ဟု ကမ္ဘာကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် ရန်ကုန်ရုံးတာဝန်ခံ အရာရှိတဦးက မြန်မာနိုင်ငံတွင် “လူထုကြားမှာ ရောဂါနှင့်ပတ်သက်တဲ့ ပညာပေးမှုတွေမရှိဘူး။ ဒါကို နအဖလည်းသိတာပဲ။ ဒီကိစ္စနဲ့ပက်သက်လို့ အစိုးရနဲ့ ဦးစားပေးဆွေးနွေးနေပါတယ်” ဟုပြောသည်။

ကုလသမဂ္ဂကျန်းမာရေးအဖွဲ့မှ ဒါရိုက်တာ မစ္စတာနာရင်းက (Jai P. Narain) ကြက်တုပ်ကွေးရောဂါတိုက်ဖျက်ရာတွင် အထိ ရောက်ဆုံးနည်းမှာ ရောဂါဖြစ်ပွားရာအနီးတဝိုက်ရှိ ကြက်ငှက်များကို မြန်မြန်ထက်ထက် သုတ်သင်ပစ်ရေးပင် ဖြစ်သည်ဟု ဆိုသည်။

“သူတို့ (နအဖ) ဘာလုပ်ရမယ်ဆိုတာကို အခုသူတို့သိပြီလေ။ လုပ်လည်းလုပ်နေကြပါတယ် ”ဟု မစ္စတာနာရင်းက ပြောသည်။

မတ်လ (၁၆) ရက်နေ့အထိ စစ်ကိုင်းတိုင်း၊ အနောက်မြောက်ပိုင်း မြို့နယ် (၃) ခု (ရွှေဘို၊ ကန့်ဘလူနှင့် ခင်ဦးမြို့နယ်) တွင် ကြက် (၄,၆၂၈) ကောင်သေဆုံးခဲ့ပြီး၊ (၈၇၂) ကောင်ကိုဖျက်ဆီးကာ၊ မန္တလေးတိုင်း မြောက်ပိုင်း မြို့နယ် (၄) ခု (ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်၊ ချမ်းအေးသာဇံနဲ့ အမရပူရမြို့နယ်) တွင် ကြက်ကောင်ရေ (၁၀၀၀) နှင့် ငုံး (၄,၄၈၂) ကောင်သေဆုံးခဲ့ပြီး၊ ကြက် (၁၃,၀၉၈) ကောင်၊ ငုံးကောင်ရေ (၂၇,၀၁၈) နှင့် ငုံးဥလုံးရေ (၅၀,၀၀၀) ကို ဖျက်ဆီးနိုင်ခဲ့သည်ဟု နအဖပိုင်သတင်းစာများက ရေးသားဖော်ပြသည်။

ကြက်ငှက်တုပ်ကွေးသတင်းကြောင့် မန္တလေးမြို့တွင် ကြက်သားရောင်းဝယ်ခွင့် ပိတ်ပင်ထားသော်လည်း မှောင်ခိုဈေးကွက်တွင် ရောင်းဝယ်မှုများရှိနေသေးသည်ဟု အေအက်ဖ်ပီ သတင်းတပုဒ်ကဆိုသည်။

ကြက်အရောင်းအဝယ်လုပ်ငန်းများ ရပ်ဆိုင်းသွားခြင်းကြောင့် ကြက်ခြံလုပ်ငန်းရှင်များအရှုံးပေါ်နေကြပြီး ရောဂါပိုးစတင်တွေ့ခဲ့သော မန္တလေးမြို့၊ ကျွဲဆည်ကန်အရပ်တွင် ငုံးတချို့ အစုလိုက်၊ အပြုံလိုက် သေဆုံးမှုများ ဆက်လက်ဖြစ်ပွားနေသည်ဟု အာရ်အက်ဖ်အေသတင်းတပုဒ်ကဆိုသည်။

မန္တလေးမြို့မှ အသက် (၇၇) နှစ်အရွယ် ဆရာဝန်ဦးဉာဏ်ထွန်းက ရောဂါနှင့်ပက်သက်၍ သတင်းအချက်အလက်နည်းပါးနေသေးသည့်အတွက် လူထုကြားတွင် အသိပညာပေးမှုများ လိုအပ်နေသေးသည်ဟုဆိုသည်။

၎င်းအတောအတွင်း တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဌာနမှ ထိပ်တန်းအရာရှိ ဦးသန်းလှက မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံတကာမှဆေးဝါးပစ္စည်း၊ နည်းပညာနှင့်အကြံဉာဏ်များ လိုအပ်နေသည်ဟုဆိုသည်။

လောလောဆယ်တွင် ဓာတ်ခွဲခန်းသုံး ကိရိယာများနှင့် လူသို့ရောဂါမကူးစပ်နိုင်စေရန် အကာအကွယ်ပေးနိုင်သော အသုံးအ



ဆောင်များအတွက် အရေးပေါ်အသုံးပြုရန် အက်ဖ်အေအိုက အမေရိကန်ဒေါ်လာ (၄) သောင်း ထောက်ပံ့ပေးထားသည်။

ယမန်နှစ် ဒီဇင်ဘာလက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးက မြန်မာနိုင်ငံသည် တောင်များဝိုင်းရံထားသဖြင့် ကြက်တုပ်ကွေးရောဂါ မကူးစက်နိုင်ကြောင်း ပြောကြားခဲ့သည်။

❖

**နအဖသည် ကမ္ဘာပေါ်တွင် ပညာရေးနှင့် လူထုကျန်းမာရေးအသုံးစရိတ် အနည်းဆုံးသုံးစွဲသော အာဏာရှင်အုပ်စုဖြစ်သည်။**

# နိုင်ငံတကာ

## သတင်းတိုထွာ

### မစ္စတာသက်ဆင် ရာထူးမှ နှုတ်ထွက်တော့မည်

ထိုင်းဝန်ကြီးချုပ် မစ္စတာသက်ဆင်ရှင်နာဝတ်က တိုင်းပြည်မျက်နှာ၊ ထိုင်းဘုရင်မင်းမြတ်၏ မျက်နှာကိုငဲ့ညှာ၍ ဝန်ကြီးချုပ်ရာထူးမှနှုတ်ထွက်ပေးမည်ဖြစ်ကြောင်း ဧပြီလ (၄) ရက်နေ့တွင် နိုင်ငံသို့ရုပ်မြင်သံကြားမှ ပြောကြားလိုက်သည်။ ထိုင်းဘုရင်မင်းမြတ် ဘူမိဘောနှင့်တွေ့ဆုံအပြီးတွင် မစ္စတာသက်ဆင်သည် ဝန်ကြီးချုပ်ရုံးသို့ မျက်ရည်ရွှဲရွှဲဖြင့် ရောက်ရှိလာသည်ဟု ဧပြီလ (၅) ရက်နေ့ထုတ် ဘန်ကောက်ပို့စ်သတင်းစာတွင် ရေးသားထားသည်။ မစ္စတာသက်ဆင်က ယခုနှစ်ဇွန်လ (၆) ရက်နေ့သည် ထိုင်းဘုရင်မင်းမြတ် ဘိသိက်ခံသက်အနှစ် (၆၀) ပြည့်ဖြစ်၍ မင်္ဂလာရှိသောနှစ်တွင် ထိုင်းနိုင်ငံအတွင်း ဆန္ဒပြပွဲများဆက်ဖြစ်နေလျှင် ထိုင်းနိုင်ငံရော ဘုရင်ပါသိက္ခာကျမည့်ဖြစ်သဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေးရှုသည့်အနေဖြင့် မိမိရာထူးမှနှုတ်ထွက်ပေးရခြင်းဖြစ်ကြောင်း သူ၏မိန့်ခွန်းတွင် ထပ်ခါတလဲလဲထည့်သွင်းပြောကြားခဲ့သည်။ ဧပြီလ (၂) ရက်နေ့ရွေးကောက်ပွဲတွင် ထိုင်းရတ်ထိုင်းပါတီက (၆၀) ရာခိုင်နှုန်းအနိုင်ခဲ့သော်လည်းမဲဆန္ဒနယ် (၃၈) ခုတွင် အမတ်များ မရွေးချယ်နိုင်ဘဲ အစိုးရသစ်ဖွဲ့ရေးတွင် အခက်တွေ့နေရသည်။ ထိုင်းရတ်ထိုင်းတပါတီတည်းက အရွေးခံသောအဆိုပါမဲဆန္ဒနယ်များတွင် မဲဆန္ဒရှင်အားလုံး၏ (၂၀) ရာခိုင်နှုန်းက ထိုင်းရတ်ထိုင်းပါတီကို ထောက်ခံမဲမပေးခဲ့ပေ။ ရွေးကောက်ပွဲအသစ်ကို ဧပြီလ (၂၃) ရက်နေ့တွင် ပြန်လည်ပြုလုပ်ရမည်ဖြစ်ပြီး၊ အတိုက်အခံများက သက်ဆင်ရာထူးမှနှုတ်ထွက်ပေးလျှင် ရွေးကောက်ပွဲပြန်ဝင်မည်ဟုဆိုသည်။ ထိုင်းရတ်ထိုင်းပါတီ ဥက္ကဋ္ဌဖြစ်သူ မစ္စတာသက်ဆင်သည် အစိုးရသစ်မပေါ်ပေါက်ခင်အထိ ထိုင်းနိုင်ငံ၏ ယာယီဝန်ကြီးချုပ်အဖြစ် ဆက်လက်တာဝန်ယူမည်ဖြစ်သည်။

### စစ်အာဏာရှင်များ တရားစီရင်ခံရမည်ဟု ကိုဖီအာနန်ပြောကြား

လိုင်ဘေးရီးယားသမတဟောင်း ချားစ်တေလာသည် စစ်ရာဇဝတ်မှုများကျူးလွန်ခဲ့မှုအတွက် ထိန်းသိမ်းခံနေရပြီး မတ်လ (၃) ရက်နေ့တွင် တရားရင်ဆိုင်နေရပြီဖြစ်သည်။ ချားစ်တေလာကို ကင်မရွန်းနိုင်ငံသို့ထွက်ပြေးရန်ကြိုးစားနေစဉ် နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း၌ ဖမ်းမိခဲ့ခြင်းဖြစ်သည်။ မစ္စတာတေလာကို နိုင်ဂျီးရီးယားစစ်ရဲများကဖမ်းဆီးခဲ့ပြီး ဆီရာလီယွန်းရှိ စစ်ရာဇဝတ်ခုံရုံးသို့ပို့ဆောင်ခဲ့သည်။ လူသတ်မှု၊မုဒိန်းမှုကိုယ်အင်္ဂါ အစိတ်အပိုင်းများကိုဖြတ်တောက်မှုစသည့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှု (၁၁) မှုနှင့် လိုင်ဘေးရီးယားနှင့် ဆီရာလီယွန်းနိုင်ငံတို့တွင် လူထောင်နှင့်ချီသေဆုံးခဲ့ရမှုတို့အတွက် တရားရင်ဆိုင်ရမည်ဖြစ်သည်။ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးကိုဖီအာနန်ကမစ္စတာတေလာကို ဖမ်းဆီးခဲ့ခြင်းသည်စစ်အာဏာရှင်များသည်တရားစီရင်ခြင်းခံရမည်ဆိုသည့်သတင်းစကားကိုပါးလိုက်ခြင်းဖြစ်သည်ဟုပြောသည်။ မစ္စတာတေလာကိုစစ်ရာဇဝတ်ခုံရုံးသို့လွှဲပြောင်းပြီးနှစ်ရက်အကြာတွင် သားဖြစ်သူကိုမိုင်ယာမီ၌အမေရိကန်အာဏာပိုင်များကဖမ်းဆီးခဲ့သည်။❖

### အကြမ်းဖက်မှုများကိုအဆုံးသတ်မည်ဟု ဟားမားစ်အစိုးရကတိပြု

ပါလက်စတိုင်းပြည်ထဲရေးဝန်ကြီးက ဟားမားစ်စစ်သွေးကြွအဖွဲ့ဦးဆောင်သော အစိုးရသည် လက်နက်ကိုင်အကြမ်းဖက်မှုများကိုအဆုံးသတ်မည်ဟု ကတိပြုလိုက်သည်။

“**ဥပဒေ၏အထက်တွင် မည်သူမှမရှိ**ဆိုတာကို ကျုပ်တို့အာမခံမယ်။ မတည်ငြိမ်မှုတွေ၊ လက်နက်ကိုင်အဓိကရုဏ်းတွေကိုအဆုံးသတ်ပစ်ဖို့ ကျုပ်တို့တောင်းဆိုတယ်။ ဒီရုပ်ဆိုးလှတဲ့ ရာဇဝတ်မှု (တပ်မှူးတဦးကိုလုပ်ကြံမှု) နဲ့ လူသုံးဦးအသတ်ခံရမှုကို စုံစမ်းဖို့အတွက် လုံခြုံရေးတပ်ဖွဲ့တွေကို အာဏာအပြည့်အဝပေးထားတယ်”ဟု မတ်လ (၃၁) ရက်ည၊ စုံစမ်းရေးကော်မရှင်ဖွဲ့အပြီး သူကပြောသည်။ မတ်လ (၃၁) ရက်က ဖြစ်ပွားသော စစ်သွေးကြွများနှင့် သမတမာမွတ်အာဘတ်စ်ကို ထောက်ခံသူများအကြား သဘောထားကွဲလွဲမှုတွင် လူသုံးဦးသေဆုံးပြီး (၃၆) ဦး ဒဏ်ရာရရှိခဲ့သည်။ ပါလက်စတိုင်းဝန်ကြီးချုပ် အစ္စမေးလ်ဟာနီယာက လုံခြုံရေးကိုခြိမ်းခြောက်သောအဓိကရုဏ်းများကို အဆုံးသတ်ရန်ကတိပြုခဲ့ပြီး ယခုကဲ့သို့ အန္တရာယ်များလှသော အခြေအနေကိုအဆုံးသတ်ရန် လမ်းပေါ်ရှိ အရပ်သားများထံမှ လက်နက်များကိုသိမ်းယူမည်ဟု ဂျာနယ်လစ်တဦးကိုပြောသည်။ ယခု အဓိကရုဏ်းသည် ဟားမားစ်အစိုးရ ပထမဦးဆုံးရင်ဆိုင်ရသည့် စိန်ခေါ်မှုတခုပင်ဖြစ်သည်။❖

### အီရတ်စစ်ပွဲအတွင်း အမေရိကန်နှင့်ညွန့်ပေါင်းစစ်သားအကျအဆုံး

(စီအဲန်အဲန်)

(၂၀၀၆) ခုနှစ်၊ မတ်လကုန်ထိ ကျဆုံးသွားသော အမေရိကန်နှင့်ညွှန့်ပေါင်းတပ်ဖွဲ့များမှ အတည်ပြုပြီးစစ်သားဦးရေမှာ စုစုပေါင်း (၂,၅၃၃) ဦးရှိသွားပြီဖြစ်ပြီး အမေရိကန်စစ်သား (၂,၃၂၆)၊ ဗြိတိသျှစစ်သား (၁၀၃) ဦး၊ ဘူဂေးရီးယားစစ်သား (၁၃)ဦး၊ ဒိန်းမတ်စစ်သား (၃) ဦး၊ ဒတ်ချ်စစ်သား (၂) ဦး၊ အက်စ်တိုနီးယားစစ်သား (၂) ဦး၊ ဟန်ဂေရီစစ်သား (၁) ဦး၊ အီတလီစစ်သား (၂၆) ဦး၊ ဂါဇက်စစ်သား (၁) ဦး၊ လတ်ဗီယန်းစစ်သား (၁) ဦး၊ ပိုလန်စစ်သား (၁၇) ဦး၊ ဆာဗေးဒိုးစစ်သား (၂) ဦး၊ ဆလိုဗက်စစ်သား (၃) ဦး၊ စပိန်စစ်သား (၁၁) ဦး၊ ဩစတေးလျ (၁) ဦး၊ ထိုင်းစစ်သား (၂) ဦး၊ ဖိဂျီစစ်သား (၁) ဦးနှင့် ယူကရိန်းစစ်သား (၁၈) ဦးတို့ဖြစ်ကြသည်။ ပင်တဂွန်သတင်းဌာနအရ စစ်ပွဲအတွင်း ဒဏ်ရာရရှိသော အမေရိကန်စစ်သားများမှာ (၁၇,၂၆၉) ဦးရှိပြီဖြစ်သည်။❖

## ပြင်သစ်ပြည် အလုပ်သမားဥပဒေသစ်ကြောင့် လူထုအုံကြွမှုဖြစ်



ပြင်သစ်အလုပ်သမားဥပဒေသစ်ကို ဆန္ဒပြသူများနှင့် ရဲများပဋိပက္ခဖြစ်ပွားစဉ်

အငြင်းပွားဖွယ်ဖြစ်နေသည့် အလုပ်သမားဥပဒေသစ်အား ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် ထောင်သောင်းချီသည့် ကျောင်းသားများသည် မတ်လ (၂၃) ရက်နေ့က လမ်းမများပေါ်သို့ ထွက်လာခဲ့ရာပါရီနှင့် အခြားမြို့ကြီးများအပါ တနိုင်ငံလုံး၌ သန်းချီသည့် လူထုဆန္ဒပြမှုကြီးအဖြစ် တိုးပွားဖြစ်ပေါ်လာခဲ့သည်။ အချို့လူငယ်များသည် ပြတင်းပေါက်များအား ရိုက်ခွဲကြပြီး စျေးဆိုင်များအား လုယက်ယူငင်ကာ ကားများကိုမီးရှို့ကြပြီး ရဲများအား ခဲများဖြင့် ပစ်ပေါက်ကြသည်။ လူပေါင်း (၄၂၀) ခန့်အားဖမ်းဆီးခဲ့ပြီးဒါဇင်ပေါင်းများစွာ ဒဏ်ရာရခဲ့ကြသည်ဟု ရဲများကပြောဆိုသည်။ ညပိုင်းတွင် တင်းမာမှုများလျော့ကျသွားခဲ့သည်ဟုပြောဆိုသည်။ ဝန်ကြီး ချုပ်ဒိုမင်းနစ်ဒေဗီလေပန်နှင့်မတ်လ (၂၄) ရက်နေ့၌ တွေ့ဆုံရန်သမဂ္ဂခေါင်း ဆောင်များက သဘောတူလိုက် သည်။ ၎င်းတို့က ဥပဒေကိုရုပ်သိမ်းပေးစေလိုသည်။ ပြဋ္ဌာန်းထားသည့် ပထမအကြိမ်အလုပ်ခန့်အပ်မှုကန်ထရိုက် စာချုပ်ဥပဒေအား မရုပ်သိမ်းလျှင်သမဂ္ဂခေါင်းဆောင်များက စေ့စပ်ဆွေးနွေးမှုကို ငြင်းပယ်ပြီး တောင်းဆိုချက်များကိုဖိအားပေးရန် စည်းဝေးပွဲအားအသုံးချမည်ဖြစ်ကြောင်းပြောဆိုသည်။ ဥပဒေသစ်တွင် လုပ်ငန်းခွင် ဆိုင်ရာ လုံခြုံမှုများကို လျှော့ချလိုက်ခြင်းအားဖြင့် လူငယ်များအတွက်အလုပ်များဖန်တီးပေးသည့်အတွက် ၎င်းအနေဖြင့် ဥပဒေအား ဖျက်သိမ်းပစ်မည်မဟုတ်ဘဲ၊ ဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်ပြီးသာဆွေးနွေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဒေဗီလေပန်က ပြောဆိုသည်။ ဝေဖန်သူများက ဤဥပဒေသစ်သည် လူငယ်များအတွက် အမြဲတန်းအလုပ်ရရှိရန် ခက်ခဲစေလိမ့်မည်ဖြစ်ပြီး အလုပ်ရှင်ကြီးများက ဥပဒေကို အလွဲသုံးစားလုပ်နိုင်ရန် အခွင့်အရေးရသွားမည်ဖြစ်ကြောင်းဆိုသည်။ မတ်လ (၂၃) ရက်ထုတ် ပါရီသားသတင်းစာတွင် ကောက်ခံသည့် မဲစာရင်းများအရ ပြင်သစ်ပြည်သား (၆၈) ရာခိုင်နှုန်းက ဤဥပဒေအား အစိုးရကရုပ်သိမ်းပေးစေလိုကြောင်း ဖော်ပြခဲ့သည်။

မကြာသေးမီ သီတင်းပတ်များက ဆန္ဒပြမှုများမှာ ပြင်သစ်ပြည်တဝှမ်းလုံး၌ ပြန့်နှံ့လာနေပြီး နေရာအများအပြား၌ အကြမ်းဖက်မှုများဖြင့် အဆုံးသတ်ခဲ့၏။ စည်းရုံးလှုံ့ဆော်သူများက ဆန္ဒပြသူဦးရေမှာ (၄၅၀,၀၀၀) ရှိသည်ဟုပြောဆိုသော်လည်း အစိုးရအရာရှိများပြောဆိုမှုအရ မတ်လ (၂၃) ရက်နေ့က ဆန္ဒပြသူ အနည်းဆုံး (၂၂၀,၀၀၀) ခန့် ပါဝင်ခဲ့ကြောင်း၊ အများစုမှာ အထက်တန်းကျောင်း (သို့မဟုတ်) တက္ကသိုလ်ကျောင်းသားများဖြစ်ကြောင်း ပြောဆိုသည်။ ဤဆန္ဒပြပွဲအတွင်း ပါရီဆင်ခြေဖုံးများ၊ မာဆေး၊ လီယွန်၊ အရှေ့တောင်ဘက်ရှိ ဂဝေါင်းနိုဘားလ်နှင့်ရန်နေးအနောက်ဘက် မြို့ကြီးများ၌လည်း အကြမ်းဖက်မှုများဖြစ်ပွားခဲ့သည်။ တနိုင်ငံလုံး၌ လူ (၆၀) ဒဏ်ရာရခဲ့ပြီး၊ (၂၇) ဦးမှာ ရဲများဖြစ်ကြသည်။

ယမန်နှစ်က လမ်းမများပေါ် ဆန္ဒပြခဲ့သည် ပါရီဆင်ခြေဖုံးရပ်ကွက်များမှ လူငယ်များအား အလုပ်များဖန်တီးပေးရန် စီမံသည့်အနေဖြင့် ဤဥပဒေအား ၎င်း၏ အစိုးရက အဆိုပြုခဲ့ကြောင်း ဝန်ကြီးချုပ်က ပြောဆိုခဲ့သည်၊ ဤဥပဒေအောက်၌ အသက် (၂၆) နှစ်အောက် လူငယ်များသည် လုပ်ငန်းခွင်တွင် (၂) နှစ် အစမ်းခန့် လုပ်ကိုင်ရမည်ဖြစ်ပြီး ဤကာလအတွင်း အလုပ်ရှင်များက ဤအစမ်းခန့် အလုပ်သမားများအား ရှင်းလင်းချက်တစုံတရာပေးစရာမလိုဘဲ (သို့မဟုတ်) ကြိုတင်သတိပေးစရာမလိုဘဲ အချိန်မရွေး အလုပ်ထုတ်ပစ်နိုင်သည်။ (၂၆) နှစ် အထက်လူများမှာ ယေဘူယျအားဖြင့် အစမ်းခန့်ကာလ (၁) လမှ (၃) လခန့် ကြာမြင့်မည်ဖြစ်သည်၊ ဤဥပဒေအောက်တွင် အလုပ်ရှင်များသည် လူငယ်အလုပ်သမားများအား ပိုမိုငှားရမ်းရန် အားပေးလိမ့်မည်ဖြစ်သော်လည်း တနိုင်ငံလုံးတွင် အလုပ်အကိုင်တည်ငြိမ်မှုအခြေအနေအား ထိခိုက်လိမ့်မည်ဟု ကျောင်းသားများက စိုးရိမ်ပူပန်နေကြသည်။ ပြင်သစ်တနိုင်ငံလုံးတွင် အသက် (၁၈) နှစ်နှင့် (၂၅) နှစ်ကြားရှိ လူငယ် (၂၀) ရာခိုင်နှုန်းကျော်မှာ အလုပ်လက်မဲ့များဖြစ်နေကြပြီး တနိုင်ငံလုံးရှိ ပျမ်းမျှအလုပ်လက်မဲ့ဦးရေထက် (၂) ဆကျော် ပိုများသည်။ ပြင်သစ်တနိုင်ငံလုံးတွင် အလုပ်လက်မဲ့ဦးရေ (၁၀) ရာခိုင်နှုန်းခန့်ရှိပြီး လူငယ် (၄) ယောက်တွင် (၁) ယောက်မှာ အလုပ်လက်မဲ့များဖြစ်သည်။❖

## ကမ္ဘာကြီးပူနွေးလာမှု တိုင်းပြည်များဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်

မိုးခေါင်မှု၊ ရေကြီးမှုနှင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုတို့က ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်နေသည်ဟု (၄) ကြိမ်မြောက် ကမ္ဘာ့ရေအရင်းအမြစ်ဆွေးနွေးပွဲတွင် ကျွမ်းကျင်သူများနှင့် အကူအညီပေးရေးလုပ်သားများကတနလင်္ာနေ့က ပြောကြားသည်။ (၁.၁) ဘီလျံခန့်ရှိသောလူများမှာ မသန့်ရှင်းသည့် သောက်သုံးရေများကို သုံးစွဲနေရပြီး ထိုရေမှဖြစ်ပွားသည့် ရောဂါကြောင့် လူ (၃.၁) သန်းခန့် နှစ်စဉ်သေကြေရသည်ဟုဆိုသည်။ “မိုးခေါင်မှုတွေပိုများလာမယ်။ သစ်တောပြုန်းတီးတာတွေ ပိုတွေ့လာရမယ်။ တောမီးတွေလောင်မယ်။ ပတ်ဝန်းကျင်က ပိုပြီးယိုယွင်းလာမယ်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေက ဒီဒဏ်တွေကိုပိုခံရလိမ့်မယ်” ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့၏ အထွေထွေအတွင်းရေးမှူး မိုက်ကယ်ဂျာရော့ဒ်က ပြောသည်။

သိပ္ပံပညာရှင်များက ကမ္ဘာကြီးပိုမိုပူနွေးလာမှုသည် ရေခဲမြစ်များ၊ ဝင်ရိုးစွန်းရေခဲတောင်များကို အရည်ပျော်စေပြီး အနိမ့်ပိုင်းဒေသရှိ ကျွန်းများနှင့်မြို့များကို ပျက်စီးသွားစေသည့်အထိ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမည်ကိုပူပန်နေကြသည်။ ကမ္ဘာကြီးပူနွေးလာမှုက ရာသီဥတုပြောင်းလဲခြင်း၊ စိုက်ပျိုးချိန်များပြောင်းလဲမှုကို ဦးတည်လာစေသည်။ အချို့ရောဂါများကိုလည်း နေရာသစ်များဆီသို့ ပျံ့နှံ့သွားစေသည်။ အိန္ဒိယ အခြေစိုက် ကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့တွင် အလုပ်လုပ်သော ဂျိုးမဒီရတ်က ရာသီဥတုပြောင်းလဲမှုသည် သြရိဿပြည်နယ်ကို ဖွတ်ဖွတ်ညက်ညက် ကြေစေပြီဟုပြောသည်။ သူက တိုင်းပြည်၏ အဆင်းရဲဆုံးဖြစ်သည့် ထိုပြည်နယ်ကို “ကပ်ဘေးများ၏ မြို့တော်” အမည်ပေးထားသည်။ “ရေကြီးတာလား။ ဒါမှမဟုတ်ရင် တိုင်းဖွန်းမုန်တိုင်းလား။ ခင်ဗျားပြောကြည့်လိုက်။ အားလုံးကျုပ်တို့မှာရှိတယ်”ဟု သူကဆိုသည်။

တောရိုင်း ကမ္ဘာရန်ပုံငွေအဖွဲ့၏ အမှုဆောင် ဒါရိုက်တာ ဂျမီးပစ်တော့က ကမ္ဘာကြီးပူနွေးလာမှုသည် မြစ်ကြီးများအပေါ်တွင် အကျိုးသက်ရောက်နိုင်သည်ဟု ဆိုသည်။ “အိန္ဒု၊ ဂင်္ဂါလိုမြစ်ကြီးတွေ ရေစီးလျော့နည်းလာတာကိုမြင်နိုင်တယ်။ အခု လောလောဆယ်မှာတော့ ရေခဲမြစ်တွေက အရည်ပျော်ကျလာတာကြောင့် ပုံမှန်လောက်စီးနေသေးတယ်”ဟု သူကပြောသည်။❖

နိုင်ငံတကာ

# ဆက်ဒမ်ဟူစိန်က တရားရုံးတွင် အီရတ်ပြည်သူများအား မိန့်ခွန်းခြွေ



တရားသူကြီး နှင့် တရားခံ ဆက်ဒမ်ဟူစိန်

မတ်လ (၁၅) ရက်နေ့က ပထမဆုံး အကြိမ် ကျမ်းကျိန်ထွက်ဆိုမှုတွင် ဆက်ဒမ်ဟူစိန်က အီရတ်အချင်းချင်းသတ်ဖြတ်နေမှုများကို ရပ်တန်းကရပ်ကြ၍ အမေရိကန်တပ်များကို တိုက်ခိုက်ကြရန် တောင်းဆိုလိုက်သည်။ ခုံရုံးက သူ၏ ရောက်တတ်ရာရာ နိုင်ငံရေးတရားဟောမှုကို ပြင်းထန်စွာပြောဆိုပြီး ကင်မရာများရိုက်ကူးနေခြင်းကို ပိတ်ပစ်ရန်အမိန့်ပေးခဲ့သည်။ တရားသူကြီး (Raouf Abdel-Rahman) ၏ အော်ပြောသံနှင့်အပြိုင် ဆက်ဒမ်ဟူစိန်က သူသည် ရွေးချယ်တင်မြှောက်ခြင်းခံထားရသော အီရတ်၏ သမတဖြစ်သည်ဟု ကြေညာကာ မိန့်ခွန်းကို အစပြုခဲ့လေသည်။

"မောင်မင်းဟာ နိုင်ငံရဲ့ဦးစီးခေါင်းဆောင်တယောက်ဖြစ်ခဲ့တာမှန်တယ်။ ခုအချိန်မှာတော့ မောင်မင်းဟာ တရားခံတယောက်ပဲဖြစ်တယ်"ဟု တရားသူကြီးက ပြောသည်။ အနက်ရောင်ဝတ်စုံကိုဝတ်ဆင်ပြီး စာကြည့်မျက်မှန်ကြီးကိုတပ်ထားသော ဆက်ဒမ်က သူ့အပေါ်စွဲချက်တင်ထားမှုအားလုံးကို ထပ်ခါထပ်ခါငြင်းဆိုချေဖျက်သည်။

ကြိုတင်စီစဉ်ပေးထားသည့် စာသားများကိုဖတ်ရမည့်အစား "ကြီးမြတ်သည့် အီရတ် ပြည်သူအပေါင်းတို့"ဟု အစချီကာ လတ်တလောဖြစ်ပွားနေသည့် ဆွန်နီ–ရှီအိုက် ပဋိပက္ခများကြောင့် မိမိစိတ်ထိခိုက်ရကြောင်း ဆက်ဒမ်က မိန့်ခွန်းခြွေလေတော့သည်။ ထို "ကြီးမြတ်သည့် ပြည်သူအပေါင်းတို့" ဆိုသည့်ဝေါဟာရသည် ယခင်သမတအဖြစ် နိုင်ငံကို မိန့်ခွန်းခြွေစဉ်က မကြာခဏသုံးစွဲခဲ့သည့် ဝေါဟာရပင်ဖြစ်သည်။

"ပြည်သူအားလုံး ညီညီညွတ်ညွတ်နဲ့ ကျူးကျော်သူတွေနဲ့ သူတို့ကိုထောက်ခံပံ့ပိုးသူတွေကိုတွန်းလှန်ကြ။ သင်တို့ အချင်းချင်း တိုက်ခိုက်မနေကြနဲ့။ အမေရိကန်တွေ၊ ဇီယွန်ဝါဒီတွေနဲ့ သူတို့မဟာမိတ်တွေရဲ့ ကျူးကျော်မှုကိုခုခံတော်လှန်မှုမှာ အသင်တို့ဟာ ကြီးမြင့်ခဲ့ကြတယ်။ ကျွန်ုပ်မျက်လုံးထဲမှာ သင်တို့အားလုံးကြီးမြတ်ခဲ့ကြတယ်။ ကြီးမြတ်နေကြဆဲပဲ။ နေမထွက်ခင်မှာတော့ အချိန်ဆိုတာက ပြဿနာတခုလိုဖြစ်နေတတ်တယ်။ ဒါပေမယ့် သင်တို့အားလုံး အောင်နိုင်သူတွေဖြစ်လာကြလိမ့်မယ် "

(Abdel-Rahman) က သူ့ကို ထပ်မံ၍ အော်ငေါက်လိုက်ပြီး တရားရုံးကို မိနစ် (၉၀) ပိတ်ထားခဲ့သည်။ ဂျာနယ်လစ်များကို အခန်းအပြင်ထွက်ကြရန် အမိန့်ပေးခဲ့သည်။

ဗုဒ္ဓဟူးနေ့ တရားစီရင်ခန်းတွင် တရားသူကြီးက ဆက်ဒမ်ပြောနေသည့် မိုက်ကရိုဖုန်းကိုပိတ်ပစ်ရန် သူ့ခုံပေါ်ရှိခလုတ်ကို ထပ်ခါထပ်ခါနှိပ်သည့်ကြားမှ ဆက်ဒမ်ဟူစိန်က သူသည် ဩဇာအာဏာရှိနေဆဲ လူတယောက်ဖြစ်သည်ဆိုသောပုံရိပ်ကို သူ၏နိုင်ငံသားများ ဒုက္ခရောက်နေရချိန်တွင် မိန့်ခွန်းခြွေခြင်းဖြင့် ပြသရန်ကြိုးပမ်းခဲ့သည်။

တချိန်တွင် တရားသူကြီးက "မင်းကိုယ့်ကိုကိုယ်လေးစားစမ်း" ဟု အော်ငေါက်လိုက်ရာ ဆက်ဒမ်က "မင်းသာ မင်းကိုယ်မင်းလေးစားစမ်း"ဟု ပြန်ငေါက်ခဲ့သည်။

"မောင်မင်းဟာ အပြစ်မဲ့သူတွေကို သတ်ဖြတ်တဲ့ ရာဇဝတ်ပြစ်မှုကြီးနဲ့ ရုံးတင်ခံနေရတဲ့တရားခံဖြစ်တယ်။ ဒီပြစ်မှုအတွက် မောင်မင်းကိုပြစ်ဒဏ် စီရင်ရမယ်"

"ဘဂ္ဂဒက်မှာ သေကြေရတဲ့သူတွေကရော။ သူတို့က အပြစ်မဲ့သူတွေမဟုတ်ဘူးလား။ ကျွန်ုပ် အီရတ်ပြည်သူတွေကို စကားပြောနေတာဖြစ်တယ်"

ရှီအိုက်ဝတ်ကျောင်းတော်အတွင်း ဗုံးခွဲမှုနှင့် ထိုဗုံးခွဲမှုအပြီး မကြာခင်တွင်ဖြစ်ပွားသော ဆွန်နီဗလီတခုကို တိုက်ခိုက်မှုများကို ရာဇဝတ်မှုများဟု ရှုံ့ချလိုက်ပြီး အီရတ်တို့ ညီညွတ်ကြရန် ဆက်ဒမ်ကတိုက်တွန်းသည်။

"ပြီးခဲ့တဲ့ရက်ပိုင်းတွေက အဖြစ်အပျက်တွေဟာ ဆိုးဝါးတယ်။ အကြောင်းမဲ့ သင်တို့သွေးမြစ်နဲ့ အမှောင်ထဲမှာနေကြရလိမ့်မယ်။ အမေရိကန်က အီရတ်တွေကိုသတ်ဖြတ်မှုဟာ နိုင်ငံခြားသားကျူးကျော်သူတွေကို သူတို့မြေကနေမောင်းထုတ်ဖို့၊ သူတို့ တိုင်းပြည်လွတ်မြောက်ဖို့အတွက် ခိုင်မာတဲ့ရည်ရွယ်ချက်တွေကိုသာ ဖြစ်လာစေမှာဖြစ်တယ်" ဟု သူကပြောသည်။

တရားသူကြီးက တရားစီရင်မှုကို ရပ်လိုက်သည့်အခါ ဆက်ဒမ်က သူ၏မိန့်ခွန်းကိုအဆုံးသတ်ခဲ့သည်။

(၁၉၈၂) ဇူလိုင် (၈) ရက်နေ့က မော်တော်ယာဉ်တန်းအားပစ်ခတ်ပြီး ဆက်ဒမ်အားလုပ်ကြံရန်ကြိုးပမ်းမှုအပြီး ဒုဂျေး၌ နှိမ်နင်းခဲ့မှုနှင့်ပတ်သက်၍ ပြစ်မှုထင်ရှားပါက ဆက်ဒမ်ဟူစိန်နှင့် အပေါင်းအပါ (၇) နှစ်ဦးတို့သည် ကြိုးပေးခံရဖွယ်ရှိသည်။ ဆက်ဒမ်က ရှီအိုက် (၁၄၈) ယောက်ကို တရားရုံးတင်ပြီးနောက် အားလုံးကိုသေဒဏ်စီရင်ရန် သူအမိန့်ပေးခဲ့သည်ဟု မတ်လ (၁) ရက်နေ့ တရားစီရင်မှုတွင် ရဲရဲရင့်ရင့် ဝန်ခံပြောကြားခဲ့သည်။ သို့ရာတွင် သူ့ကိုလုပ်ကြံရန်ကြိုးပမ်းမှုတွင် သံသယရှိသူများအား ထိုကဲ့သို့စီရင်ခြင်းသည် သူ၏အခွင့်အရေးပင်ဖြစ်သည်ဟု အခိုင်အမာပြောဆိုသည်။❖

# ထိုင်းနိုင်ငံ ရွေးကောက်ပွဲအကျပ်အတည်းကြုံနေရ

ဧပြီလ (၂ ) ရက်၊ သတင်းဌာနများ

အကျပ်အသည်းဆိုက်နေတော ထိုင်းနိုင်ငံ၏ အငြင်းပွားဖွယ်ရွေးကောက်ပွဲသည် ဧပြီလ (၂) ရက်တွင် ပြီးဆုံးသွားခဲ့ပြီး၊ ရလဒ်ကို ဧပြီလ (၄) ရက်နေ့အထိ တရားဝင်ကြေညာမည်မဟုတ်ဟု ရွေးကောက်ပွဲကော်မရှင်ကကြေညာသည်။

ရွေးကောက်ပွဲကို လွှတ်တော်တွင် အမတ်အများစုရထားတော အဓိကအတိုက်အခံပါတီ (၃) ပါတီက သပိတ်မှောက်ခဲ့ပြီး၊ အခြားပါတီ (၁၈) ခုမှ အမတ်များက ဝင်ရောက်အရွေးခံခဲ့သည်။

ဆန္ဒမဲများကို နိုင်ငံတဝှမ်းရှိ ခရိုင် (၇၆) ခုရှိ မဲဆန္ဒနယ်ပေါင်း (၄၀၀)၊ မဲရုံပေါင်း (၈၆၉၀၅) မှ စုဆောင်းမည်ဖြစ်ပြီး၊ နိုင်ငံလူဦးရေ၏ (၇၀) ရာခိုင်နှုန်းကျော် နေထိုင်သော ကျေးလက်ဒေသများတွင် တက်ဆင်၏ ထိုင်းရတ်ထိုင်းပါတီက အနိုင်ရမည်ဟု ခန့်မှန်းကြသည်။

ထိုင်းနိုင်ငံ အောက်လွှတ်တော်တွင် အမတ်နေရာ (၅၀၀) ရှိပြီး၊ အမတ် (၂၅၀) နေရာအနိုင်ရသောပါတီက အစိုးရဖွဲ့ခွင့်ရမည်ဖြစ်သည်။ သို့သော် လေ့လာသူများက ယခုရွေးကောက်ပွဲရလဒ်က အစိုးရတရပ်ထွက်ပေါ်လာမည့် အလားအလာမရှိဟု ခန့်မှန်းသည်။

ရွေးကောက်ပွဲအပြီး ရက်ပေါင်း (၃၀) အတွင်း ခေါ်ယူမည့်လွှတ်တော်တွင် မဲဆန္ဒနယ်အားလုံးမှ လွှတ်တော်အမတ် (၅၀၀) ပြည့်စုံရန်လိုအပ်ပြီး၊ အကယ်၍ သတ်မှတ်ထားသော အရေအတွက်မပြည့်လျှင် လွှတ်တော်ခေါ်ယူရေး အထမြောက်မည်မဟုတ်ဟု ထိုင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဆိုထားသည်။

လွှတ်တော်အမတ် (၅၀၀) ကို မဲဆန္ဒနယ်မြေ (၄၀၀) နှင့် ပါတီသီးသီးမှ တင်သွင်းသောအမတ်များထဲမှ ပြည်သူ့ဆန္ဒနှင့်အညီ ရွေးရွေးချယ်ရမည်ဖြစ်သည်။

ထိုင်းနိုင်ငံတွင် မဲပေးနိုင်သူအရေအတွက် (၄၅ ဒသမ၂) သန်းရှိပြီး မဲဆန္ဒရှင်များသည် ကိုယ်စားလှယ်များကို မကြိုက်လျှင် မဲမပေးခွင့်ရှိသည်၊ အစောပိုင်းတွင် တက္ကသိုလ် (၄၁) ခုမှ ကထိက (၆၀၀) ခန့်က မဲမပေးရေးအတွက် လူထုကိုတိုက်တွန်းခဲ့သည်။ ၎င်းတို့က မဲမပေးခြင်းသည် တက်ဆင်



ရွေးကောက်ပွဲနေ့တွင် ပြုံးရွှင်စွာ မဲပေးနေသော ဝန်ကြီးချုပ် သက်ဆင်

အာဏာအဆုံးသတ်ရေးနှင့် တက်ဆင်အာဏာပြန်ရလာလျှင် ဖြစ်ပေါ်လာမည့် တိုင်းပြည်အစိတ်စိတ်အမွှာမွှာ ဖြစ်လာမည့်အန္တရာယ်ကို ကာကွယ်ရန်အထိ နောက်ဆုံးနည်းလမ်းဖြစ်သည်ဟုဆိုသည်။

တက်ဆင်၏ ထိုင်းရတ်ထိုင်းပါတီသည် (၂၀၀၁) ခုနှစ် ရွေးကောက်ပွဲတွင် လွှတ်တော်၌ (၂၄၈) နေရာရခဲ့ပြီး၊ (၂၀၀၅) ခုနှစ်တွင် (၃၇၇) နေရာရခဲ့သည်။ တက်ဆင်သည် ၎င်း၏မိသားစုက ပြီးခဲ့သည့် ဇန်နဝါရီတွင် (Shin Crwp) ကုမ္ပဏီမှ ၎င်းတို့၏ ရှယ်ယာအားလုံးကို စင်ကာပူနိုင်ငံတို့ (၁ ဒသမ၉) ဘီလီယံနှင့် ရောင်းချခဲ့အပြီးတွင် ဝေဖန်ခံခဲ့ရပြီး၊ ရာထူးမှနုတ်ထွက်ပေးရေး တောင်းဆိုမှုများကြောင့် ဖေဖော်ဝါရီလက လွှတ်တော်ကိုဖျက်သိမ်းခဲ့သည်။

မစ္စတာတက်ဆင်က "ဒီရွေးကောက်ပွဲဟာ လောလောဆယ်မှာ (၂) ခြမ်းကွဲနေတဲ့ ထိုင်းနိုင်ငံရဲ့ ရှေ့လားရာနဲ့ပတ်သက်နေလို့ အရေးကြီးတဲ့ရွေးကောက်ပွဲဖြစ်တယ်။ ဒီမိုကရေစီကိုမြတ်နိုးသူတိုင်း ဝင်ရောက်မဲပေးဖို့တာဝန်ရှိတယ်"ဟုပြောဆိုပြီး၊ လူတိုင်းကို ရွေးကောက်ပွဲတွင် မဲပေးကြရန် တိုက်တွန်းလိုက်သည်။

အသက် (၂၀) အရွယ် တက္ကသိုလ်ကျောင်းသားတဦးက ရွေးကောက်ပွဲအပေါ် အယုံအကြည်မရှိသော်လည်း အတိုက်အခံများကိုထောက်ခံလိုသည့်အတွက် မဲပေးခြင်းဖြစ်သည်ဟုဆိုသည်။

"ဒီရွေးကောက်ပွဲဟာ ဘာမှအဓိပ္ပါယ်မရှိတဲ့ရွေးကောက်ပွဲပါ။ ဒါပေမယ့် မဲပေးခွင့်ရှိသူတယောက်အနေနဲ့ မဲပေးတဲ့အတွေ့အကြုံကို စမ်းသပ်ကြည့်တဲ့သဘောနဲ့မဲလာပေးတာပါ"ဟု သူကပြောသည်။

ဤအတောအတွင်း ထိုင်းနိုင်ငံတောင်ပိုင်း နရတီဝ ခရိုင်ရှိ မဲရုံသုံးခုအနီးတွင်မဲပေးအပြီး မိနစ်ပိုင်းအတွင်း ဗုံး (၃) လုံး ပေါက်ကွဲခဲ့ပြီး စစ်သား (၄) ဦးနှင့် ရဲအရာရှိတဦးသေဆုံးခဲ့သည်။ ဘန်ကောက်မြို့တော်တွင် ရွေးကောက်ပွဲဆန့်ကျင်သူများ၏ ဝန်ကြီးချုပ် တက်ဆင်ရာထူးမှဆင်းပေးရေးတောင်းသောလှုပ်ရှားမှုများ အရှိန်မပျက် ဆက်လက်ရှိဆဲဖြစ်သည်။



ရာထူးမှနုတ်ထွက်တော့မည့် သက်ဆင်

# သမတ ချန်ရွှေဗျန်း၏စတန့်ထွင်မှု ပြည်သူများကန့်ကွက်

ထောင်ပေါင်းများစွာသော ထိုင်ဝမ်လူထုသည် သမတ ချန်ရွှေဗျန်း၏ လွတ်လပ်ရေးလိုလားမှုကို စတန့်ထွင်မှုတရပ်အဖြစ် ဆန္ဒပြကန့်ကွက်ကြသည်။

မတ်လ (၁၈) ရက် လူထုစုရုံးပွဲ၌ မစ္စတာချန်းက "ထိုင်ဝမ်ပြည်သူတွေအတွက် တခုတည်းသောရွေးချယ်စရာလမ်းက နောက်ဆုံးပေါင်းစည်းရေးပဲဆိုတာ ဒီမိုကရေစီနည်းမကျတဲ့အတွက် ကျနော်တို့ဆန့်ကျင်တယ်။ ထိုင်ဝမ်ရဲ့အနာဂတ်ကို (၂၃) သန်းသော ထိုင်ဝမ်လူထုကသာ ဆုံးဖြတ်ပါလိမ့်မယ်"ဟု မစ္စတာချန်းက ပြောသည်။

အကယ်၍ ထိုင်ဝမ်က လွတ်လပ်ရေးတရားဝင်ကြေညာလျှင် အင်အားသုံးပိုင်ခွင့်ရှိသည်ဆိုသည့် ဥပဒေတရပ်ကိုတရုတ်က ယမန်နှစ်က အတည်ပြုခဲ့သည်။

အတိုက်အခံ အမျိုးသားရေးပါတီ (Nationalist Party) ၏ ဥက္ကဋ္ဌ မစ္စတာ (Ma Ying-jeou) က ပြည်သူလူထုကို ပြောကြားသည့်မိန့်ခွန်းတွင် တရုတ်နှင့်ဆက်ဆံရေးသည် ထိုင်ဝမ်လူထုအတွက် အရေးကြီးဆုံးပြဿနာမဟုတ်ကြောင်း၊ "လူတွေစိတ်အဝင်စားဆုံးက စီးပွားရေးပဲ။ အပုတ်နံ့ထွက်နေတဲ့ အကျင့်ပျက်ခြစားမှုတွေကို သေသေချာချာ စစ်ဆေးမှုတွေလုပ်မလား ဆိုတာတွေကိုပဲ"ဟုပြောသည်။

နှစ်နိုင်ငံအကြား ဒေါ်လာဘီလျံ ထောင်နှင့်ချီသည့် လက်နက်အရောင်းအဝယ်ကို သူ၏ပါတီက ကန့်ကွက်ရသည့်အကြောင်းကို ရှင်းလင်းရန် မစ္စတာ ( Ma Ying-jeou) သည်ဝါရှင်တန်သို့သွားခဲ့သည်။

အတိုက်အခံပါတီ မဟာမိတ်နှစ်ပါတီဖြစ်သည့် အတိုက်အခံအမျိုးသားရေးပါတီ (Nationalist Party ) နှင့် ပြည်သူပထမပါတီ ( People First Party) တို့က မစ္စတာချန်အစိုးရ၏ ဒေါ်လာ (၁၆) ဘီလျံ လက်နက်အရောင်းအဝယ်ကို လျှော့ချစေချင်သည်။

❖

# ၂၀၀၆ ခုနှစ်မှာ ထမင်းလုံးတစ္ဆေခြောက်ခြင်း

နအဖက မလေးရှားဝန်ကြီးကို ဘာတွေ ပြောလိုက်တယ်ဆိုတာ အတိအကျမသိရဘူး။ ဒါပေမယ့် နိုင်ငံတကာနဲ့ ပြည်တွင်းကလူထုကို သူတို့ပေးလိုက်တဲ့မက်ဆေ့ချ်ကတော့ ရှင်းနေတယ်။ ဘယ်သူ့ကိုမှ အလေးမထားဘူး။ အာဆီယံလည်း ဂရုမစိုက်ဘူး။ သူတို့ အခုလို မိုက်မိုက်ရိုင်းရိုင်းလုပ်တာဟာ သူတို့ သတ္တိရှိတာကို ဖော်ပြတာမဟုတ်ဘူး။ သူတို့တတွေ ကြပ်ပြေးကိုပြောင်းတာလိုပဲ ချောင်ထဲကို တိုးဝင်နေတာဖြစ်တယ်။ နိုင်ငံတကာအဝန်းအဝိုင်းနဲ့ ဝေးသထက်ဝေးရာကို ပြေးနေတာဖြစ်တယ်။ အထီးကျန်ဖြစ်သထက် ဖြစ်လာစရာပဲရှိတယ်။

ဒါနဲ့ပြောင်းပြန် တဘက်မှာကျတော့ သူတို့မျက်နှာလုပ်ချင်တဲ့နိုင်ငံတွေက ခေါင်းဆောင်တွေကို အမြီးနှံ့ပြီး မျက်နှာလုပ်နေတယ်။ အခု နောက်ဆုံးခြေလှမ်းက ဗိုလ်မောင်အေး ရုရှားကိုသွားမှာ။ လက်နက်ဝယ်မှာတဲ့။ ပြည်သူတွေ ငတ်နေပြတ်နေချိန်မှာ ဈေးကြီးလှတဲ့ ခေတ်မီလေယာဉ်ပျံတွေ တပ်ဆင်နေတယ်။ ပြည်တွင်းစစ်နဲ့ ကောင်းစားခဲ့၊ ကောင်းစားနေသူတွေမို့ အတိုက်အခံတွေကို ပြည်တွင်းစစ်နဲ့ပဲ စာရင်းရှင်းပစ်ဖို့ စဉ်းစားနေတာဖြစ်တယ်။

ဒီ (၂၀၀၆) ခုနှစ်ဟာ သမိုင်းမှာထူးခြားတဲ့ နှစ်တနှစ်ဖြစ်နိုင်တယ်ဆိုတာ နအဖရိပ်မိနေတယ်။ ဒီချုပ်က ကမ်းလှမ်းလိုက်တာဟာ အင်မတန်မှ အချိန်အခါနဲ့ကိုက်ညီတယ်။ ပြည်သူလူထုမျှော်လင့်ချက်နဲ့လည်း ကိုက်ညီတယ်။ ဒါကြောင့်လည်း ဒီကမ်းလှမ်းချက်နဲ့ ဒီအယူအဆဟာ လူထုထဲမှာရော၊ တပ်မတော်သားတွေအထဲမှာပါ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိသွားတယ်။ တပ်မတော်ထဲက တပ်မှူးတပ်သားတွေကို လှုံ့ဆော်လိုက်သလိုဖြစ်သွားတယ်။ နောက်ပြီး ဒီချုပ်ရဲ့ ဒီကမ်းလှမ်းချက်ဟာ နအဖအဖို့ လမ်းပြမြေပုံကိုဘေးချပြီး တခြားခြေလှမ်း လှမ်းရမလိုဖြစ်လာစေတယ်။ တပါတည်းမှာ ဒီနောက်က လူထုနဲ့နိုင်ငံတကာ့ဖိအားပါ ကပ်ပါလာတယ်။ ဒါကြောင့် နအဖဟာ ဒီချုပ်ကို သိပ်ဒေါပွတယ်။ ဒီလိုနဲ့ မလေးရှားဝန်ကြီးကို ဒေါ်အောင်ဆန်းစုကြည်ရော ဒီချုပ်ပါ ဗမာလူထုအကြား သြဇာမရှိဘူးလို့ ပြောလာတာပဲ။ ရှက်ရမ်းရမ်းတာလည်း ပါနိုင်တယ်။

ပြည်တွင်းရော ပြည်ပကပါ မတ်လ (၂၇) ရက်နေ့ကျရင် နအဖအစိုးရဟာ ဒီချုပ်ရဲ့ ကမ်းလှမ်းချက်နဲ့ပတ်သက်ပြီး တည့်တည့်ဖြစ်စေ၊ သွယ်ဝိုက်လို့ဖြစ်စေ၊ တခုခုတော့ပြောလိမ့်မယ်လို့ မျှော်လင့်ခဲ့ကြတယ်။ စစ်အစိုးရအနေနဲ့ ပြည်သူလူထုကို လေးစားတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းကို လေးစားတယ်ဆိုရင် အားလုံးကမျှော်လင့်နေတဲ့ကိစ္စနဲ့ ပတ်သက်ပြီး တုန့်ပြန်သင့်တယ်။ သူတို့မှာ တာဝန်လည်းရှိတယ်။ ဒါပေမယ့် ဗိုလ်သန်းရွှေပြောသွားတာမှာ ဘာမှအသစ်အဆန်း၊ တန်ဘိုးရှိတာ မပါဘူး။ သူတို့ခေါင်းမာတာကိုပဲ ထပ်ပြီး အတည်ပြု ပြောသွားတယ်။ သူတို့ဟာ ပြည်သူလူထုကို ပေယျာလကံလုပ်တဲ့သဘောထားရှိယုံမက သူတို့မှာ ဘာမှပြောစရာမရှိတာကိုလည်း တွေ့ရတယ်။

ဗမာပြည်ကို အနှစ် (၄၀) ကျော် အုပ်စိုးခဲ့တဲ့စစ်အုပ်စုအဆက်ဆက်ဟာ ကြွေးကြော်သံတွေသာ ပြောင်းမယ်။ အဓိကဦးတည်ချက်နဲ့ တိုက်ပွဲနည်းနာကတော့ မပြောင်းဘူး။ ဆိုရှယ်လစ်စကားပြောတယ်။ ဈေးကွက်စီးပွားရေး စကားပြောတယ်။ တရုတ်ကို ဆဲတယ်၊ အမေရိကန်ကိုဆဲတယ်။ ဒါပေမယ့် အဓိကဦးတည်ချက်ဟာ တိုင်းပြည်အာဏာကို စစ်အုပ်စုဆွေစဉ်မျိုးဆက် ရယူထားရေးနဲ့ ဒီအတွက် ပြည်တွင်းစစ်အပါအဝင် လူထုကိုဖိနှိပ်တဲ့ အမြင့်ဆုံးသဏ္ဍာန်တွေကို ကျင့်သုံးတယ်။ နိုင်ငံရေးအရ သူတို့ စစ်အာဏာရှင်စနစ်တည်ရှိတာဟာ ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် တရားတယ်ဆိုတာကို မတရားထူထောင်တာပဲ။

ဗိုလ်နေဝင်းဟာ (၁၉၄၈) ခုနှစ်၊ ပြည်တွင်းစစ်မဖြစ်မီကဆိုရင် သာမာန်စစ်အရာရှိတယောက်ပဲ။ အာဏာရအဝန်းအဝိုင်း ပြင်ပမှာပဲ မြင်းလောင်း၊ မိန်းမလိုက်နေတာ။ ဒီလိုနဲ့ ဖဆပလအတွင်း အချင်းချင်း တွန်းကြ တိုက်ကြ၊ သူ့လူကိုယ့်လူ မွေးကြရာကနေ ဗိုလ်နေဝင်းဟာ အာဏာအသိုင်းအဝိုင်းထဲကိုရောက်လာတယ်။ ရောက်မယ့်ရောက်တော့လည်း

စာမျက်နှာ (၁၉) ကော်လံ (၁) သို့…



◎

ဗမာပြည်ကို
အနှစ် (၄၀) ကျော်
အုပ်စိုးခဲ့တဲ့
စစ်အုပ်စုအဆက်ဆက်ဟာ
ကြွေးကြော်သံတွေသာ
ပြောင်းမယ်။
အဓိကဦးတည်ချက်နဲ့
တိုက်ပွဲနည်းနာကတော့
မပြောင်းဘူး။
ဆိုရှယ်လစ်စကားပြောတယ်။
ဈေးကွက်စီးပွားရေး
စကားပြောတယ်။
တရုတ်ကို ဆဲတယ်။
အမေရိကန်ကိုဆဲတယ်။
ဒါပေမယ့် …

◎

**ဗညြ**

# ရွှေ ဦး …. ….
# သစ်ပင်



၁

သဘာဝကိုက
မရွှေ့လျားနိုင်တဲ့ မေတ္တာတွေနဲ့
အရိပ်လိုတဲ့အခါ …. …. အရိပ်
အသီးလိုတဲ့အခါ …. ….အသီး
အခက်မချိုးဖို့
သူ့ညည်းတွားနေသံကိုလည်း
သွေးအေးအေးနဲ့ ငြင်းပယ်နေကြတယ်။

၁

ငှက်ကလေးတွေက
နားတလှည့်၊ ပျံတလှည့်
တဘဝလုံးကိုလည်း
ထိုးဆိတ်စားသောက်တယ်
တသက်လုံးအတွက်လည်း
သိုက်မြုံဖွဲ့ကြတယ်
လည်ပြန်လှည့်မကြည့်တဲ့
ဟောင်းရွက်ကြွေချိန်များဆို
ယောင်လို့တောင်လွမ်းရိပ်မသန်းခဲ့
သူ့မှာတော့ ရူးသွပ်စွာတမ်းတရင်း။

၁

ဒီမြေပေါ်မှာရှင်သန်တယ်
ဒီမြေပေါ်မှာ
သားသမီးတွေကိုမွေးဖွားတယ်
ဒီမြေမှာပဲ ခေါင်းချမယ်
ဘယ်တော့မှ
မဖောက်ပြန်နိုင်တဲ့ သူ့အချစ်တွေသာ
မမြင်နိုင်တဲ့
မြစ်ပင်လယ်တွေဆီကိုစီးလို့
မြပုရစ်ဖူးတွေက …. ….သက်သေ။

ကမာပုလဲ
၁၂ ၊ ၀၂ ၊ ၀၆

မျက်နှာဖုံးသတင်းမှ ...

ကိုဖီအာနန်၏ အထူးကိုယ်စားလှယ် မစ္စတာ ရာဇာလီအစ္စမေးသည် ယခုနှစ်ဆန်းပိုင်းက တာဝန်မှ နုတ်ထွက်ခဲ့ပြီး မကြာခင် တာဝန်သက်တမ်းကုန်ဆုံးတော့မည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာပင်ဟေးရိုးလည်း မြန်မာနိုင်ငံသို့ သွားရောက်ခွင့်မရသည့်အပေါ် စိတ်ပျက်လက်ပျက် ဖြစ်လျှက်ရှိသည်။

အဲန်အယ်လ်ဒီပြောခွင့်ရသူ ဦးလွင်က "မစ္စတာ အယ်လ်ဘာအနေနဲ့ အာဏာပိုင်တွေစီစဉ်တဲ့အတိုင်း လိုက်နာရုံကလွဲလို့ ဘာမ ရွေးချယ်ခွင့်မရှိတဲ့ အခြေအနေဆိုတာကို ကျနော်တို့နားလည်ပါတယ် " ဟုပြောသည်။

မြန်မာ့အရေးလှုပ်ရှားနေသော အာဆီယံလွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၏ အဖွဲ့ဝင်တဦးဖြစ်သူ မစ္စတာ လင်ကစ်ဆင်က မြန်မာ့ဒီမိုကရေစီရေးအတွက် အာဆီယံခေါင်းဆောင်များက စေလွှတ်လိုက်သော ကိုယ်စားလှယ်နှင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မရခြင်းသည် ကျိုးကြောင်းဆီလျော်ခြင်း မရှိဟုဆိုသည်။

မစ္စတာလင်က "နအဖကို ဒေသတွင်းမှာ လက်ခံထားဖို့ မသင့်တော့ဘူးဆိုတာကို အခုချိန်မှာ အာဆီယံခေါင်းဆောင်တွေ ရှင်းရှင်းလင်းလင်းသိဖို့လိုနေပြီ" ပြောဆိုလိုက်ပြီး အင်ဒိုနီးရှားနိုင်ငံတွင် ယခုလအတွင်း ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် (၁၉၉၇) ခုနှစ်က အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သော မြန်မာကို အဖွဲ့မှထုတ်ပစ်ရေးကိစ္စအပေါ် အလေးအနက်စဉ်းစားရန် တိုက်တွန်းလိုက်သည်။

အာဆီယံနိုင်ငံများအချင်းချင်းအကြားတွင် တနိုင်ငံ ပြည်တွင်းရေးကို တနိုင်ငံက ဝင်မစွက်ရေးပေါ်လစီ ချမှတ်ထားသော်လည်း အမေရိကန်နှင့် အီးယူနိုင်ငံများ၏ ဝေဖန်ဖိအားပေးမှုများကြောင့် အာဆီယံသည် မကြာခင်နှစ်များမှစ၍ မြန်မာနိုင်ငံအပေါ် ပိုမိုဖိအားပေးလာခဲ့သည်။

ကုလသမဂ္ဂဆိုင်ရာ ထိုင်းနိုင်ငံ သံတမန်တဦးဖြစ်ခဲ့သူ မစ္စတာ အက်ဒါဂျုရမ်နာမာ (Asda Juyanama) က "အာဆီယံ ကိုယ်စားလှယ်ကို နအဖက မြန်မာပြည် လာစေချင်တာမဟုတ်ဘူးဗျ။ မြန်မာကြောင့် သိက္ခာကျ၊ နာမည်ပျက်နေတဲ့ အာဆီယံက လူမြင်ကောင်းအောင် ဒီခရီးကို မဖြစ်အဖြစ် စီစဉ်ခဲ့ တာ"ဟုပြောသည်။

နအဖသည် သူတို့ကိုယ်တိုင် ကြေညာထားသော ဒီမိုကရေစီသို့လမ်းပြမြေပုံ၏ ပထမအဆင့်အဖြစ်၊ သူတို့ဖာသာ ရွေးချယ်ထားသော ကိုယ်စားလှယ်များ တက်ရောက်သော ညီလာခံကိုလည်း ယခုနှစ်ကုန်အထိ ရွှေ့ဆိုင်းထားခဲ့သဖြင့် ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက နအဖလုပ်ရပ်များအပေါ် သံသယတိုးပွားလာလျှက် ရှိသည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်အဖြစ် လူထုနှင့်နိုင်ငံတကာက လေးစားအသိအမှတ်ပြုထားသော ဒေါ်အောင်ဆန်းစုကြည်နှင့် (၁၉၉၀) ရွေးကောက်ပွဲတွင်အနိုင်ရထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါဝင်ခြင်းမရှိသော နအဖညီလာခံကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်ကလည်း အကြိမ်ကြိမ်ရှုံ့ချခဲ့သည်။

မြန်မာ့ ဒီမိုကရေစီခေါင်းဆောင်သည် လွန်ခဲ့သော (၁၆) နှစ်၏ (၁၀)နှစ် ကျော်ကာလကို နေအိမ်အကျယ်ချုပ်ဖြင့် အထိန်းသိမ်းခံခဲ့ရပြီး၊ ထပ်တိုးလိုက်သည့်နေအိမ်အကျယ်ချုပ်သက်တမ်း (၆) လလည်း လာမည့် ဇွန်လအတွင်း ပြည့်မြောက်မည်ဖြစ်သည်။

# ကြက်ဆူပင်အတင်းစိုက်ခိုင်းသဖြင့် ချင်းလူမျိုးများစိတ်ညစ်နေကြ

နအဖ၏ကြက်ဆူပင်စီမံကိန်းကြောင့် ချင်းလူမျိုးများ နိုင်ငံမှထွက်ပြေးရန် ဆန္ဒပြင်းပြနေကြကြောင်းစုံစမ်းသိရှိရသည်။

ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်တွင် တအိမ်လျှင် တကေနှုန်းဖြင့် ကြက်ဆူပင်များ အတင်းစိုက်ခိုင်းနေပြီး၊ မူလတန်းကျောင်းမှ အထက်တန်းကျောင်းအထိ တကျောင်းလျှင် တကေနှုန်းဖြင့် ဧကေါးသိန်း မစိုက်မနေရ စိုက်ခိုင်းနေကြောင်း ပြည်တွင်းမှလာသော သတင်းအရသိရှိရသည်။

ကြက်ဆူပင် မျိုးတပြည်လျှင် (၄၀၀၀) ကျပ်နှုန်းဖြင့်ရောင်းချနေပြီး၊ မျိုးအတွက် တအိမ်လျှင် ကျပ် (၁၂၀၀) ငွေများကို မပေးမနေရ ကောက်ခံလျက်ရှိကြောင်း သတင်းက ဆိုသည်။

ချင်းပြည်နယ်တွင် သစ်တောပြုန်းတီးမှုကြောင့် မိုးလေဝသခြေအနေမှာ ဆိုးရွားလျက်ရှိပြီး၊ ကုန်းဈေးနှုန်းများကြီးမြင့်နေသဖြင့် လယ်သမားများ တနေ့တခြား အတိဒုက္ခရောက်နေချိန်တွင် နအဖ၏ ကြက်ဆူပင်စီမံကိန်းကြောင့် ဒေသခံများအလွန် စိတ်ပျက်နေကြသည်ဟုဆိုသည်။

ထို့အပြင် နအဖအာဏာပိုင်များသည် ဖလမ်းမြို့နယ်အတွင်းရှိ အသက် (၁၈) နှစ်နှင့် (၆၉) နှစ်အကြားရှိသော အမျိုးသမီးများအား စာရင်းကောက်ခံ၍ အမျိုးသမီးအမျိုးသမီးရေးရာအဖွဲ့သို့ဝင်ရန် ဖိအားပေးလျက်ရှိကြောင်းသိရှိရသည်။❖

# နအဖတပ်သားများရမ်းကားမှုကြောင့် အပြစ်မဲ့အရပ်သားများသေဆုံး

အရပ်သား (၂) ဦးကို အကြောင်းမဲ့ ပစ်သတ်ခဲ့သောစစ်သားတဦးက ယင်း၏ အဖော်စစ်သားတဦးကိုပါ တချိန်ထဲတွင် ပစ်သတ်ခဲ့ပြီး ထိုရမ်းကားသော စစ်သားကိုလည်း ယင်း၏ဆရာတပ်ကြပ်ကြီးက အခင်းဖြစ်ပွားခဲ့သည့်နေရာတွင်ပင် ပစ်သတ်ခဲ့သောအမှု မွန်ပြည်နယ်တောင်ပိုင်း လမိုင်းမြို့နယ်အနီး မော့ကနင်ကျေးရွာတွင် ဖြစ်ပွားခဲ့သည်။

ဖေဖော်ဝါရီလ (၂၄) ရက်နေ့ညက မော့ကနင်အခြေစိုက် ခလရ (၁၀၆) မှ တပ်သား (၂) ဦးနှင့် ရွာခံလူငယ်များ ဘတ်စ်ကားဂိတ်အနီး အရက်ဆိုင်ဘေးတွင် အခြေအတင်စကားများပြီး၊ ထိုစစ်သား (၂) ဦးက တပ်သို့ပြန်ပြီး သေနတ်ယူကာ ပစ်ခတ်သဖြင့် အရပ်သားများ သေဆုံးရကြောင်း လွတ်လပ်သော မွန်သတင်းအေဂျင်စီ သတင်းအရ သိရှိရသည်။

ဒေသခံတဦးက "အဲဒီလိုအခင်းဖြစ်ပွားရင်း စစ်သား (၂) ယောက်က ဆိုင်ကယ်စီးလာတဲ့ရွာသား နှစ်ယောက်ကိုရပ်ခိုင်းပြီး သူတို့ကိုပို့ခိုင်းတယ်၊ ဆိုင်ကယ်သမားက မပို့ဘူး။ မပို့တော့ ဆိုင်ကယ်သမား (၂) ယောက်ကိုပစ်သတ်လိုက်တယ်။ နောက်တယောက်စစ်သားကပြောတယ်။ ဘာဖြစ်လို့ ရွာသား (၂) ယောက်ကို ပစ်သတ်လိုက်တာလဲ၊ အဲဒီပြောတဲ့သူကိုပါ အဲဒီစစ်သားက ပစ်လိုက်တယ်။ ပစ်လိုက်တော့ နောက်စစ်သားတယောက်ကလာပြီးတော့ ပစ်တဲ့ စစ်သားကိုပစ်လိုက်တယ်" ဟု ဒီဗွီဘီသို့ ပြောသည်။

မြစ်ကြီးနားတွင်လည်း စစ်သားက အရပ်သားများကို ပစ်ခတ်သော အမှုဖြစ်ပွားခဲ့သည်။

မြစ်ကြီးနား–ဆွမ်ပရာဘွမ် ကားလမ်းဖောက်လုပ်ရေးတွင် လုံခြုံရေးတာဝန်ကျနေသော မိုးညှင်းအခြေစိုက် ခလရ (၁၅) မှ တပ်သား အောင်နုသည် မတ်လ (၃) ရက်နေ့က ဆွမ်ပရာဘွမ်မြို့နယ် ဇနန်ကျေးရွာရှိ အိမ်တအိမ်တွင်အရက်မူးပြီး သေနတ်ဖြင့် အတွဲလိုက်ပစ်ခတ်မှုကြောင့် အိမ်ရှင် ဦးကန်နော်ဆန်း အပါအဝင် (၃) ဦး သေဆုံးသွားပြီး ထိုအိမ်ရှိ အမျိုးသမီးမဂျာနန်မှာ အိမ်ပေါ်မှ ခုန်ချထွက်ပြေးနိုင်သဖြင့် အသက်ဘေးမှလွတ်မြောက်သွားခဲ့ကြောင်း သိရသည်။ တပ်သားအောင်နုမှာ ထွက်ပြေးသွားပြီး ထိုအမှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာတပ်ရင်းမှ အရေးယူခြင်းရှိမရှိ မသိရသေးကြောင်း ဒေသခံတဦးကပြောသည်။

❖

စာမျက်နှာ (၁၈) ဗညြဆောင်းပါးမှ ...

ထိပ်ဆုံးကိုရောက်လာပြီး တပြည်လုံးကို ထင်သလိုလုပ်တော့တယ်။ ဖဆပလကွဲတယ်ဆိုတော့ သူ့အတွက် အခွင့်ကောင်းပေါ်တာပဲ။ သူတို့အပြောအရဆိုရင် သူတို့ရှိရာကို ဦးနုက ဖုတ်သွင်းရထားမောင်းလာတယ်။ ဗိုလ်နေဝင်းရဲ့သမိုင်းကို ပြန်ကြည့်လိုက်ရင် သူဟာ ဘယ်တုန်းကမှ သေနိုင်တဲ့စစ်မြေပြင်ကို မသွားခဲ့ဘူး။ ဒါ ဂျပန်ခေတ်ကတည်းကပဲ။ အခွင့်ကောင်းပေါ်တော့ ဘာစစ်တပ်မှမရှိတော့တဲ့ ရန်ကုန်မြို့ထဲဝင်ပြီး မြို့သိမ်းအမိန့်ကြေညာပြီး နာမည်ကောင်းယူလိုက်တာဟာ စံကျတဲ့ဗိုလ်နေဝင်းရဲ့ လုပ်ဟန်ပဲ။ အခုလည်းပဲ သေနတ်တချက်မဖောက်ရပဲ အာဏာရအောင် လုပ်နိုင်လိုက်တယ်။ (၆၂) ခုနှစ် အာဏာသိမ်းပွဲဟာ (၁၉၅၈) ခုနှစ် အာဏာသိမ်းပွဲနဲ့တဆက်တည်းပဲ။

ဗိုလ်နေဝင်းတသက်မှာ သူ ချီးမြှောက်ခဲ့သူတွေ ဝန်ကြီး၊ ဒုဝန်ကြီး၊ ဗိုလ်ချုပ်တွေ အနမတဂ္ဂပါ။ အလားတူပဲ သူဖြုတ်ပစ်၊ သူနှိပ်ကွပ်ပစ်ခဲ့တဲ့လူတွေလည်း ရာနဲ့ချီရှိပါတယ်။ အခု ဗိုလ်သန်းရွှေဟာလည်း ဗိုလ်နေဝင်းက တင်ခဲ့တဲ့စစ်ကဲတဦးပါ။ သူ အာဏာရှင်ဖြစ်လာတော့ ဗိုလ်နေဝင်းနဲ့ဘာထူးလဲ။ သူ့ဆရာရဲ့ခြေရာကို ဖဝါးခြေထပ်လိုက်တာပါပဲ။ သူ့ရဲ့ ဆယ်နှစ်လောက်အာဏာသက်တမ်းအတွင်းမှာပဲ သူမြှောက်စားခဲ့သူ၊ သူအရေးယူခဲ့တဲ့လူတွေ ဒုနဲ့ဒေးမဟုတ်လား။ ဒါဟာ အာဏာရှင်တွေချင်း တူညီတဲ့လုပ်ဟန်တခုပဲ။ တခုထူးတာက သူက ဗိုလ်နေဝင်းနဲ့ သူ့မိသားစုကိုပါ သမိုင်းကပျောက်ထွက်သွားအောင် လုပ်လိုက်တာပဲ။ အာဏာရှင်တွေဟာ ကျေးဇူးရှင်လို့ ဘယ်သူ့ကိုမှ အသိအမှတ်မပြုဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့။

ဗိုလ်နေဝင်းနဲ့မတူတာတခုက ဗိုလ်သန်းရွှေမှာ အားထားလောက်တဲ့ ထောက်လှမ်းရေးမရှိသေးဘူးဖြစ်နေတယ်။ နောက်ပြီး ကမ္ဘာ့အခင်းအကျင်းသစ်မှာ သူ့နိုင်ငံရေးအကျပ်အတည်းကလည်း ဗိုလ်နေဝင်းထက်ကြီးနေတယ်။ ဒီတော့ သူဟာ ဗိုလ်နေဝင်းထက်ပိုပြီး မိုက်မိုက်ရိုင်းရိုင်းတွေ လုပ်ရတယ်။ ဒီပဲယင်းလို လူသတ်ပွဲမျိုး၊ ကိုသက်နိုင်ဦးကိုသတ်တာမျိုးဟာ သူ့ရဲ့ အဲဒီအားနည်းချက်ကိုထင်ဟပ်နေတာ။ နောင်မှာ ဒါမျိုးတွေ၊ ဒါမှမဟုတ် ဒီထက်ဆိုးတာတွေ ဆက်ပေါ်စရာရှိနေတယ်။ ဒါပေမယ့် စစ်အုပ်စုအတွင်း သူ့ကိုယ်အပြစ်တင်၊ ကိုယ့်သူအပြစ်တင်ဆိုတာတွေလည်း အပြင်ကိုထွက်လာနေတယ်။ အပြင်ကိုထွက်မလာတဲ့ကိစ္စတွေက အပုံကြီးပိုများမှာ သေချာတယ်။

ဒါကြောင့်လည်းပဲ ဒီ (၂၀၀၆) ကိုကြောက်လို့ နအဖစစ်ဗိုလ်တွေ မဟားဒယားလုပ်နေတာ အများကြီးပဲ။ ရုတ်ရုတ် ရုတ်ရုတ်ဖြစ်လာရင် ဒီချုပ်ကလူတွေကို သတ်ပစ်ဖို့ စာရင်းလုပ်ခိုင်းတာ၊ နောက်ပြီး ဒီသတင်းကို အပြင်ပေါက်ကြားစေတာ၊ ကြပ်ပြေးကို ထွက်ပြေးတာတို့ တပ်တွေရွှေ့ပြောင်းတာတို့က တော့ အထူးပြောစရာတောင်မလိုဘူး။ အခုနောက်ဆုံးဝန်ထမ်းတွေကို သဘာဝမကျတဲ့ နှုန်းနဲ့ လစာတွေတိုးပေးတာကိုက ဝန်ထမ်းတွေ ဒီနှစ်အတွင်းမှာ ငြိမ်အောင်ချော့တာပဲ။ တကယ်လို့ လူထုအုံကြွမှုဖော်ထုတ်တယ်ဆိုရင် လစာနည်းတာကို အကြောင်းပြလို့မရအောင် လုပ်တာ။ သူတို့ကတော့ ဇွတ်တိုးလုပ်မယ့်ပုံ၊ တပြားသားမှ မလျှော့ဘူး။

ဒီအတိုင်းဆိုရင်'လူကြီးတွေကို တုတ်ကိုင်၊ မိန်းမနဲ့ကလေးတွေ အိမ်ပေါ်တက်နေကြ'လို့ လှုံ့ဆော်ရမယ့်အချိန်ကို ရောက်လာတော့မယ်။ မကြာဘူးထင်တယ်။❖

ဗညြ

Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
**ဇီဝမိုး**
**တာဝန်ခံအယ်ဒီတာ**
**နေသွင်**
**သတင်းအယ်ဒီတာ**
စောမင်းထိုက်ကျော်၊ ကျော်ဦးညို၊
ဘုန်းမြင့်၊ ခွာညို
စာမျက်နှာဖွဲ့စည်းမှု
စောဒီထူး၊ အောင်ထက်

မိုးကြိုး သတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံ့တုမှု
ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

စာမျက်နှာ (၁၄) ဆောင်းပါးမှ ...

(၂) အဆောင်များကို အစိုးရမှဆက်လက်စီစဉ်ပေးရေး၊

(၃) ကျောင်းဖွင့်ရက် ကြေညာပေးရေး တို့ကိုတောင်းဆိုခဲ့ကြသည်။

ကျောင်းသားခေါင်းဆောင်များ ထောင်ဒဏ် (၁၄) နှစ်ချမှတ်ခံခဲ့ရသည်။ တချို့ကို ဗိုလ်ချုပ်ခင်ညွှန့်ရာထူးမှ ဖယ်ရှားခံရပြီးသည့်နောက် ပြန်လွှတ်ပေးခဲ့သည်။

ကိုအောင်မြတ်သူသည် (၂၀၀၅ ) ခုနှစ်၊ ဂျူလိုင်လ (၆) ရက်တွင် ပြန်လည်လွတ်မြောက်လာသော်လည်း သူ၏သူငယ်ချင်းများဖြစ်သော အေးအေးအောင်၊ မျိုးမင်းဇော်၊ မျိုးမင်းထိုက်နှင့် ကြည်သာထွန်းတို့ ထောင်ထဲတွင် ယခုတိုင်ကျန်နေဆဲဖြစ်သည်။

"စစ်တပ်က မနက်ဖြန်ပဲ အာဏာလွှဲပေးလိုက်တယ်ထားဦး။ သွားရမဲ့ခရီးက အရှည်ကြီးဖြစ်တဲ့အတွက် ကျနော်ကိုယ့်ကိုကိုယ် အရင်ပြန်ပြီးတည်ဆောက်ရဦးမယ်"

"ကျောင်းသားတွေအနေနဲ့ ပညာရေးအပြောင်းအလဲကိုပဲ မဲသဲနေပြီးတော့ သွားနေမယ့်အစား နိုင်ငံရေးအပြောင်းအလဲဖြစ်မှ ပညာရေးအပြောင်းအလဲဖြစ်နိုင်မယ် ဆိုတာကို သိထားကြဖို့လိုတယ်ဗျ။ အဲဒါ ကျောင်းသားတွေမှာ အဓိကတွေ့ရတဲ့ ပြဿနာပဲ"ဟု သူကဆက်ပြောသည်။❖

ခွာညို

(၂၀၀၆၊ မတ်လ ၂၅ ရက်၊)

# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီက သတင်းစာရှင်းလင်းပွဲကျင်းပ




ထိုင်း–မြန်မာနယ်စပ်တနေရာတွင်ကျင်းပသော အဲန်စီယူဘီ၏ သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၆)

ပြည်သူလုထုကြားတွင် အဲန်အယ်လ်ဒီ အရေးပါမှုမရှိတော့ဟူသော နအဖ၏အခြေမမြစ်မရှိသောပြောဆိုချက်သည် အမှန်တရားကို အကြောက်တရားဖြင့် ငြင်းဆန်နေခြင်းသာဖြစ်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီက မတ်လ (၂၉) ရက်နေ့တွင် တုံ့ပြန်ပြောဆိုလိုက်သည်။

ထိုင်း – မြန်မာနယ်စပ်တနေရာတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ ခေါင်းဆောင်တဦးဖြစ်သူ ဖယ်ခုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခွန်မားကိုဘန်းက ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ခွန်ထွန်းဦးစသော ခေါင်းဆောင်များ၏ သြဇာသည် ပြည်သူလူထုအပေါ် သက်ရောက်မှုရှိနေသေးသည့်အတွက် နအဖသည် ထိုခေါင်းဆောင်များ ဆက်လက်ဖမ်းဆီးထားခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။

''အဲန်အယ်လ်ဒီနှင့် ပြည်သူလုထုဟာ တသဘောတည်းရှိပါတယ်။ တသားတည်းပဲရှိပါတယ်။ နအဖဟာ ဒီပြည်သူလုထုကို ကြောက်ပြီးတော့ ကယောင်ကတမ်းပြောတဲ့စကားပဲလို့ ကျနော်အဲ့လိုပဲမြင်တယ်။ ဘာကြောင့်လဲဆိုတော့ ပြည်သူလူထုကိုမကြောက်ဘူးဆိုရင် နောက်ပြီးတော့ ပြည်သူလူထုနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့၊ အဲန်အယ်လ်ဒီ တသားတည်းမရှိဘူးဆိုရင်၊ သူတို့ ဒေါ်အောင်ဆန်းစုကြည်တို့၊ ဦးတင်ဦးတို့ကို နေအိမ်မှာ အကျယ်ချုပ်ထားစရာမလိုပါဘူး။ နောက်ပြီးတော့ သူတို့ တိုင်းရင်းသားခေါင်းဆောင်များဖြစ်တဲ့ ခွန်ထွန်းဦးတို့၊ စိုင်းညွန့်လွင်တို့ ဗိုလ်ချုပ်ဆေထင်တို့ကို နှစ်ရှည်ထောင်ဒဏ်ရာနဲ့ ချုပ်ပြီး ချမှတ်စရာမလိုပါဘူး''ဟု ခွန်မားကိုဘန်းက သတင်းထောက်များကို ပြောဆိုခဲ့သည်။

ထိုသို့ ပြောဆိုနေသော်လည်း နအဖသည် အဖွဲ့ချုပ်ခေါင်းဆောင်များ ဖြစ်သော ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် ဦးဝင်းတင်တို့ကို ဖမ်းဆီးထားပြီး ပြည်နယ်တိုင်းနှင့် မြို့နယ်ရုံးများကို ဆက်လက်ပိတ်ခံထားဆဲဖြစ်သည်။

နအဖ၏ ဝါဒဖြန့်မှုနှင့်ပတ်သက်၍ ဝါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်းက ''ဒီလူတွေကပြောတာပဲ၊ ဒါဖြင့်ရင် ဒေါ်အောင်ဆန်းစုကြည်ကိုဖမ်းထားတာ တခါထဲလွှတ်ပေးလိုက်စမ်းပါလား။ သူ့ကို ဟိုဟိုဒီဒီ၊ ဟိုမြို့ဒီမြို့ သွားခွင့်ပေးပါလား။ ရန်ကုန်မြို့ထဲမှာ လျှောက်ပြီးတော့ တရားပွဲလေး တပွဲနှစ်ပွဲ ခွင့်ပြုလိုက်စမ်းကြည့်ပါလား''ဟု မေးခွန်းထုတ်သည်။

နအဖသည် ပြီးခဲ့သည်လက မြန်မာနိုင်ငံသို့လာရောက်ခဲ့သော အာဆီယံကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံခြားရေးဝန်ကြီးအား မြန်မာနိုင်ငံတွင် အဲန်အယ်လ်ဒီနှင့် ဒေါ်အောင်ဆန်းစုကြည်၏အခန်းကဏ္ဍပျောက်နေပြီဟု ပြောဆိုခဲ့သည်။

❖

# နအဖ၏ လုပ်ကြံသတ်ဖြတ်ရေးစီမံချက် အတိုက်အခံများကဖွင့်ချ

နအဖက ရန်ကုန်ရှိ နိုင်ငံခြားသံရုံးအချို့မှ သံတမန်များနှင့် သံရုံးဝန်ထမ်းများအပေါ် အကြမ်းဖက်ခြိမ်းခြောက်မှုများ အဆက်မပြတ်လုပ်ဆောင်ရန် ပြင်ဆင်ထားပြီး ဒီမိုကရေစီအရေးလှုပ်ရှားသူ ခေါင်းဆောင်များကိုလည်း လုပ်ကြံသတ်ဖြတ်ရန်စီစဉ်နေသည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီက မတ်လ (၂၉)ရက်၊ နေ့စွဲဖြင့် သတင်းထုတ်ပြန်လိုက်သည်။

''ကျနော်တို့ လုံခြုံရေးတပ်ဖွဲ့အတွင်းက ရတဲ့သတင်းတွေအရလည်း အထူးသဖြင့် အနောက်နိုင်ငံ သံရုံးတချို့ကို ပြည်တွင်းမှာ လှုပ်လှုပ်ရှားရှား၊ လူထုအုံကြွမှုသော်လည်းကောင်း တခုခုပေါ်ပေါက်လာလို့ရှိရင် သူတို့ သံရုံးတွေရဲ့လုံခြုံရေးကို ထိပါးနိုင်တယ်ဆိုတာ ပြသဖို့လိုတယ်။ အဲ့ဒီလုံခြုံရေးကို တာဝန်ခံနိုင်တာကလည်း နအဖ တာဝန်ရှိတဲ့လူတွေသာဖြစ်တယ်ဆိုတာကို သူတို့ပြသဖို့ရည်ရွယ်ပြီးတော့ ပြင်ဆင်ထားတယ်ဆိုတာ ကျနော်တို့သိရပါတယ်''ဟုပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအဖွဲ့ဝင် ကိုကျော်ကျော်က ပြောသည်။

ထိုကိစ္စနှင့်ပတ်သက်၍ အဲန်စီယူဘီက မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားသံရုံးများသို့ အကြောင်းကြားထားပြီးဖြစ်သည်ဟု ကိုကျော်ကျော်ကဆိုသည်။

နအဖသည် ဒေါ်အောင်ဆန်းစုကြည်၊ အဲန်အယ်လ်ဒီခေါင်းဆောင်များ၊ ကျောင်းသားခေါင်းဆောင်များနှင့် နိုင်ငံရေးတက်ကြွသူ (၁,၂၂၁) ဦးကိုလည်း စာရင်းပြုစုထားပြီး၊ တချို့ကို လုပ်ကြံသတ်ဖြတ်ရန်နှင့် တချို့ကို ပြန်လည်ဖမ်းဆီးရန် ပြင်ဆင်နေသည် အဲန်စီယူဘီကဆိုသည်။

(၂၀၀၅) ခုနှစ်အတွင်း နိုင်ငံရေးလှုပ်ရှားသူ (၁၁၄) ဦး အဖမ်းခံခဲ့ရပြီး၊ (၆၈)မှာ မတရားထောင်ဒဏ်ချမှတ်ခံခဲ့သည်။

ထို့အပြင် နအဖသည် နယ်စပ်ဒေသရှိ တိုင်းရင်းသားခေါင်းဆောင်တချို့နှင့် ဒီမိုကရေစီအဖွဲ့အစည်းများမှ ခေါင်းဆောင်တချို့ကို လုပ်ကြံသတ်ဖြတ်ရန်အတွက် သီးခြားအဖွဲ့ (၁၂) ဖွဲ့စေလွှတ်ထားကြောင်းကိုလည်း ကိုကျော်ကျော်က အတည်ပြုပြောပြခဲ့သည်။

မတ်လ (၁၉) ရက်နေ့က (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်ကို အမည်မသိသူတဦးက အန္တရာယ်ပေးရန်ကြိုးစားခဲ့ပြီး၊ ထိုနေ့တွင်ပင် မန္တလေးမှ နိုင်ငံရေးလှုပ်ရှားသူ ကိုမြအေးကို နံပါတ်ပြားမပါသောကားတစီးက ဝင်တိုက်ရန်ကြိုပမ်းခဲ့မှုများဖြစ်ပွားခဲ့သည်။

မတ်လ (၁၇) နေ့ညက နိုင်ငံရေးအကျဉ်းသားဟောင်း ကိုသက်နိုင်ဦးကို နအဖလက်ပါးစေအဖွဲ့များက လူမြင်ကွင်းတွင် ရက်ရက်စက်စက်သတ်ဖြတ်လိုက်သည့်ကိစ္စကိုလည်း ကြိုတင်ကြံစည်မှုအဖြစ် မိသားစုနှင့်နီးစပ်သူများကသုံးသပ် ပြောဆိုသည်။



ကိုကျော်ကျော်

နအဖ၏ လက်ရဲဇက်ရဲသတ်ဖြတ်မှုများကြောင့် ယမန်နှစ်က ဒီမိုကရေစီလှုပ်ရှားသူ (၁၁) ဦးသည် စစ်ကြောရေးစခန်းများနှင့် လူမြင်ကွင်းများတွင် အသက်ပျောက်ခဲ့ရသည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ ❖

# ဝန်ထမ်းလစာတိုးလိုက်သဖြင့် ရွှေဈေး၊ ငွေဈေးထိုးတက်



အစိုးရဝန်ထမ်းများ၏လစာကို ဧပြီလမှစ၍ ယခင်လစာ၏ (၅) ဆမှ (၁၁) ဆအထိ တိုးပေးမည်ဟု နအဖပြန်ကြားရေးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ပြောသည်။ (၆၁) နှစ်မြောက်တော်လှန်ရေး နေ့အခမ်းအနားကျင်းပရန်မြို့တော်သစ်ကြပ်ပြေးသို့ရောက်ရှိနေစဉ်ယခုကဲ့သို့ပြောဆိုလိုက်ခြင်းဖြစ်သည်။ လက်ရှိသာမန်ဝန်ထမ်းတဦး၏လစာမှာ (၃,၅၀၀) ကျပ်ဖြစ်ပြီး၊ ညွှန်ကြားရေးမှူးတဦး၏လစာမှာ (၁၆၀,၀၀၀) ကျပ်ဖြစ်သည်။ လစာတိုးလိုက်ခြင်းကြောင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏လစာမှာကျပ် (၁၂) သိန်းအထိဖြစ်သွားသည်ဟု သတင်းများကဆိုသည်။

မတ်လ (၂၄) ရက်နေ့ကထုတ်ပြန်သော စစ်ရုံးချုပ်၏ကြေညာချက်တွင် ဧပြီလ (၁) ရက်နေ့တွင် စတင်မည့် လစာသစ်နှုန်းထားများကို ဖော်ပြထားပြီး၊ ဒု–ဗိုလ်ချုပ်မှူးကြီး (၁၀) သိန်း၊ ဗိုလ်ချုပ်ကြီး (၈) သိန်း၊ ဒုဗိုလ်ချုပ်ကြီး (၆) သိန်း၊ ဗိုလ်ချုပ် (၄) သိန်း၊ ဗိုလ်မှူးချုပ် (၃) သိန်း၊ ဗိုလ်မှူးကြီး (၂) သိန်း၊ ဗိုလ်ကြီး တသိန်းလေးသောင်းနှင့် တပ်သားသစ်ကို လစာတသောင်းခွဲသတ်မှတ်ထားကြောင်း သတင်းကဆိုသည်။

ဗိုလ်ချုပ်မှူးကြီး၏ ယခင်လစာမှာ ကျပ်ငွေ (၂) သိန်း၊ ဒုဗိုလ်ချုပ်မှူးကြီး (တသိန်းရှစ်သောင်း)၊ ဗိုလ်ချုပ်ကြီး (တသိန်း ခွဲ)၊ ဒုတိယဗိုလ်ချုပ်ကြီး (တသိန်းနှစ်သောင်း) နှင့် ဗိုလ်ချုပ် (တသိန်း) ဖြစ်ပြီးသာမန်တပ်သား၏လစာမှာကျပ်ငွေ (၃) ထောင်ဖြစ် ကြောင်း သိရှိရသည်။ လစာတိုးမည့်သတင်းကြောင့် ရွှေတကျပ်သား (၃၈၅,၀၀၀) မှ (၄) သိန်းကျော်၊ တဒေါ်လာ (၁,၁၅၀) မှ (၁,၂၈၀) ကျပ်နှင့် လောင်စာဆီ တဂါလံ (၃,၀၀၀) မှ (၃,၅၀၀) အထိ ထိုးတက်သွားသည်။ ❖

# ကြပ်ပြေးကိုနေပြည်တော်ဟု ခေါ်တွင်စေမည်

နအဖသတင်းစာများတွင် မတ်လ (၂၂) ရက်နေ့မှစ၍ ပျဉ်းမနားကို 'နေပြည်တော်' ဟု စတင်သုံးစွဲသည်။

ယခင်က နအဖပိုင် ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် ပျဉ်းမနားဟု ဖော်ပြနေရာမှ မတ်လ (၂၂) ရက်နေ့က ထုတ်ပြန်သော မိုးလေဝသကြေညာချက်တွင် ပျဉ်းမနားနှင့်အနီးတဝိုက်ကို 'နေပြည်တော်နှင့် အနီးတဝိုက်'ဟု စတင်သုံးစွဲသည်။

မတ်လ (၂၇) တော်လှန်ရေးနေ့အကြောင်း ရေးသားထားသော အေပီသတင်းတပုဒ်တွင်လည်း ယခင်က'ရန်ကုန်'ဟု ဖော်ပြသောနေရာတွင်'နေပြည်တော်'ဟု ပြောင်းလဲ ဖော်ပြခဲ့သည်။

နအဖသည် ပြီးခဲ့သည်နိုဝင်ဘာ (၇) ရက်နေ့က မြို့တော်ကို ရန်ကုန်မှ မြောက်ဘက် မိုင် (၂၀၀) ကျော်ဝေးသော ပျဉ်းမနား ကြပ်ပြေးအရပ်သို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ကြပ်ပြေးနေပြည်တော်၏ မြို့တော်ဝန်အဖြစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးဝန်ကြီး၊ ဗိုလ်မှူးကြီး သိန်းညွှန့်ကိုခန့်အပ်လိုက်ပြီး (၆၁) နှစ်မြောက် တော်လှန်ရေးနေ့ အခမ်းအနားကိုလည်း ကြပ်ပြေးအရပ်တွင် ပြောင်းရွှေ့ကျင်းပခဲ့သည်။

မြန်မာ့လေကြောင်းလိုင်းသည် ရန်ကုန်နှင့်ပျဉ်းမနား (အေလာ) လေယာဉ်ခရီးစဉ်ကို ဒီဇင်ဘာလကတည်းက စတင်ပျံသန်းပြေးဆွဲခဲ့ပြီး၊ ပုဂ္ဂလိကပိုင်လေကြောင်းလိုင်းဖြစ်သော အဲယားပုဂံလေယာဉ်ခရီးစဉ်များလည်း မတ်လဆန်းကစ၍ ပြေးဆွဲလျက်ရှိသည်။

မြို့တော်ဟောင်းနှင့် မြို့တော်သစ်ကို ပြေးဆွဲသောကားနှင့် ရထားခရီးစဉ်များလည်း ယမန်နှစ် နိုဝင်ဘာနှင့်ဒီဇင်ဘာကတည်းက စတင်ခဲ့သည်။

နအဖ၏ ဝန်ကြီးဌာန (၃၄) ခုလည်း ပျဉ်းမနားတွင် ရုံးစိုက်ထားပြီဖြစ်သဖြင့် ယခုအခါ နအဖဝန်ကြီးများအားလုံး ပျဉ်းမနား ကြပ်ပြေးသို့ ပြောင်းရွှေ့နေထိုင်နေကြသည်။

❖